ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် မှစ၍ ထုတ်ဝေသော သတင်းစာ
Established in 1957

သူတော်ကောင်းထံချဉ်းကပ်

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ- ၂၀၈)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ စနေနေ့။ Saturday, 25 July 2020 ၁၀၀၈၄

ရန်ကုန်မြို့တော် ရေဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ချေးငွေရယူရေး လွှတ်တော်က အတည်ပြု

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၂၄

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ရန်ကုန်မြို့တော် ရေဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ချေးငွေရယူရေးကိစ္စနှင့် မြန်မာနိုင်ငံနှင့် နီကာရာဂွါသမ္မတနိုင်ငံတို့ အကြား သံတမန် အဆက်အသွယ်ထူထောင်နိုင်ရေးကိစ္စတို့ကို လွှတ်တော်က အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးများကို စစ်ဘက် မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ဗိုလ်မှူးကြီးဝင်းတင်စိုးအား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ဗိုလ်မှူးကြီးဝင်းတင့်အား လည်းကောင်း ခန့်အပ်တာဝန်ပေးခြင်းကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့သော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးသန်းစိုး(ခေါ်) သန်းစိုး(ဘောဂဗေဒ)က အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၈/၂၀၂၀)ကို ဖတ်ကြားတင်ပြ၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍

စာမျက်နှာ ၃ ကော်လံ ၁ သို့ »»

ကြေးမုံ ယနေ့ ဖတ်စရာ

ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ

ဆောင်းပါး စာမျက်နှာ » ၆

မြန်မာနိုင်ငံအပေါ် စီးပွားရေးကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ရန် ဘင်္ဂလားဒေ့ရှ် တောင်းဆိုချက်အား နိုင်ငံခြားရေးဝန်ကြီးဌာန ကန့်ကွက်

စာမျက်နှာ » ၉

ကြေးမုံ

ပညာလိုစွဲလုံ့လမလျှော့ အားထုတ်ကြိုးပမ်း

အခြေခံပညာအထက်တန်းအဆင့်သင်ကျောင်းများကို ဖွင့်လှစ်ပေးလိုက်ပြီ ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် အထက်တန်းကျောင်း ၇၁၇၃ ကျောင်းရှိသည့်အနက် ကျန်းမာရေးဆန်းစစ်မှုပြုလုပ်ပြီး ဖွင့်လှစ်ခွင့်ပေးခဲ့သည့်ကျောင်းပေါင်းမှာ ၃၉၉၉ ကျောင်း ရှိသည်။ ကျောင်းတက်ရက်ကို တစ်ပတ်ခြားစီစဉ်ထားရာ ယခုအပတ်တွင် ကျောင်းအပ်နှံထားသူတစ်ဝက် တက်ရောက်နိုင်ပြီး နောက်အပတ်တွင် ကျန်တစ်ဝက်တက်ရောက်နိုင်တော့မည် ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "နိုင်ငံတိုးတက်ရေးအတွက် မိမိတို့လူငယ်တွေ ပညာလမ်းဆက်လျှောက်နိုင်ဖို့ ခြေလှမ်းတွေမပျက်အောင် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ မိဘ၊ အစိုးရ အားလုံးဝိုင်းပြီး ရုန်းရမဲ့အချိန်ပါ၊ အင်အားတွေဖြည့်ကြပါ" ဟု ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ဇူလိုင်လ ၂၂ ရက်နေ့က ရေးသားဖော်ပြတိုက်တွန်းအားပေးခဲ့သည်။ နိုင်ငံတိုးတက်ရေးတွင် လူငယ်လူရွယ်များ ပညာဆည်းပူးရှာဖွေနိုင်ရေးသည် အရေးကြီးသောအချက်ဖြစ်၍ ကိုဗစ်-၁၉ ကြောင့် အကန့်အသတ်၊ အခက်အခဲများရှိသည့်ကြားမှ ပညာသင်ကြားဆည်းပူးနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်သည်။

ပညာရှာရေး၌ အခက်အခဲများ ကြုံတွေ့နေရချိန်တွင် မဟာဇနကဇာတ်တော်မှ "ဝါယမေထေဝ ပုရိသော၊ နနိဗ္ဗိန္ဒေယျ ပဏ္ဍိတော" တရားအရ ပဏ္ဍိတော ပညာရှိဖြစ်လိုသော၊ ပုရိသောယောကျ်ားကောင်းသည်၊ ဝါယမေထေဝ အောင့်ကာသည်းခံ ဖွဲ့ထက်သန်လျက် ကြံဖန်ကြိုးကုတ် အားထုတ်လုပ်ကိုင်ရာသည်သာလျှင်တည်း။ နနိဗ္ဗိန္ဒေယျ ငြီးငွေ့တွန့်ဆုတ်အားမထုတ်ဘဲ ကုတ်၍မနေရာဟု ဆိုသကဲ့သို့ ပညာကိုအလိုရှိကုန်သော အမျိုးကောင်းသားတို့သည် အခက်အခဲမည်သို့ပင်ရှိသည်ဖြစ်စေ ဖွဲ့လုံ့လဝီရိယဖြင့် မဖြစ်မနေ၊ မရမနေ ဆည်းပူးအားထုတ်ကြိုးပမ်းရမည် ဖြစ်သည်။

ကိုဗစ်-၁၉ ကာလတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရန်အတွက် ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရာ၌ ကျောင်းအခြေအနေအပေါ်မူတည်၍ လိုအပ်ချက်များ ပြည့်စုံသောကျောင်း၊ မပြည့်စုံသောကျောင်း ရှိပေလိမ့်မည်။ ကျောင်းများအားလုံးဖွင့်လှစ်နိုင်ရေးတွင် ကျောင်းတွင် ပိုးသတ်ဆေးသန့်စင်မှု ပြည့်စုံစွာမဆောင်ရွက်နိုင်သေးခြင်း၊ လက်ဆေးရန်နေရာ၊ အဖုံးပါခြေနင်းအမှိုက်ပုံး စသည်တို့ မပြည့်စုံသေးသောကျောင်းများမှာ ဖွင့်လှစ်နိုင်ခြင်းမရှိသေးရာ ထိုကျောင်းများကိုလည်း ဆောလျင်စွာဖြည့်ဆည်းပေးပြီး ဆက်လက်ကျောင်းဖွင့်နိုင်မည်ဖြစ်သည်။

အခြေခံပညာကျောင်းများသည် နုနယ်သောစာသင်သားများ စုဝေးရာနေရာဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အလျှင်းမဖြစ်ပေါ်စေရန် အခြားနေရာများနှင့်မတူ ပိုမိုစနစ်တကျဖြစ်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို သိရှိနားလည်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လေ့လာဆန်းစစ်သုတေသနပြုမှုများအရ ပြည်သူများအနေဖြင့် ရောဂါဖြစ်ပွားမှု၊ ကူးစက်မှုအန္တရာယ်နှင့် ရောဂါကာကွယ်နိုင်မည့်နည်းလမ်းများနှင့်ပတ်သက်၍ ဗဟုသုတနည်းပါးနေသေးသည်ကို တွေ့ရသည်။ ထို့ကြောင့် မဖြစ်မီက ကြိုတင်ကာကွယ်သည့်နည်းလမ်းဖြင့် လိုက်နာရမည့်အချက်များကို အလေးထားဆောင်ရွက်စေရန် နှိုးဆော်တိုက်တွန်း လုပ်ဆောင်နေစေခြင်းဖြစ်သည်။

အဓိကအချက်မှာ လူစုလူဝေးဖြစ်နိုင်သည့်နေရာများတွင် တိတိကျကျ လိုက်နာစေလိုရင်းဖြစ်ပြီး ရောဂါ၏ သဘောသဘာဝ၊ ဖြစ်ပွားကူးစက်တတ်သည့် ပုံသဏ္ဌာန်တို့အပါအဝင် ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်တို့နှင့် လိုက်လျောညီထွေဖြစ်စေရန် အလိုက်သင့်တုံ့ပြန်ဆောင်ရွက်ခြင်းကို အလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။ အခြေခံပညာကျောင်းများသည် ကျောင်းသား ကျောင်းသူအများအပြား နေ့စဉ်နှင့်အမျှ စုဝေးတက်ရောက်ရာနေရာဖြစ်၍ ကပ်ရောဂါကို လက်ရှိအတိုင်းအတာတစ်ခုအထိ အောင်မြင်စွာဟန့်တားထားနိုင်မှုကို ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် တာဝန်ရှိသူများနှင့်အတူ အားလုံးအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် လက်ရှိတွင် အခက်အခဲများရှိနေသော်လည်း စနစ်တကျ လက်တွဲညီညီဆောင်ရွက်နိုင်ကြလျှင် နောင်တစ်ချိန်တွင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိသွားမည် ဖြစ်သည်။

သို့ဖြစ်ရာ လက်ရှိကာလတွင် အခက်အခဲများကြားမှ သတ်မှတ်ချက်များကို ကြိုးစားလုပ်ကိုင်ရုန်းကန်ဆောင်ရွက်ရင်း မိမိတို့ဘဝတိုးတက်ရေး၊ မိမိနိုင်ငံတိုးတက်ရေးအတွက် ပညာရေးကို မျက်ခြည်ပြတ်မခံ ရုန်းကန်ကျော်လွှား ကြိုးစားရမည်ဖြစ်သည်။ ရရှိလာသည့်အခွင့်အရေးများကို လက်လွှတ်မခံဘဲ အပတ်တကုတ် သင်ကြား၊ သင်ယူလေ့လာဆည်းပူးသွားကြရမည် ဖြစ်သည်။ သို့မှသာ ခက်ခက်ခဲခဲရှာဖွေရသည့်ပညာသည် ပိုမိုတန်ဖိုးရှိသကဲ့သို့ ပညာပြည့်ဝနှလုံးလှသည့် အမျိုးကောင်းသားသမီးများ ထိုက်ထိုက်တန်တန် ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း။ ။

ဒိန်းမတ်သံရုံးက ငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ အဝတ်နှာခေါင်းစည်း ၅၀၀၀၀ လှူဒါန်း



ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ အဝတ်နှာခေါင်းစည်း ၅၀၀၀၀ လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော် အစည်းအဝေးခန်းမ (၄) ၌ ပြုလုပ်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော် ဒုတိယမြို့တော်ဝန် ဦးစိုးလွင်၊ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး မစ္စတာ ဂျွန်နေလ်စင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ ဒိန်းမတ်သံရုံးမှ တာဝန်ရှိသူများ၊ နှာခေါင်းစည်း ချုပ်လုပ်ပေးသော မြန်မာအထည်ချုပ်စက်ရုံကိုးခုမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်ထံသို့ ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ အဝတ်နှာခေါင်းစည်း ၅၀၀၀၀ ကို လွှဲပြောင်းပေးအပ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဒိန်းမတ်သံအမတ်ကြီးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လှူဒါန်း

ဒိန်းမတ်အစိုးရသည် မြန်မာနိုင်ငံရှိ စီးပွားရေးကဏ္ဍများထဲမှ အထည်ချုပ်ကဏ္ဍတွင် လုပ်ကိုင်လျက်ရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများ ကူညီမှုအနေဖြင့် မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်း ကိုးခုမှ ငွေကျပ်သိန်း ၈၀၀၀ တန်ဖိုးရှိ အဝတ်နှာခေါင်းစည်း ၁၃၃၃၃၃၂ ခုကို မှာယူခဲ့ကြောင်း၊ ရန်ကုန်စည်ပင်သို့ ယခုလှူဒါန်းပြီး ကျန်ရှိ နှာခေါင်းစည်းများကိုလည်း မြန်မာနိုင်ငံတစ်ဝန်း လိုအပ်သောနေရာများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ယခုလှူဒါန်းမှုသည် ဒိန်းမတ်နိုင်ငံ၏ ဖွံ့ဖြိုးမှုအထောက်အပံ့ လုပ်ငန်းတစ်ခုဖြစ်သည့် Responsible Business Fund (RBF)Myanmar မှတစ်ဆင့် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

မြင့်မောင်စိုး

MYANMAR Digital News
Presented by MPI
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄-၇-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀,၅၀၀	၁၀,၅၀၀	၅၂၇	၅,၅၃၃,၅၀၀
MTSH	၃,၈၀၀	၃,၈၀၀	၅၁၉	၁,၉၆၉,၇၀၀
MCB	၈,၀၀၀	၈,၀၀၀	၀	၀
FPB	၂၁,၅၀၀	၂၂,၀၀၀	၁၁၃	၂,၄၃၁,၀၀၀
TMH	၂,၇၅၀	၂,၇၅၀	၁၀	၂၇,၅၀၀
EFR	၂,၇၀၀	၂,၈၀၀	၆၅၇	၁,၈၃၃,၉၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၄

ရန်ကုန်(ရွှေဈေး) ၁၂၇၉၀၀၀ မန္တလေး(ရွှေဈေး) ၁၂၇၉၀၀၀

စက်သုံးဆီအမျိုးအစား		ရန်ကုန်	မန္တလေး
(က) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၅၀/၅၉၀ ကျပ်	၅၈၅/၆၀၅ ကျပ်
(ခ) ဒီဇယ်	တစ်လီတာ	၅၄၀/၅၇၀ ကျပ်	၅၇၀/၅၉၀ ကျပ်
(ဂ) အောက်တိန်း ၉၅	တစ်လီတာ	၆၁၅/၆၃၀ ကျပ်	၆၇၅/၇၀၀ ကျပ်
(ဃ) အောက်တိန်း ၉၂	တစ်လီတာ	၄၈၀/၅၂၀ ကျပ်	၅၅၀/၅၇၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ်	တစ်လီတာ	၄၉၀/၅၀၅ ကျပ်
အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၀၀/၅၁၅ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၄၆၀/၄၇၀ ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၇၀.၄
(ခ) ဥရောပ	တစ်ယူရို	=	၁၅၈၉.၅
(ဂ) တရုတ်	တစ်ယွမ်	=	၁၉၅.၃၂
(ဃ) ထိုင်း	တစ်ဘတ်	=	၄၃.၂၂၃
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၂၁.၄၃
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၈.၃၁၅
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၇၀.၀၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၉၈၈.၉၀
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၂၈၈.၄
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၃.၉၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

»» ရှေ့ဖုံးမှ

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ နည်းဥပဒေခွဲ (ဃ) (င)တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆွေးနွေးလိုသည့်ဌာန၊ အဖွဲ့အစည်းကိုဖော်ပြ၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဩဂုတ် ၄ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးကျော်တင့်က အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၉/၂၀၂၀)ကို ဖတ်ကြားတင်ပြ၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ နည်းဥပဒေခွဲ (ဃ) (င)တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆွေးနွေးလိုသည့် ဌာန၊ အဖွဲ့အစည်းကို ဖော်ပြ၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဩဂုတ် ၄ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ မြန်မာနိုင်ငံ၏ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်ခြင်းကြောင့် ယခုအစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လနှင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တို့အတွက် စုစုပေါင်း တစ်နှစ်နှင့် ခြောက်လစာ ပြုစု၍ တင်ပြရခြင်းဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း ချေးငွေပေးအပ်သည့် နိုင်ငံ/အဖွဲ့အစည်း သုံးခုထံမှ ချေးငွေစီမံကိန်း သုံးခုအတွက် ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၁၁၁ ဒသမ ၂၅၅ သန်းစာချုပ် ချုပ်ခဲ့ပါကြောင်း၊ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ချေးငွေပေးအပ်သည့် နိုင်ငံ/အဖွဲ့အစည်း လေးခုထံမှ ချေးငွေ စီမံကိန်း ခုနစ်ခုအတွက် ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၇၃၁ ဒသမ ၃၄၆ သန်း စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊ နိုင်ငံ/အဖွဲ့အစည်းအလိုက် ပြည်ပချေးငွေ ထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှု အခြေအနေတွင် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တို့တွင် ချေးငွေအများဆုံးထုတ်ယူခဲ့မှုမှာ JICA ထံမှဖြစ်ပြီး ချေးငွေအများဆုံး ပြန်လည်ပေးဆပ်ခဲ့ရမှုမှာ တရုတ်နိုင်ငံသို့ ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာနှင့်အညီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ပကြွေးမြီခံနိုင်ရည်ရှိမှုကို ထိန်းသိမ်းလျက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များကို အထောက်အကူဖြစ်စေမည့် စီမံကိန်း/ လုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နှစ်နိုင်ငံအစိုးရတို့အကြား ပေးအပ်လာသည့် သက်သာသောချေးငွေများကိုသာ စိစစ်သုံးသပ်၍ ရယူခဲ့ပါကြောင်း။

ပြည်ပချေးငွေရယူခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံခြား ငွေကြေးအမျိုးအစားကြောင့် ဆုံးရှုံးနိုင်ခြေ၊ ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ရန် နိုင်ငံ၏ နိုင်ငံခြားငွေ အရန်ငွေအခြေအနေပေါ်မူတည်သုံးသပ်၍ ရယူခြင်း၊ စီးဝင်သည့် နိုင်ငံခြားငွေအမျိုးအစားနှင့် ပြန်လည်ပေးဆပ်ရမည့် ငွေအမျိုးအစားတို့ကို အနီးစပ်ဆုံးဖြစ်စေရန် ထိန်းညှိခြင်း၊ ချေးငွေမှ ရရှိသည့် ငွေအမျိုးအစားအတိုင်း ပစ္စည်းဝယ်ယူရေးစာချုပ်များ ချုပ်ဆိုခြင်း၊ ပြည်တွင်းငွေကြေးဈေးကွက်ဖွံ့ဖြိုးရေးအတွက် အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နိုင်ငံသုံးကျပ်ငွေတန်ဖိုး တည်ငြိမ်စေခြင်းတို့ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ယခုတင်ပြသည့် ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စုစုပေါင်း တစ်နှစ်နှင့် ခြောက်လကာလအတွက် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၀/၂၀၂၀)ကို ဖတ်ကြားတင်ပြ၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ နည်းဥပဒေခွဲ (ဃ) (င)တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၉ ရက်တွင်ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်မြို့တော်ရေဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် စီမံကိန်းနှင့် ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ကနဦး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်းအစီရင်ခံစာကို တင်ပြထားရှိပြီးဖြစ်ပါကြောင်း၊ စီမံကိန်း၏ ပြန်လည်နေရာချထားရေးဆိုင်ရာ အစီအစဉ် (Resettlement Plan)ကို မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ ဘေးကင်းလုံခြုံရေးမူဝါဒဆိုင်ရာ ကြေညာစာတမ်းများနှင့်အညီ ရေးဆွဲတင်ပြထားပါကြောင်း၊ ယင်းအစီရင်ခံစာတွင် စီမံကိန်းကြောင့် ဖြစ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုများကို မည်သို့လျှော့ချပေး၍ မည်သို့အစားထိုး ပြန်လည်ဆောင်ရွက်ပေးမည်ကို Plan ရေးဆွဲပြီး အသေးစိတ်ဖော်ပြထားပါကြောင်း။

စီမံကိန်း၏ မြေယာအသုံးပြုမှုတွင် စည်ပင်သာယာရေးကော်မတီပိုင် လမ်းနယ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းနယ်အတွင်းများကိုသာ အသုံးပြုမည်ဖြစ်ပြီး ပုဂ္ဂလိကပိုင်မြေယာများကိုအသုံးပြုခြင်း မပါရှိပါကြောင်း၊ ထို့ပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ယင်းစီမံကိန်းအတွက် တစ်နေ့လျှင် ရေဂါလန် သန်း ၁၈၀ ကိုသာ ငမိုးရိပ်ဆည်မှ ရယူသုံးစွဲသွားမည်ဖြစ်ပြီး ငမိုးရိပ်ဆည်၏ ရေသိုလှောင်နိုင်မှုပမာဏမှာ ဂါလန် သန်း ၄၉၀၀၀ ရှိပါကြောင်း၊ ငမိုးရိပ်ဆည်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆည်မှရေသွယ်ယူရရှိရေးကိုသာ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်ရေဖူလုံရေးစီမံကိန်း(Yangon City Water Resilience Project) အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ရယူရေးကိစ္စရပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံနှင့် နီကာရာဂွါသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေနှင့် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်တို့က ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အလုပ်အကိုင်လောကတွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်- ၁၉၀ (၂၀၁၉)နှင့် တိုက်တွန်းချက်အမှတ်- ၂၀၆ (၂၀၁၉)တို့ကို မှတ်တမ်းတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက အကြမ်းဖက်မှုနှင့် ထိပါးနှောင့်ယှက်မှုကင်းရှင်းသော လုပ်ငန်းခွင်တွင် လုပ်ကိုင်ခွင့်ရရေးသည် အလုပ်သမားအားလုံး ရသင့်ရထိုက်သည့် အခွင့်အရေးဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းနှင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်၊ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သော လုပ်သားအင်အားထု လိုအပ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းခွင်တွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ထိပါးနှောင့်ယှက်ခြင်း ကင်းစင်စေရန် ပညာရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ ခိုင်မာအားကောင်းသော မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း၊ တည်ဆဲဥပဒေများတွင် ဖြည့်စွက်ရေးဆွဲခြင်းနှင့် နိုင်ငံတကာ စံချိန်စံညွှန်းအခြေခံ၍ အကာအကွယ်ပေးနိုင်သည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်မှ ဦးစောတင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးနှင့် ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် (၁၀၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံ၌ အတည်ပြုချမှတ်ခဲ့သည့် အလုပ်အကိုင်လောကတွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် - ၁၉၀ (၂၀၁၉)နှင့် တိုက်တွန်းချက်အမှတ်- ၂၀၆ (၂၀၁၉) တို့ကို ILO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုအနေဖြင့် ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အလုပ်အကိုင်လောကတွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် - ၁၉၀ (၂၀၁၉)နှင့် တိုက်တွန်းချက်အမှတ် - ၂၀၆ (၂၀၁၉) တို့အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျေးလက်ဒေသလျှပ်စစ်ဓာတ်အားရရှိမှု မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ထံမှ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး မင်းဇာနည်ထွေးက နိုင်ငံတစ်နိုင်ငံ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရန် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်မှုကို အထူးအလေးထား ဂရုပြုဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးရေးလုပ်ငန်းစဉ်နှင့် လျှပ်စစ်ဓာတ်အားခ ကျသင့်ငွေ ယူနစ်နှုန်းထား ကောက်ခံရေးအပိုင်းသည် မူဝါဒအားဖြင့် ဆက်နွှယ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးရန် ကြိုးပမ်းကြသကဲ့သို့ လျှပ်စစ်ဓာတ်အားခ ကျသင့်ငွေ ယူနစ်နှုန်းထားနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများတွင် မည်သို့အခြေအနေရှိ၍ မည်သို့စီမံကြသည်ကို လေ့လာသင်ခန်းစာယူပြီး သင့်လျော်သည့် နှုန်းထားများ ပြင်ဆင်သင့်ပါကြောင်း၊ ထို့ပြင် ဓာတ်အားပျောက်ဆုံးမှု နည်းပါးစေရန် ခေတ်မီဖြန့်ဖြူးရေးနည်းစနစ်၊ နည်းပညာများဖြင့် စဉ်ဆက်မပြတ် ကြပ်မတ်ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ မီတာခများကိုလည်း သက်သာသောနှုန်းထားဖြင့် ပြည်သူများ သုံးစွဲနိုင်ရေးကို ရည်ရွယ်ချက်ထားရှိကာ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချိုက ယခုချေးငွေသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အတွက် နိုင်ငံသားပြည်သူများအတွက် များစွာအကျိုးရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေများကို သက်ဆိုင်ရာ ချေးငွေထုတ်ယူသည့် နိုင်ငံအဖွဲ့အစည်းများ၏ မူဝါဒလုပ်ငန်းစဉ်များနှင့်အညီ ယခင် အတွေ့အကြုံများကို နမူနာယူပြီး သတ်မှတ်ကာလအချိန်အတွင်း ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ပေးဆပ်ရမည့် အရင်းအတိုးများကိုလည်း စာချုပ်စည်းကမ်းနှင့်အညီ အချိန်မီပေးဆပ်နိုင်ရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မျိုးကျော်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇူလိုင်၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)

ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

ဒုတိယဝန်ကြီး
ဦးမြင့်ကြိုင်

ဘားအံမဲဆန္ဒနယ်မှ
ဒေါ်နန်းသန်းသန်းလွင်

ကျောက်တန်းမဲဆန္ဒနယ်မှ
ဒေါ်အေးမြမြမျိုး

ပြည်သူများနှင့် စက်မှုလုပ်ငန်းများအား တည်ငြိမ်ကောင်းမွန်သည့် လျှပ်စစ်ဓာတ်အားများပေးနိုင်မည့် မြန်မာ-ဂျပန်စီမံကိန်းဆောင်ရွက်နိုင်ရေး စတင်

နေပြည်တော် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး သီလဝါတွင် ရင်းနှီးမြှုပ်နှံမည့် LNG to Power စီမံကိန်းအား မြန်မာ-ဂျပန် G to G စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဆောင်ရွက်ရမည့် ပဏာမအကြိုလုပ်ငန်းစဉ်များဖြစ်သည့် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း၊ ဒီဇိုင်းထုတ်ခြင်း၊ ခွင့်ပြုမိန့်များ လျှောက်ထားခြင်းနှင့် အကြို အင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် Notice to Proceed ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းစနစ်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ဝင်းနှင့် ဒေါက်တာထွန်းနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့မာရုယာမနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယခုစီမံကိန်းသည် ဂျပန်နိုင်ငံမှ ဦးဆောင်ရင်းနှီးမြှုပ်နှံလျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန်(SEZ)အတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့တွင် များစွာတာဝန်ရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ ခုနှစ်မှ စတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ မိမိတို့အစိုးရ စတင်တာဝန်ယူစဉ်ကတည်းက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် Liquified Natural Gas (LNG)ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရသည့် LNG to Power စီမံကိန်းများကို ဆောင်ရွက်ရန် စီမံခဲ့ပါကြောင်း၊ ထိုသို့စီမံရာတွင် ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းများအဖြစ် Generation Mix တွင် ထည့်သွင်းစဉ်းစားပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ၌ မဂ္ဂါဝပ် ၃၀၀၀ ခန့်ထွက်ရှိမည့် LNG to Power စီမံကိန်းသုံးခုကို Notice to Proceed ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင်လည်း မဂ္ဂါဝပ် ၉၀၀ ခန့်ထွက်ရှိမည့် LNG to Power စီမံကိန်းသုံးခုအပါအဝင် အပူစွမ်းအင် စီမံကိန်း ငါးခုကို ကာလတိုစီမံကိန်းများအဖြစ် ဆောင်ရွက်ရန် တင်ဒါခေါ်ယူခဲ့ရာ ယခုဆိုလျှင် LNG to Power စီမံကိန်းနှစ်ခုမှ ဓာတ်အားစတင်ထုတ်လုပ်နိုင်နေပြီဖြစ်ပါကြောင်း၊ ယခုစီမံကိန်းသည် Notice to Proceed ထုတ်ပေးပြီး ၇၂ လအတွင်း ဓာတ်အား စတင်ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း။

LNG ဖြင့် ဖြည့်ဆည်း

ရေအားလျှပ်စစ်စီမံကိန်းများ၏ သဘောသဘာဝသည် တည်ဆောက်ပြီးစီးရန် အချိန်များစွာလိုအပ်ခြင်း၊ လက်ရှိထုတ်လုပ်နေသောလုပ်ကွက်များမှ Gas ထုတ်လုပ်နိုင်မှုပမာဏကျဆင်းလာခြင်း၊ လုပ်ကွက်အသစ်များမှလည်း စီးပွားဖြစ် Gas ထုတ်လုပ်နိုင်မှုမရှိသေးခြင်းနှင့် လက်ရှိ LNG ဈေးနှုန်းသည်လည်း ကျဆင်း၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် သင့်တော်ကောင်းမွန်သည့် အချိန်ဖြစ်ခြင်းတို့ကြောင့် LNG တင်သွင်း၍ ဓာတ်အားထုတ်လုပ်ခြင်းသည်သာလျှင် သင့်လျော်သည့်နည်းလမ်းဖြစ်သဖြင့် LNG တင်သွင်း၍ ဓာတ်အားထုတ်လုပ်ခြင်းကို စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် လက်ရှိ Gas အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် ဓာတ်အားပေးစက်ရုံများ၏ နေ့စဉ် Gas လိုအပ်ချက်ပမာဏကိုလည်း LNG ဖြင့် ဖြည့်ဆည်းပေးနိုင်မှုတို့ကိုရည်ရွယ်၍ LNG to Power စီမံကိန်းများနှင့် LNG Terminal များကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

LNG ကို မြန်မာနိုင်ငံဒေသတစ်ဝန်း ဖြန့်ဖြူးနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို ဖြန့်ကြက်သွယ်တန်း တည်ဆောက်သွားမည့် Gas Pipeline Master Plan တစ်ခုကိုရေးဆွဲပြီး တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခုစီမံကိန်းအတွက် ဆက်စပ်ဆောင်ရွက်ရမည့် ပဏာမအကြို လုပ်ငန်းစဉ်များဖြစ်သည့် လုပ်ငန်းစီမံချက်များရေးဆွဲခြင်း၊ ဒီဇိုင်းထုတ်ခြင်း၊ ခွင့်ပြုမိန့်များ လျှောက်ထားခြင်းနှင့် အကြို အင်ဂျင်နီယာလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ Notice to Proceed ထုတ်ပေးရခြင်းဖြစ်ပြီး၊ ယင်းလုပ်ငန်းများကို ချောချောမွေ့မွေ့နှင့် လျင်မြန်စွာ ပြီးစီးနိုင်ရေးအတွက်လည်း ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အချိန်မီချိတ်ဆက်နိုင်ရန်

ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း စက်စွမ်းအင်အရည်အသွေးပြည့်ဝပြီး ယုံကြည်စိတ်ချရမှုကောင်းအောင်၊ ဘေးအန္တရာယ်ကင်းအောင် ဆောင်ရွက်စေလိုပါကြောင်း၊ National Grid System သို့ အချိန်မီချိတ်ဆက်နိုင်ရန်အတွက် စီမံကိန်းအကောင်အထည်ဖော်ရာတွင် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်ပြီး ကိစ္စအားလုံးအပေါ် အလေးထား ဆောင်ရွက်စေလိုပါကြောင်း။

ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ ဓာတ်အားစနစ် ထိန်းသိမ်းမောင်းနှင်မှုကဏ္ဍနှင့် ဝန်အားစီးဆင်းမှုကဏ္ဍတို့အတွက် မဟာဗျူဟာကျသော ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိနေပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ ဓာတ်အားကွန်ရက်စနစ် တောင့်တင်းခိုင်မာမှုရှိစေရန်နှင့် ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင် မြန်မာနိုင်ငံအတွင်း အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် ၅၀၀ ကေဗွီ ဓာတ်အားစနစ်(Union Grid)များကို တည်ထောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ၂၃၀ ကေဗွီ ဓာတ်အားစနစ်များကိုလည်း အဆင့်မြှင့်ခြင်း၊ အသစ်တည်ဆောက်ခြင်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းကြီးများနှင့် ဓာတ်အားလိုင်းစီမံကိန်းကြီးများပြီးစီးပါက မီးသုံးစွဲသူပြည်သူများနှင့် စက်မှုလုပ်ငန်းများကို တည်ငြိမ်ကောင်းမွန်ပြီး ယုံကြည်စိတ်ချရသည့် လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုကို သင့်တင့်မျှတသောဈေးနှုန်းဖြင့် ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက ရန်ကုန်တိုင်းဒေသကြီး သီလဝါတွင် ရင်းနှီးမြှုပ်နှံမည့် LNG to Power စီမံကိန်းအား မြန်မာ-ဂျပန် G to G စီမံကိန်းအဖြစ် ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးတို့က စီမံကိန်းအတွက် ထုတ်ပေးသည့် Notice to Proceed အား အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က)	ဒေါက်တာဇော်ဝင်း	ပါမောက္ခချုပ် စစ်ကိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ခ)	ဒေါက်တာသာထွန်းမောင်	ပါမောက္ခချုပ် ကလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ဂ)	ဒေါက်တာဘဟန်	ပါမောက္ခချုပ် မိတ္ထီလာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ဃ)	ဒေါက်တာဝင်းနိုင်	ပါမောက္ခချုပ် စစ်တွေတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(င)	ဒေါက်တာအောင်ကျော်	ပါမောက္ခချုပ် မအူပင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးအောင်ငွေးဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
(ခ)	ဦးနေအောင်ရဲမြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး) တံတားဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် တံတားဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန

❖ နေရပ်ပြန်မှ

အဆိုပါ သင်္ဘောသည် M/S Trust Maritime Services (S'Pore) Pte Co.Ltd မှ ကုန်စည်ပို့ဆောင်သည့်သင်္ဘောဖြစ်ပြီး ဘရာဇီးနိုင်ငံမှတစ်ဆင့် ကော့သောင်းမြို့နယ် ရေပြင်ပိုင်နက်အနီးသို့ ယမန်နေ့မွန်းလွဲပိုင်းက ရောက်ရှိလာခြင်းဖြစ်ပြီး သင်္ဘောပေါ်မှ ဆင်းလာသည့် မြန်မာသင်္ဘောသား ၁၀ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့်ကျန်းမာရေး စစ်ဆေးမှုများဆောင်ရွက်ကာ ကော့သောင်းမြို့တွင် ဟိုတယ်အသွားအလာကန့်သတ်မှု ၂၁ ရက်ထားရှိပြီး ၎င်းတို့၏ အာခေါင်တို့ဖတ်နမူနာများကို ရန်ကုန်အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

❍ ကျောဖုံးမှ

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာမြန်မာသံရုံး/ကောင်စစ်ဝန်ချုပ်ရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသား စုစုပေါင်း ၈၅၅၆ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

လုံ့လဝီရိယ လျှော့လို့မဖြစ်

ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပမာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လိုမဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့ လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ အလုပ်သမားများ၏ အကျိုးဖြစ်ထွန်းရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၄

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် မြန်မာ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများသို့ အလုပ်သမားစေလွှတ်နေသည့် အစုအဖွဲ့များမှ ကိုယ်စားလှယ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစားပေးလုပ်ငန်းစဉ်

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ်ဖြစ်သည့် ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ကောင်းမွန်သည့်လုပ်ငန်းခွင်ဖြစ်စေရေး၊ ဥပဒေနှင့်အညီ ခံစားခွင့်များရရှိစေရေးအတွက် အေဂျင်စီအဖွဲ့ချုပ်သည် ကြားခံဆောင်ရွက်ပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ လက်ရှိတွင် အေဂျင်စီအဖွဲ့ချုပ်သည် ပိုမို၍ စနစ်ကျပြီး ခိုင်မာသည့်အဖွဲ့အစည်းတစ်ခု ဖြစ်လာကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်လက်မဲ့ပြဿနာများ ကြုံတွေ့နေရ၍ ကမ္ဘာတစ်ဝန်းတွင် အလုပ်အကိုင်ပေါင်း ၂၅ သန်းထိ ဆုံးရှုံးနိုင်ကြောင်းကို ILO က ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစက်ရုံ၊ အလုပ်ရုံများတွင် လုပ်သားအင်အားများ လျှော့ချခြင်း၊ စက်ရုံ/အလုပ်ရုံများ အပြီးပိတ်ခြင်းနှင့် ယာယီပိတ်ခြင်းများရှိခဲ့ပြီး ပြည်ပမှပြန်လာသူများ ယခုအချိန်ထိ နေ့စဉ်ရှိနေပါကြောင်း၊ တရားမဝင်သွားရောက်သည့် အလုပ်အကိုင်များတွင်လည်း ပိုမိုများပြားနိုင်ပါကြောင်း၊ မြဝတီတွင် မြန်မာ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ကြိုဆိုလက်ခံရေးနှင့် စာရင်းဇယားကောက်ယူရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ဝန်ကြီးဌာနက အသိအမှတ်ပြုပါကြောင်း၊ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှုများရှိခဲ့ပါကြောင်း။

သက်ဆိုင်ရာနိုင်ငံများအလိုက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ၏ စာရင်းနှင့် ၎င်းတို့လုပ်ကိုင်နေသည့်ဒေသ၊ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာမှုစာရင်းများအား အေဂျင်စီများအနေဖြင့် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် ပြုစုထားရန်လိုအပ်ပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် အဆိုပါကိစ္စရပ်အတွက် Software တစ်ခု ရေးဆွဲဆောင်ရွက်နေပါကြောင်း၊ နောက်ပိုင်းတွင် တိကျသေချာသည့် လူအမည်စာရင်းအင်အားနှင့် အလုပ်အမျိုးအစား၊ သွားရောက်လုပ်ကိုင်နေသည့် အလုပ်အကိုင်နေရာများအား အသေးစိတ် မှတ်တမ်းတင်ထားရှိနိုင်မည် ဖြစ်ပါကြောင်း။

ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် ရွှေ့ပြောင်းလုပ်သားပို့ဆောင်ရေး လုပ်ငန်းများသာမက အခြားသောစီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများလျော့နည်းသက်သာစေရေး နိုင်ငံတော်အကြီးအကဲများ ကိုယ်တိုင်ဦးစီး၍ စီးပွားရေးပြန်လည်ထူမတ်ရေး၊ ရောဂါမပြန့်ပွားအောင် ထိန်းချုပ်ဆောင်ရွက်နိုင်ရေး တစ်နိုင်ငံလုံးပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန် အလုပ်အကိုင်အခွင့်အလမ်းများ မဆုံးရှုံးစေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုအပေါ် ကုစားရေးလုပ်ငန်းကော်မတီကလည်း မိမိတို့ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး သင်တန်းကျောင်းများသို့ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ချေးငွေများ ထုတ်ပေးမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန်တို့တွင် အေဂျင်စီအဖွဲ့ချုပ်၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဝန်ကြီးဌာနသို့ အချိန်မရွေးလာရောက်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြနိုင်ကြောင်း၊ အကြံပြုချက်များရှိပါကလည်း အကြံပြုနိုင်ကြောင်း၊ အလုပ်သမားများ၏အကျိုး၊ အေဂျင်စီများ၏အကျိုး၊ နိုင်ငံ၏အကျိုးဖြစ်ထွန်းစေရေး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက နိုင်ငံအလိုက် လုပ်ငန်းဆပ်ကော်မတီအလိုက် လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ကြုံတွေ့ရသည့်အခက်အခဲများ ဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များအားတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်း၍ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တမူးကုန်သွယ်ရေးဇုန် တည်ဆောက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

တမူးကုန်သွယ်ရေးဇုန် တည်ဆောက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တမူးကုန်သွယ်ရေးဇုန် တည်ဆောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က တမူးမြို့သည် အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား နယ်စပ်ဒေသဖြစ်ရာ ကုန်သွယ်ဆက်ဆံမှုအလားအလာများ ကောင်းမွန်သဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဒေသခံပြည်သူများ၏ ရေရှည်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တမူးကုန်သွယ်ရေးဇုန်အား တည်ထောင်အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ အမြန်ဆုံးအကောင်အထည်ဖော်သွားမည်ဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး၊ ကုန်သွယ်ရေး၊ အနာဂတ်ကာလတွင် ကုန်သွယ်ရေးဇုန်ကြီးတစ်ခု တည်ဆောက်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာရေးနှင့် နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြပြီး ဖွဲ့စည်းထားသည့် တမူးကုန်သွယ်ရေးဇုန်တည်ဆောက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ (၂) ရပ်အပြင် လုပ်ငန်းအဖွဲ့တစ်ခုကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပြီး အနီးကပ်ကြီးကြပ်သွားရန်တို့ကို ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကလေး-တမူး-ကလေးဝ နယ်စပ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ

ဒေါက်တာသိန်းထွန်း
(ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း)

ကိုဗစ်-၁၉ ကူးစက်ရောဂါသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ မှစ၍ တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စတင်ဖြစ်ပွားခဲ့ရာ ယခုအခါ ကမ္ဘာအနှံ့သို့ ပျံ့နှံ့ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၄ ရက်နေ့အထိ စာရင်းအရ ပိုးတွေ့လူနာ စုစုပေါင်း ၁၅၇၁၆၀၄၃ ဦးနှင့် သေဆုံးသူ ၆၃၇၆၁၈ ဦး ရှိနေပါသည်။ ရောဂါပိုးရှိသူများတွင် ၈၀ ရာခိုင်နှုန်းကျော်မှာ ရောဂါလက္ခဏာ လုံးဝမပြသသူ သို့မဟုတ် သာမန် အဖျား-သာမန် အသက်ရှူလမ်းကြောင်း ရောဂါလက္ခဏာ ပြသူများဖြစ်ပြီး ၁၄ ရာခိုင်နှုန်းခန့်မှာ ရောဂါပြင်းထန်သူ များ ဖြစ်သည်။ ငါးရာခိုင်နှုန်းခန့်သာ အသည်းအသန် ရောဂါပြင်းသူများဖြစ်ကြောင်း တွေ့ရပါသည်။ ရောဂါပြင်း ထန်မှုသည် အရွယ်မရွေးမည်သူမဆို ဖြစ်ပွားနိုင်သော် လည်း ဖြစ်နိုင်မှု အန္တရာယ်အများဆုံးအုပ်စု ဖြစ်သည့် အသက်ကြီးသူများ (အသက် ၆၅ နှစ်နှင့်အထက်)၊ နှလုံး ရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုး ရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်ကျောက်ကပ်ရောဂါရှိသူများတွင် ရောဂါပြင်း ထန်မှုနှင့် သေဆုံးမှုအများဆုံးဖြစ်နိုင်ပါသည်။ အထက် ဖော်ပြပါရောဂါများအား မကူးစက်တတ်သော ရောဂါများ (Non-Communicable diseases) ဟုခေါ်ဆိုပါသည်။ မကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှု၏ အဓိက အကြောင်းရင်းတစ်ခုမှာ ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုပင် ဖြစ်ပါသည်။

အဆုတ်ကို ပို၍ပျက်စီးစေ

ဆေးလိပ်ငွေ့သည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် အဆုတ်အတွင်းသို့ ရှူသွင်းရသဖြင့် အသက်ရှူ လမ်းကြောင်းနှင့် အဆုတ်ကို များစွာထိခိုက်စေပါသည်။ ဆေးလိပ်ငွေ့တွင်ပါသော ကတ္တရာဓာတ်အမှုန်များ၊ နီကိုတင်းဓာတ်၊ ကာဗွန်မိုနောက်ဆိုက်ဓာတ်၊ ဟိုက်ဒရိုဂျင် ဆိုင်ယာနိုက်၊ အောက်ဆီဂျင်ဓာတ်ပြုပစ္စည်းများ (Oxidizing chemicals)၊ သတ္တုဓာတ်များသည် အဆုတ်၏ အကာ အကွယ်စနစ်ကို ယိုယွင်းစေခြင်း၊ နာတာရှည်အဆုတ် ပြွန်ရောင်ခြင်း(Chronic Bronchitis)၊ နာတာရှည် အဆုတ်လမ်းကြောင်းကျဉ်းရောဂါ (Chronic Obstructive Pulmonary Disease)၊ အဆုတ်ကင်ဆာ၊ နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါများ စသည်တို့ကို ဖြစ်စေပါသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးသည်လည်း အသက်ရှူလမ်း ကြောင်းမှတစ်ဆင့် ကူးစက်ဝင်ရောက်လာခြင်းကြောင့် ရောဂါရရှိလာသူများတွင် ဆေးလိပ်သောက်သူ ဖြစ်ပါက မူလကတည်းက ရောဂါအကာအကွယ်စနစ် ယိုယွင်းနေ ပြီး အဆုတ်ပျက်စီးမှု ရှိနေပြီဖြစ်သဖြင့် ပျက်စီးနေသော အဆုတ်အတွင်းသို့ ရောဂါပိုးများအလွယ်တကူ ထိုးဖောက် ဝင်ရောက်နိုင်ပြီး အဆုတ်ကို ပို၍ပျက်စီးစေပါသည်။

ဆေးလိပ်အရေအတွက် များပြားပါက ပို၍အန္တရာယ်များ

ဆေးလိပ်သောက်သူများသည် တုပ်ကွေးရောဂါ၊ နမိုးနီးယား စသော ရုတ်တရက် ဖြစ်ပွားသည့် အဆုတ်ရောဂါ များ အလွယ်တကူရရှိခံစားရနိုင်ပါသည်။ ဆေးလိပ် သောက်သူများသည် ဆေးလိပ်မသောက်သူများထက် ရောဂါပြင်း နမိုးနီးယားရရှိရန် နှစ်ဆမှ လေးဆအထိ အန္တရာယ် ရှိပြီး နေ့စဉ် သောက်သုံးသည့် ဆေးလိပ်အရေအတွက် များပြားပါက ပို၍အန္တရာယ်များပါသည်။ ဆေးလိပ်သောက် သုံးသူများသည် တုပ်ကွေးရာသီချိန်တွင် တုပ်ကွေးရောဂါ ရရှိရန် လွယ်ကူပါသည်။ ဆေးလိပ်သောက်ခြင်းသည် ကိုဗစ်-၁၉ ရောဂါအခြေအနေကိုလည်း ဆိုးရွားစေကြောင်း သုတေသနတွေ့ရှိချက်များက အထောက်အထားဖြင့် ဖော်ပြကြသည်။ ၂၀၂၀ ပြည့်နှစ် မေလ ၁၁ ရက်နေ့ထုတ် Nicotine & Tobacco Research ဂျာနယ်၊ Smoking is associated with COVID-19 Progression: A meta-analysis စာတမ်း၌ သုတေသနစာစောင် ၁၉ ခု အား လေ့လာထားရာ စုစုပေါင်း ကိုဗစ်-၁၉ လူနာ ၁၁၅၉၀ တွင် ၂၁၃၃ ဦး(၁၈.၄%) သည် ရောဂါပြင်းလူနာများဖြစ်ပါသည်။ လူနာစုစုပေါင်း၏ ၆.၃%(၇၃၁ ဦး)သည် ဆေးလိပ်သောက် သူများ ဖြစ်ကြသည်။ ဆေးလိပ်သောက်သူ လူနာ ၇၁၃ ဦး အနက် ၂၁၈ ဦး(၂၉.၈%) မှာ ရောဂါပြင်းထန်သော အဆင့် သို့ ပြောင်းလဲသွားပါသည်။ ထိုအချိန်တွင် ဆေးလိပ် မသောက်သူများတွင် ရောဂါပြင်းထန်သောအဆင့်သို့ ပြောင်းလဲသွားသော ရာခိုင်နှုန်းမှာ ၁၇.၆% သာရှိပါသည်။ ထိုတွေ့ရှိချက်အရ ဆေးလိပ်သောက်ခြင်းသည် ကိုဗစ်-၁၉ လူနာများတွင် ရောဂါပြင်းထန်မှုသို့ ပြောင်းလဲသွားရန် အခွင့်အလမ်း ပို၍များစေကြောင်းထင်ရှားပါသည်။ ၂၀၂၀ ပြည့်နှစ် မေလ ၁၁ ရက်နေ့ထုတ် Plos ONE ဂျာနယ်၊ Prevalence, Severity and Mortality associated with COPD and Smoking in Patients with COVID-19: A Rapid Systematic Review and Meta-Analysis စာတမ်းတွင် ဆေးလိပ်သောက်သူ ကိုဗစ်-၁၉ လူနာများ သည် ဆေးလိပ်မသောက်သူ လူနာများထက် ဆိုးရွားသော နောက်ဆက်တွဲ ကျန်းမာရေးအခြေအနေများ (Severe Complications) ဝင်ရောက်ရန် ၁.၄၅ ဆ ပို၍ အခွင့်အလမ်း ရှိကြောင်း ဖော်ပြထားပါသည်။

အမျိုးသားသေဆုံးမှု အချိုးအစား ပို၍များ

ကိုဗစ်-၁၉ ရောဂါဖြင့် ကျား-မ သေဆုံးမှု အချိုးအစား မှာ နိုင်ငံတိုင်း၌ အမျိုးသားများတွင် သေဆုံးမှုများပါသည်။ အမျိုးသားများ ဆေးလိပ်သောက်နှုန်း ပို၍များသောနိုင်ငံ များတွင် ကိုဗစ်-၁၉ ရောဂါဖြင့် အမျိုးသားသေဆုံးမှု အချိုးအစား ပို၍များသည်ကို တွေ့ရပါသည်။ ယခုဖော်ပြ မည့် ကိုဗစ်-၁၉ လူနာ သေဆုံးမှုစာရင်းမှာ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့အထိ စာရင်းဖြစ်ပြီး နိုင်ငံအလိုက် ဆေးလိပ် သောက်နှုန်းမှာ ၂၀၁၆ ခုနှစ် စာရင်းဖြစ်ပါသည်။ ထိုင်းတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုမှာ စုစုပေါင်း ၅၉ ဦးရှိရာ ကျား ၇၆%၊ မ ၂၄% ပါဝင်ပါသည်။ ထိုင်းတွင် ဆေးလိပ် သောက်နှုန်းမှာ ကျား ၃၈.၈% ဖြစ်ပြီး မ ၁.၉% ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် စုစုပေါင်း သေဆုံး သူ ၉၆၆ ဦးအနက် ကျား ၆၄%၊ မ ၃၆% ရှိပြီး ဆေးလိပ် သောက်နှုန်းမှာ ကျား ၄၀.၈% ၊ မ ၇.၈% ရှိပါသည်။ အမျိုးသားများတွင် ဆေးလိပ်သောက်နှုန်းများသည့် အလျောက် သေဆုံးမှုအချိုးအစားလည်း များပြားပါသည်။ အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၃၁၆၇၆ ဦး (ကျား ၅၉%၊ မ ၄၁%) ရှိပါသည်။ အီတလီနိုင်ငံ၏ ဆေးလိပ်သောက်နှုန်းမှာ ကျား ၂၇.၈%၊ မ ၁၉.၈% ဖြစ်ပါ သည်။ အင်္ဂလန်တီးနားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း ၅၈၃ ဦး (ကျား ၅၈%၊ မ ၄၂%) ရှိပြီး ဆေးလိပ်သောက်နှုန်းမှာ ကျား ၂၇.၇% ၊ မ ၁၆.၃% ဖြစ်ပါသည်။ အီတလီနှင့် အာဂျင်တီးနားတွင် အမျိုးသမီး များ ဆေးလိပ်သောက်နှုန်းမှာ (အမျိုးသားများလောက် မမြင့်သော်လည်း) ထိုင်း၊ ဖိလစ်ပိုင်အမျိုးသမီးများနှင့် ယှဉ်လျှင် များနေကြောင်းနှင့် ကိုဗစ်-၁၉ ကြောင့် အမျိုး သမီးများ သေဆုံးမှုအချိုးမှာလည်း ထိုင်းနှင့် ဖိလစ်ပိုင်နှင့် ယှဉ်လျှင် များနေကြောင်း တွေ့ရပါသည်။ ယခုတွေ့ရှိချက် အရ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုကို အားပေးသည့် အကြောင်းများစွာရှိသော်လည်း ဆေးလိပ်သောက်ခြင်း သည် အကြောင်းတရားတစ်ခုဖြစ်မည်ဟု ယူဆရပါမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ဆေးလိပ်သောက်သူ များသည် ပြင်းထန်သော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားရန်နှင့် သေဆုံးမှု ဖြစ်ပွားရန် အန္တရာယ်ပို၍များကြောင်း ၎င်း၏ Website- "ဆေးရွက်ကြီးနှင့်ကိုဗစ်-၁၉ အမေးအဖြေ ကဏ္ဍ"တွင် ဖော်ပြထားပါသည်။

ဆေးလိပ်သောက်သူသည် ဆေးလိပ်နှင့်ပါးစပ်၊ လက်ချောင်းနှင့်နှုတ်ခမ်းတို့ မကြာခဏ ထိတွေ့နေရ သဖြင့် ဆေးလိပ်နှင့်လက်ချောင်းများတွင် ကိုဗစ်-၁၉ ရောဂါပိုးရောက်ရှိနေပါက အလွယ်တကူ ရောဂါကူးစက် ရရှိနိုင်ပါသည်။ ထို့အတူ အဖွဲ့လိုက် ရေပြောင်းရှူသူများ တွင်လည်း ရေပြောင်းမှ တစ်ဆင့် ကိုဗစ်-၁၉ ရောဂါပိုး သည် တစ်ဦးမှ တစ်ဦးသို့ အလွယ်တကူ ကူးစက်သွားနိုင် ပါသည်။ ကွမ်းစားသောသူများသည်လည်း အကယ်၍ ကိုဗစ်-၁၉ ရောဂါပိုးသယ်ဆောင်နေသူဖြစ်ပါက ၎င်းမှ မကြာခဏထွေးထုတ်လိုက်သော ကွမ်းတံတွေးများမှ တစ်ဆင့် အခြားသူများသို့ ရောဂါကူးစက်သွားနိုင်သော အခွင့်အလမ်းများရှိနေပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားနေချိန် သည် ဆေးလိပ်ဖြတ်ရန် အသင့်လျော်ဆုံး အချိန်အခါ ဖြစ်ပါသည်။ အိမ်မှာနေသော အချိန်များသည့် ကာလဖြစ် သည့်အတွက် ဆေးလိပ်ဖြတ်လိုက်ပါက အတူနေ မိသားစုအား အထူးသဖြင့် ကလေးငယ်များအား မိမိ ဆေးလိပ်မှ ထုတ်လွှတ်သော ဆေးလိပ်ငွေ့ (တစ်ဆင့်ခံ ဆေးလိပ်ငွေ့) အန္တရာယ်မှ အကာအကွယ်ပေးပြီးသကဲ့သို့ ဖြစ်သွားပေမည်။ ဆေးလိပ်ဖြတ်လိုက်သဖြင့် ချက်ချင်း လက်ငင်းအကျိုးတရားများလည်း ရရှိနိုင်ပါသည်။ ဆေးလိပ်ဖြတ်ပြီး မိနစ် ၂၀ အတွင်း မြန်နေသော နှလုံးခုန် နှုန်းနှင့် မြင့်တက်နေသော သွေးပေါင်ချိန်ကျဆင်း သွားပါမည်။ နှစ်ပတ်မှ ၁၂ ပတ်အတွင်း သွေးလှည့်ပတ်မှုနှင့် အဆုတ်၏ လုပ်ဆောင်မှုများ ကောင်းမွန်လာပါမည်။ တစ်လ မှ ကိုးလကြာလျှင် ချောင်းဆိုးခြင်း၊ အသက်ရှူကျပ် ခြင်းများ သက်သာလာမည်ဖြစ်ပါသည်။ ။

❖ **ဆေးလိပ်သောက်သူသည် ဆေးလိပ်နှင့်ပါးစပ်၊ လက်ချောင်းနှင့်နှုတ်ခမ်းတို့ မကြာခဏ ထိတွေ့နေရသဖြင့် ဆေးလိပ်နှင့်လက်ချောင်းများတွင် ကိုဗစ်-၁၉ ရောဂါပိုးရောက်ရှိနေပါက အလွယ်တကူ ရောဂါကူးစက်ရရှိနိုင်။**

❖ **ကွမ်းစားသောသူများသည်လည်း အကယ်၍ ကိုဗစ်-၁၉ ရောဂါပိုးသယ်ဆောင်နေသူဖြစ်ပါက ၎င်းမှ မကြာခဏထွေးထုတ်လိုက်သော ကွမ်းတံတွေးများမှတစ်ဆင့် အခြားသူများသို့ ရောဂါကူးစက်သွားနိုင်သော အခွင့်အလမ်းများရှိနေ။**

ပုလောမြို့နယ် မြစိမ်းရောင်ငါးကဏ္ဍ ကျေးရွာစီမံကိန်း အကျိုးအမြတ်ရငွေဖြင့် လမ်းနှင့်တံတားပြုပြင်ရန် အလှူငွေများ လှူဒါန်း

ပုလော ဇူလိုင် ၂၄

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မြစိမ်းရောင် ငါးကဏ္ဍ ကျေးရွာစီမံကိန်း အကျိုးအမြတ်ရငွေမှ ကျောက်ကမ်းဖဲကျေးရွာ တောင်ဖြို့ခြင်းနှင့် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအတွက် အလှူငွေ ကျပ်သိန်း (၅၀) ပေးအပ်ပွဲကို ယမန်နေ့နံနက် ၉ နာရီက အမက ကျောက်ကမ်းဖဲတွင်လည်းကောင်း၊ ပဝတ်ဖျားကျေးရွာ ပိန္နဲတောင်- ဆားခဲရွာချင်းဆက်မြေသားလမ်းနှင့် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းအတွက် အလှူငွေ ကျပ်သိန်း ၅၀ ပေးအပ်ပွဲကို နံနက် ၁၁ နာရီတွင် ပဝတ်ဖျားကျေးရွာနှစ်ခြင်း အသင်းတော်မဏ္ဍပ်တွင်လည်းကောင်း ကျင်းပခဲ့သည်။

တက်ရောက်

အဆိုပါ ပေးအပ်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကြည်လှိုင်၊ မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းနောင်ဦးနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်သီရိမမတို့က အဖွင့်အမှာစကားနှင့် မြစိမ်းရောင်ငါးကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ မြို့နယ်ဦး စီးမှူးများနှင့်ဝန်ထမ်းများ၊ ကျောက်ကမ်းဖဲကျေးရွာနှင့် ပဝတ်ဖျား ကျေးရွာတို့မှ မြစိမ်းရောင်ကော်မတီအဖွဲ့ဝင်နှင့် အသင်းသားများ တက်ရောက်ကြသည်။

ကျောက်ကမ်းဖဲမြစိမ်းရောင်ကျေးရွာကော်မတီဥက္ကဋ္ဌ ဦးစန်း လိုက်က အလှူငွေ ကျပ်သိန်း ၅၀ ကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သန်းသို့လည်းကောင်း၊ ပဝတ်ဖျားကျေးရွာ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စောရွှေအိုးက အလှူငွေ ကျပ်သိန်း ၅၀ ကို မြစိမ်းရောင်ကျေးရွာကော်မတီဥက္ကဋ္ဌ စောဇော်လင်း အားလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာအမျိုးသား အဆင့်ကော်မတီ၏ (၂/၂၀၂၀) ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒုတိယ ဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားအဆင့် ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြည်နယ်အဆင့်ကော်မတီများ၏ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူ များ ပါဝင်တက်ရောက်ကြသည်။

စခန်းပိတ်သိမ်းပြီးဖြစ်

အစည်းအဝေးတွင် အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ် အောက်တိုဘာလ က အတည်ပြုခဲ့သည့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအရ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသား အဆင့်ကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ အလားတူ ပြည်နယ် အဆင့်ကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မဟာဗျူဟာအောက်တွင် လုပ်ငန်းစီမံချက်များရှိကြောင်း၊ စီမံချက်များ အကောင်အထည်ဖော်ရန် လမ်းညွှန်ချက် (မူကြမ်း)ကိုလည်း ရေးဆွဲထားကြောင်း၊ စီမံချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်း များရှိသလို ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများရှိကြောင်း၊ ကချင်ပြည်နယ်တွင် စခန်း ငါးခု၊ ရှမ်းပြည်နယ်တွင် ငါးခု၊ ရခိုင်ပြည်နယ်တွင် စခန်း လေးခု တို့ကို ပြန်လည်နေရာချထားခြင်း၊ စခန်းပိတ်သိမ်းခြင်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကရင်ပြည်နယ်တွင် စခန်း နှစ်ခုရှိရာ ပြန်လည်နေရာချထားနိုင်ရေး ဆွေးနွေးညှိနှိုင်း လျက်ရှိပြီး အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အချိန်ယူဆောင်ရွက်ရန်လို

လက်ရှိအခြေအနေအရ တစ်နိုင်ငံလုံးတွင် စခန်း ၁၂၅ ခုရှိရာ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ စနစ် တကျဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် စခန်းများ ပိတ်သိမ်းရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာများ သာမက လူမှုအဖွဲ့အစည်းများလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သလို အဓိကအားဖြင့် စခန်းများတွင် နေထိုင်သူများ၊ ပြန်လည်နေရာချထားပေးမည့်နေရာရှိ နေထိုင်သူများ၏ သဘောထားများသည် အရေးကြီးကြောင်း၊ အားလုံး ပူးပေါင်းဆောင်ရွက်မှသာ ပြီးပြည့်စုံသည့် လုပ်ငန်း ဆောင်ရွက်မှုများ ဖြစ်လာမည်ဖြစ်ကြောင်း၊ အချိန်ယူ ဆောင်ရွက်ရန်လိုကြောင်း၊ တွေ့ဆုံညှိနှိုင်းမှု၊ စည်းလုံး ညီညွတ်စွာ ချိတ်ဆက်ဆောင်ရွက်မှုများ အရေးကြီးကြောင်း၊ ထို့အတူ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အားစိုက်ထုတ်၍ စနစ်တကျ ပြန်လည်နေရာချထားရေးနှင့် စခန်းများ ပိတ်သိမ်းရေးလုပ်ငန်း အဆင့်ဆင့်ကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များ အဆင်ပြေနိုင်ရေး၊ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ရေး အားလုံး၏အကြံဉာဏ်များ ရယူဆောင်ရွက်သွားမည် ဖြစ်ပြီး ဝိုင်းဝန်းဆွေးနွေးပေးရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ(၁)က အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးဆောင်ရွက်ရာတွင် နိုင်ငံရေးအခြေ အနေနှင့် နိုင်ငံတကာမှ ဖိအားပေးနေမှုအခြေအနေများကို သိရှိပြီး သတိပြုဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်နေရာ ချထားရေးနှင့် စခန်းများပိတ်သိမ်းရေးနှင့်ပတ်သက်၍ အချို့ နိုင်ငံများ၊ အချို့အဖွဲ့အစည်းများက အချိန်ကိုက် ဖိအားပေး နေသည်များရှိကြောင်း၊ ဆောင်ရွက်ရန်ရှိသည်များကို သတိပြုဆောင်ရွက်ရန်လိုကြောင်း၊ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ပြန်လည်နေရာချထားရေးနှင့် IDPs စခန်းများ ပိတ်သိမ်းရေးဆောင်ရွက်ရာတွင် အဆင့်တိုင်း၌ သတိပြုဆောင်ရွက်ရန်၊ အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့် တင်ပြဆောင်ရွက်ရန်၊ ဆုံးဖြတ်ချက်များ ရယူဆောင်ရွက်ရန်၊ လုပ်ငန်းတိုင်း၌ ကြီးကြပ်ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ(၂)က အမျိုးသားအဆင့် မဟာဗျူဟာ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များကို စခန်းနေသူများ၊ စခန်းအနီးအနား မူလနေထိုင်သူများကို စဉ်ဆက်မပြတ် ရှင်းလင်းဆွေးနွေးပေးရန်လိုကြောင်း၊ ၎င်းတို့အနေဖြင့် ကောင်းမွန်စွာ နားလည်နေရန်လိုကြောင်း၊ ပြန်လည် နေရာချထားရာတွင် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ ၏ လုပ်ထုံး၊ လုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ နေရာရွေးချယ်မှု၊ မြေယာစီမံခန့်ခွဲမှုများတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် လိုကြောင်း၊ ပြန်လည်နေရာချထားမည့် ကျေးရွာများ ထူထောင်ရာတွင် လိုအပ်သော စာသင်ကျောင်း၊ ဆေးခန်း၊ လမ်း၊ ဈေးစသည်ဖြင့် စနစ်တကျအကောင်အထည်ဖော် ပေးရန်လိုကြောင်း၊ မူလမြို့ရွာစီမံကိန်းအရ ဆောင်ရွက်ရန် ရှိသည်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်းနှင့် ကချင်ပြည်နယ်တွင် စခန်းများပိတ်သိမ်းရေးဆောင်ရွက် မှုအတွေ့အကြုံများကို ဆွေးနွေးသည်။

ဝိုင်းဝန်းဆွေးနွေး

ထို့နောက် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ ကိုယ်စားလှယ်များက လက်ရှိစခန်းများအခြေအနေ၊ ပြည်နယ်အဆင့်ကော်မတီ များဖွဲ့စည်းမှု၊ စခန်းများပိတ်သိမ်းရေးအတွက် မြေနေရာ ရွေးချယ်မှုနှင့် အခြားလိုအပ်ချက်များအတွက် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်နေမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း များ ဆောင်ရွက်ပေးနေမှု၊ မီဒီယာကဏ္ဍ၏ အရေးပါမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများကိုလည်းကောင်း၊ သက်ဆိုင် ရာဌာနအသီးသီးမှ ကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍ အသီးသီးအလိုက် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ကိုဗစ်-၁၉ ကာလ IDPs စခန်းများတွင် စီမံချက်ဖြင့် ပံ့ပိုးကူညီမှုများ၊ ပြန်လည်နေရာချထားရေး အကောင်အထည်ဖော်ရာတွင် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းစဉ်အရ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက် မည့် လုပ်ငန်းများ၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် ရှိသည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးညှိနှိုင်းခဲ့ကြ ကြောင်း သိရသည်။

သတင်းစဉ်

အာဆီယံ ဥပဒေအသင်း အုပ်ချုပ်မှုအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တက်ရောက်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၄

အာဆီယံဥပဒေအသင်း (ASEAN Law Institute) အုပ်ချုပ်မှုအဖွဲ့၏ တတိယ အကြိမ် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် Video Conferencing ဖြင့် ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ အာဆီယံနိုင်ငံ များမှ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမှ အဖွဲ့ဝင်ဖြစ်သူ ပြည်ထောင်စု ရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး၊ ညွှန်ကြားရေးမှူး ချုပ်များဖြစ်ကြသော ဒေါက်တာ ဆွေဆွေအောင်၊ ဒေါက်တာသီသီမြင့် နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံ ဥပဒေပညာရှင်များအသင်း ကို ၁၉၇၉ ခုနှစ်တွင် စတင်တည်ထောင် ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အသင်းသို့ အဖွဲ့ဝင်အဖြစ် ၂၀၁၂ ခုနှစ် တွင် ဝင်ရောက်ခဲ့သည်။ အာဆီယံ ဥပဒေပညာရှင်များအသင်းက အာဆီ ယံ ဥပဒေရေးရာကိစ္စရပ်များတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ASEAN Law Institute ကို ၂၀၀၈ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ တည်ထောင်ခဲ့သည်။

ဆွေးနွေး

ASEAN Law Institute အုပ်ချုပ်မှု အဖွဲ့၏ တတိယအကြိမ် အစည်းအဝေး တွင် ASEAN Law Institute ကို ဥပဒေ အရ တည်ထောင်ဖွဲ့စည်းသည့် အဖွဲ့ အစည်းအဖြစ် ရပ်တည်နိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ အသင်း၏ မဟာဗျူဟာ (၂၀၂၀-၂၀၂၄) ပါ လုပ်ငန်းများ၊ ၂၀၂၀ ပြည့်နှစ် လုပ်ငန်းစီမံချက်အရ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်း များနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းရမည့် လုပ်ငန်းအခြေအနေ များ၊ အာဆီယံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်နှင့် နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် ပြည်တွင်းဥပဒေများအပေါ် လေ့လာ ဆောင်ရွက်ခြင်း၊ ၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်း များ၊ အာဆီယံဥပဒေပညာရှင်များ အကြား ပညာရပ်ဆိုင်ရာဖလှယ်ရေး နှင့် ဆက်လက်ကျင်းပမည့် အစည်း အဝေး အစီအစဉ်များကို ဆွေးနွေးခဲ့ ကြသည်။

သတင်းစဉ်

ခေတ်မီပိုးချည်ရစ်စက်ဖြင့် ပိုးချည် ထုတ်လုပ်ခြင်း သင်တန်းဆင်းပွဲ ကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲတို့က ဦးစီး၍ ပြင်ဦးလွင်မြို့ ပိုးချည်စက်ရုံတွင် ဇူလိုင် ၁၃ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့သည့် ခေတ်မီပိုးချည်ရစ်စက်ဖြင့် ပိုးချည်ထုတ်လုပ်ခြင်းသင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက ပိုးချည်စက်ရုံ ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက် သီးနှံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီလှိုင်က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့် ခဲ့ကြသည်။ ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးဖြစ်သည့် ချင်းပြည်နယ် တီးတိန်ပိုးချည်စက်ရုံတာဝန်ခံ ဦးချစ်ခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

သင်တန်းတွင် ပိုးအိမ်အခြောက်လှန်းခြင်း၊ ပိုးအိမ်ရွေးခြင်း၊ ပိုးအိမ်မှ ပိုးချည် ထုတ်ခြင်း၊ ပိုးချည်ငင်ခြင်း၊ ပိုးချည်ထုပ်ပိုးခြင်း၊ ပိုးချည်ရစ်စက်များအသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာများနှင့် လျှပ်စစ်ဘွိုင်လာအသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းများ ကို စာတွေ့၊ လက်တွေ့ပို့ချခဲ့ကြောင်း သိရသည်။ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ချင်းပြည်နယ်တွင် ခေတ်မီပိုးချည်စက်ရုံ တည်ဆောက်ပြီးစီးပါက စက်ရုံတွင် လုပ်ကိုင်နိုင်ရန် ချင်းပြည်နယ်မှ လူငယ်များအတွက် ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

သိန်းဇော် (ကျည်ပွေ့)

ကိုဗစ်အလွန် အဆင့်မြင့်ပညာဘာသာရပ်အသစ်များ (၇)

ဒေါက်တာမျိုးကြွယ်
(AUAA)

စိုက်ပျိုးရေးနိုင်ငံဖြစ်သောမြန်မာနိုင်ငံရှိ တက္ကသိုလ်များတွင် ယနေ့နှင့် နောင်အနာဂတ်ကာလများတွင် လိုအပ်လျက်ရှိသော ဘာသာရပ် နောက်တစ်ခုမှာ Agricultural Engineering (စိုက်ပျိုးရေးအင်ဂျင်နီယာ) ဖြစ်ပါသည်။

၎င်းဘာသာရပ်ကြီးအောက်တွင် စက်မှုလယ်ယာဘာသာများ (Farm Machinery and Farm Mechanization)၊ သိပ္ပံနည်းကျ လယ်ယာမြေများ စနစ်တကျ ဖော်ဆောင်ထားမှုပညာ (Farm Structure Engineering)၊ ရေသွင်းရေထုတ်အင်ဂျင်နီယာပညာ (Irrigation and Drainage Engineering)၊ လယ်ယာမြေများ တိုင်းတာနည်းစနစ်များ (Farm Surveying)၊ ဇီဝနည်းပညာ (Biotechnology)၊ ထုပ်ပိုးနည်းပညာ (Packaging Technology)၊ ကြိတ်ခွဲခြင်းနည်းပညာ (Milling Technology) စသည်ဖြင့် ဘာသာရပ်များ စုံလင်လှပါသည်။ အင်ဂျင်နီယာနည်းပညာကို စိုက်ပျိုးရေးပညာဘက်တွင် အသုံးချထားခြင်းဖြစ်ပါသည်။

စတင်သင်ကြားလျက်ရှိ

ကျွန်တော်တို့မြန်မာနိုင်ငံတွင် နည်းပညာတက္ကသိုလ်များစွာရှိသော်လည်း စိုက်ပျိုးရေးအင်ဂျင်နီယာပညာကို မည်သည့်တက္ကသိုလ်ကမှ ယခုအထိ ဘွဲ့မပေးနိုင်သေးပါ။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစတင်ပြီး ကျိုက်လတ်နှင့် ဝါးခယ်မ စက်မှုလက်မှု သိပ္ပံ၊ ရွှေဘိုနည်းပညာကောလိပ်တို့တွင် စက်မှုလယ်ယာဘာသာရပ် (AGTI Diploma – Farm Machinery) ဒီပလိုမာ (၃) နှစ်သင်တန်း စတင်ဖွင့်လှစ်ကာ တောင်သူဦးကြီးများ၏ သားသမီးများစွာ စတင်သင်ကြားလျက်ရှိနေပါသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်တွင်လည်း အစားအသောက်ဆိုင်ရာအင်ဂျင်နီယာဘွဲ့ (BE – Food Engineering) ကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစတင်သင်ကြားပေးနေပြီး ရန်ကုန်နည်းပညာတက္ကသိုလ် (ယခင်ရန်ကုန် စက်မှုတက္ကသိုလ်) တွင် ရပ်နားထားခဲ့သော စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်ကို ယခု ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှ စတင်၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် စတင်ဖွင့်လှစ်ရန် ပြင်ဆင်နေပြီဖြစ်ပါသည်။ စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့သင်တန်းကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၁၉၆၂ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး B.E. (Agricultural Engineering) ဘွဲ့ပေးအပ်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အဆိုပါဘွဲ့သင်တန်းကို ၁၉၇၁ ခုနှစ် နောက်ပိုင်းမှစ၍ ယခုအချိန်အထိ ရပ်နားထားခဲ့ပါသည်။ စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့ရများ မွေးထုတ်ပေးနိုင်ခြင်းမရှိခဲ့သဖြင့် စိုက်ပျိုးရေးဆိုင်ရာဌာနများဖြစ်သော ဆည်မြောင်း၊ ရေအရင်းအမြစ်နှင့်စက်မှုလယ်ယာဌာနများတွင် စက်မှု၊ လျှပ်စစ်၊ မြို့ပြနှင့်အခြားအင်ဂျင်နီယာအထူးပြုဘာသာရပ်ဘွဲ့ရများ တာဝန်ထမ်းဆောင်နေကြပါသည်။ စိုက်ပျိုးရေး အင်ဂျင်နီယာဘာသာမှာ အစိုးရဌာနများအပြင် ပုဂ္ဂလိကကဏ္ဍတွင်လည်း ယနေ့ခေတ်တွင် အလုပ်အကိုင်များစွာ လိုအပ်လျက်ရှိနေပါသည်။ ယခုအခါ ခေတ်မီတိုးတက်ပြောင်းလဲလာသော နည်းပညာရေစီးကြောင်းနှင့်အတူ နယ်ပယ်အလိုက် ပိုမိုကျယ်ပြန့်သော နည်းပညာအသစ်များ ပေါ်ထွန်းလျက်ရှိရာ စိုက်ပျိုးရေးဆိုင်ရာ အင်ဂျင်နီယာအတတ်ပညာတစ်ခုအနေဖြင့် အပါအဝင်ဖြစ်လာပါသည်။ အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် အစားအသောက်ဆိုင်ရာ အင်ဂျင်နီယာဘာသာ ရပ်များ (Agricultural and Food Engineering) ဖွံ့ဖြိုး တိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကိုကျင်းပ ပြုလုပ်နိုင်ခဲ့ပါသည်။ ညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့သင်တန်း သင်ကြားမှုအစီအစဉ်အရ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

စိုက်ပျိုးရေးအင်ဂျင်နီယာ

ကျွန်တော်တို့နိုင်ငံတွင် တက္ကသိုလ်များ၌ ထိုဌာနများ အသစ်ဖွင့်လှစ်ပြီး ဘာသာရပ်အသစ်များ ဖွင့်လှစ်သင်ကြားပေးရန် လိုပါဦးမည်။ စိုက်ပျိုးရေးအင်ဂျင်နီယာဆိုသည်မှာ ထယ်ထိုး၊ ထွန်မွှေလုပ်ငန်းများကို

ထွန်စက် (Tractor) များဖြင့် လုပ်ပေးရုံမျှသာမက ရေသွင်းရေထုတ် နည်းပညာအသစ်များ ဥပမာ – ရေဖျန်းရေပေးစနစ် (Sprinkler Irrigation)၊ အစက်ချရေပေးစနစ် (Drip Irrigation)၊ မြေဩဇာနှင့်ရေသွင်းစနစ်တွဲဖက်အသုံးပြုနည်း (Fertigation) စသည်များ၊ ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အား အသုံးပြု နိုင်ရန် နေရောင်ခြည်စွမ်းအင် (Solar Energy)၊ လက်ကိုင် ဖုန်းများ (Mobile Phone) မှ တစ်ဆင့် အချက်အလက်နည်းပညာ ရရှိအသုံးပြုနိုင်မှု (Mobile phone Information and Communication Technology)၊ ဆန်စက်၊ ကြိတ်ခွဲစက်၊ ဖျော်ရည်စက်များ၊ သီးနှံများရိတ်သိမ်းပြီး လုပ်ငန်းများ လေ့လာသောနည်းပညာ (Post–harvest Technology)၊ အသား၊ ငါး၊ နွားနို့၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ ထုပ်ပိုးပြင်ဆင်ခြင်းနည်းပညာ (Packaging Technology) တို့ များစွာပါဝင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့အစည်း (JICA) ၏ အကူအညီဖြင့် သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲခဲ့ရာ စနစ်သစ်သင်ရိုးညွှန်းတမ်းအရ စိုက်ပျိုးရေးပညာဘွဲ့ (B.Agr.Sc.) စိုက်ပျိုးရေးအင်ဂျင်နီယာအထူးပြု (Agricultural Engineering) ကျောင်းသား ကျောင်းသူ ၁၃ ဦးသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တတိယနှစ်သို့ ရောက်ရှိသင်ကြားနေပြီ ဖြစ်ပါသည်။ သင်ကြားပေးသောဘာသာရပ်များမှာ (၁) စိုက်ပျိုးရေးအင်ဂျင်နီယာမိတ်ဆက် – Introduction to Agricultural Engineering၊ (၂) အင်ဂျင်နီယာပုံဆွဲပညာ– Engineering Drawing၊ (၃) ဒြပ်ဝတ္ထုများ၏ခံနိုင်အား– Strength of Materials၊ (၄) လယ်ယာဖွဲ့စည်းတည်ဆောက်ပုံနှင့်မြေတိုင်းပညာ – Farm Structure and Surveying၊ (၅) လယ်ယာစက်ယန္တရား – Farm Machinery၊ (၆) အင်ဂျင်တွင်းလောင်ကျွမ်းခြင်းပညာ – Internal Combustion Engine၊ (၇) ဓာတ်ငွေ့ရည်ဆိုင်ရာ မက္ကင်းနစ်ပညာ – Fluid Mechanics၊ (၈) စက်မှုဒီဇိုင်းနှင့်ပုံစံပြု ဘာသာရပ် – Design of Machine Elements & CAD (Computer–Aided Design)၊ (၉) ရေသွင်းမှုဆိုင်ရာအင်ဂျင်နီယာပညာ – Irrigation Engineering၊ (၁၀) ရိတ်သိမ်းခြင်းနှင့်ပြုပြင်မွမ်းမံနည်းပညာ –Postharvest and Process Engineering၊ (၁၁) စက်မှုလယ်ယာစီမံခန့်ခွဲမှုနည်းပညာ – Agricultural Mechanization Management များအပြင် အထွေထွေစိုက်ပျိုးရေးပညာ – General Agriculture၊ သိပ္ပံနည်းကျစာရေးသားနည်း – Scientific Writing၊ ဟောပြောနိုင်မှုစွမ်းရည်၊ သုတေသနပြုလုပ်နည်းများ – Research Methods၊ လုပ်ငန်းခွင်အတွေ့အကြုံ – Internship စသည်တို့ကို လေ့လာရမည်ဖြစ်ပါသည်။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ပြီးဆုံးပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပထမဆုံး မွေးထုတ်ပေးမည့် စိုက်ပျိုးရေးပညာဘွဲ့ (စိုက်ပျိုးရေးအင်ဂျင်နီယာအထူးပြု) ကျောင်းသား ကျောင်းသူများဖြစ်လာပါလိမ့်မည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးဘာသာရပ်များစွာကို ၆၀% အလေးပေး သင်ကြားပြီး အင်ဂျင်နီယာဘာသာရပ်ကို ၄၀% ခန့် သင်ကြားမည့်စနစ်ပုံစံဖြစ်ပါသည်။

သင်ကြားပေးသောဘာသာရပ်များ

မန္တလေးနည်းပညာတက္ကသိုလ်မှာမူ အင်ဂျင်နီယာဘာသာရပ်များကို ၆၀%-၇၀% အထိ အလေးပေးသင်ကြားမည်ဖြစ်ပြီး စိုက်ပျိုးရေးဘာသာရပ်ကို ၃၀%-၄၀% ခန့်သင်ကြားပေးနိုင်ပါမည်။ သင်ကြားပေးသောဘာသာရပ်များမှာဒုတိယနှစ်မှစ၍ (၁) အသုံးချသင်္ချာ – Applied Mathematics၊ (၂) အလုပ်ရုံနည်းပညာ – Workshop Technology၊ (၃) အင်ဂျင်နီယာမက်ကင်းနစ်ပညာ – Engineering Mechanics၊ (၄) သာမိုဒိုင်းနမစ် – Thermodynamics၊ (၅) ဒြပ်ဝတ္ထုများ၏ခံနိုင်အား– Strength of Materials၊ (၆) မြေဆီလွှာနှင့်ရေထိန်းသိမ်းရေးအင်ဂျင်နီယာပညာ – Soil and Water Conservation Engineering၊ (၇) စိုက်ပျိုးရေးနည်းစနစ်အင်ဂျင်နီယာ – Agricultural Process Engineering၊ (၈) လယ်ယာစက်ယန္တရား –Farm Machinery၊ (၉) ပန့်အင်ဂျင်နီယာနှင့် ဟိုက်ဒရောလစ်ထိန်းချုပ်နည်းများ – Pump Engineering and Hydraulic Control၊ (၁၀) အဝေးမှအာရုံခံခြင်းနှင့် ပထဝီ အချက်အလက်နည်းပညာ – Remote Sensing and GIS၊ (၁၁) စက်မှုဆိုင်ရာစီမံခန့်ခွဲမှုနည်းပညာ– Industrial Management များအပြင် သီးနှံစိုက်ပျိုးရေးပညာ – Crop Production၊ လူမှုဘာသာနှင့်လူမှုရေးသိပ္ပံ– Humanities and Social Science၊ အင်္ဂလိပ်စာ–English၊ အင်ဂျင်နီယာ ရူပဗေဒနှင့်ဓာတုဗေဒ – Engineering Physics and Chemistry၊ သုတေသနနှင့် လုပ်ငန်းခွင်အတွေ့အကြုံ – Research and Internship စသည်တို့ကို လေ့လာရမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးဘာသာအတွက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ပုသိမ်ကြီး စိုက်ပျိုးရေး သိပ္ပံ၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ဧည့်ဆရာ၊ ဆရာမများ လာရောက်သင်ကြားပေးနိုင်ရန် စီစဉ်နေပါသည်။ မြန်မာနိုင်ငံတက္ကသိုလ်စနစ်မှာ ဘာသာရပ်တစ်ခုတည်းသာ ဦးတည်သင်ကြားနေသည့်စနစ်ဖြစ်နေသေးသည့်အတွက် တက္ကသိုလ်ချင်း၊ သိပ္ပံချင်း ကပ်လျက်ဖြစ်စေကာမူ ဝန်ကြီးဌာနမတူ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး မတူနေကြသည်တို့ကို ညှိနှိုင်း၊ မေတ္တာရပ်ခံ သင်ကြားပေးနေလျက် အခက်အခဲ ရှိနေဦးမည်ဖြစ်ပါသည်။ နောင်တစ်ချိန်တွင် တက္ကသိုလ်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရလာကာ ဘာသာရပ် ပေါင်းစုံသင်ကြားပေးသော တက္ကသိုလ်စနစ် (Comprehensive University System) ဖြစ်လာပြီဆိုလျှင် ဘာသာရပ်ပေါင်းစုံ သင်ကြားပေးနိုင်ပါလိမ့်မည်။

ယခုထက်ပိုမို၍ တိုးတက်လာမည်ဖြစ်

အဆင့်မြင့်ပညာသင်တန်းကျောင်း (School)၊ မဟာဌာန (Faculty)၊ ကောလိပ် (College)၊ သိပ္ပံ/အင်စတီကျူ (Institute)၊ သုတေသနဌာန (Research Center) များ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်ရလာလျှင် မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေး ယခုထက်ပိုမို၍ တိုးတက်လာမည် ဖြစ်ပါသည်။ ယခုပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ ရွေ့ပြေးပြောင်းလဲမည့် တက္ကသိုလ် ၁၆ ကျောင်း (16–Pilot Universities for University Autonomy) တွင် မန္တလေးနည်းပညာတက္ကသိုလ်သည်လည်း တက္ကသိုလ်တစ်ခု အပါအဝင်ဖြစ်ပါသည်။

ဥပမာ – ဖိလစ်ပိုင်နိုင်ငံ ဖိလစ်ပိုင်တက္ကသိုလ် (University of Philippines – UPLB) တွင် ဘာသာရပ်သင်ကောလိပ်၊ သိပ္ပံကျောင်းပေါင်း ၁၁ ခု ရှိပါသည်။

ယင်းတို့မှာ–

(၁) စိုက်ပျိုးမွေးမြူရေးနှင့် အစားအသောက် သိပ္ပံကောလိပ်
(College of Agriculture and Food Science– CAFS)၊
(၂) ဝိဇ္ဇာနှင့်သိပ္ပံပညာကောလိပ်
(College of Arts and Sciences – CAS)၊
(၃) ဖွံ့ဖြိုးတိုးတက်မှု ဆက်သွယ်ရေးကောလိပ်
(College of Development Communication–CDC)၊
(၄) စီးပွားရေးနှင့် စီမံခန့်ခွဲမှုကောလိပ်
(College of Economics and Management – CEM)၊
(၅) အင်ဂျင်နီယာနှင့် လယ်ယာစက်မှုနည်းပညာကောလိပ်
(College of Engineering and Agro–Industrial Technology – CEAT)၊
(၆) သစ်တောနှင့် သယံဇာတကောလိပ်
(College of Forestry and Natural Resources – CFNR)၊
(၇) လူသားဆိုင်ရာဂေဟဗေဒကောလိပ်
(College of Human Ecology – CHE)၊
(၈) ပြည်သူ့ရေးရာဖွံ့ဖြိုးတိုးတက်မှုကောလိပ်
(College of Public Affairs and Development – CPAD)၊
(၉) မွေးမြူကုသရေးကောလိပ်
(College of Veterinary Medicine – CVM)၊

စာမျက်နှာ ၉ သို့ ■

- ရန်ကုန်နည်းပညာတက္ကသိုလ် (ယခင်ရန်ကုန်စက်မှုတက္ကသိုလ်)တွင် ရပ်နားထားခဲ့သော စိုက်ပျိုးရေး အင်ဂျင်နီယာဘာသာရပ်ကို ယခု ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှ စတင်၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် စတင်ဖွင့်လှစ်ရန် ပြင်ဆင်နေပြီဖြစ်။
- စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာမှာ အစိုးရဌာနများအပြင် ပုဂ္ဂလိကကဏ္ဍတွင်လည်း ယနေ့ခေတ်တွင် အလုပ်အကိုင် များစွာလိုအပ်လျက်ရှိနေ၊ ယခုအခါ ခေတ်မီတိုးတက်ပြောင်းလဲလာသော နည်းပညာရေစီးကြောင်းနှင့်အတူ နယ်ပယ်အလိုက် ပိုမိုကျယ်ပြန့်သော နည်းပညာအသစ်များ ပေါ်ထွန်းလျက်ရှိရာ စိုက်ပျိုးရေးဆိုင်ရာ အင်ဂျင်နီယာအတတ်ပညာတစ်ခုအနေဖြင့် အပါအဝင်ဖြစ်လာ။

မြန်မာနိုင်ငံအပေါ် စီးပွားရေးကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ရန် ဘင်္ဂလားဒေ့ရှ် တောင်းဆိုချက်အား နိုင်ငံခြားရေးဝန်ကြီးဌာန ကန့်ကွက်

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံနယ်စပ်ရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အမြဲတမ်းအတွင်းဝန်က နေရပ်စွန့်ခွာသူများအရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြားရရှိခဲ့သည့် သဘောတူညီချက်များနှင့်အညီ ဖြေရှင်းသွားရန် အဆင်သင့်ရှိကြောင်းနှင့် နှစ်ဖက်စလုံးမှလည်း အဆိုပါသဘောတူညီချက်များကို တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အမြဲတမ်းအတွင်းဝန်က ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ စီးပွားရေးကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ရန် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးက ပန်ကြားခဲ့ကြောင်း ထည့်သွင်းဖော်ပြချက်အပေါ် စိတ်ပျက်မိကြောင်း၊ နှစ်နိုင်ငံအရေးကိစ္စများကို ဖြေရှင်းရေးတွင် အထောက်အကူမပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်၏ မလိုမုန်းထားလုပ်ရပ်များကို ကန့်ကွက်ကြောင်း၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အိမ်နီးချင်းနှစ်နိုင်ငံအနေဖြင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ထိန်းသိမ်းခြင်းဖြင့်သာ နေရပ်စွန့်ခွာသူများအရေး ပြဿနာကိုဖြေရှင်းရာတွင် ရေရှည်အဖြေကို ရရှိစေနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သတင်းစဉ်

ကိုကိုးကျွန်းမြို့နယ်သို့ မီးလင်းရေးအထောက်အကူပြုပစ္စည်းများ ပို့ဆောင်ရန် သင်္ဘောပြေးဆွဲမည်

ရန်ကုန် ဇူလိုင် ၂၄

၂၀၂၀ ပြည့်နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး မီးလင်းရေးစီမံချက်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံဆောင်ရွက်လျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင်တွင် ပါဝင်သည့် ကိုကိုးကျွန်းမြို့နယ် မီးလင်းရေးအတွက် အထောက်အကူပြုပစ္စည်းများကို ပို့ဆောင်နိုင်ရန် ယခုလ မကုန်ခင် သင်္ဘောခရီးစဉ်တစ်ခေါက် ပြေးဆွဲသွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) တွဲဖက်အတွင်းရေးမှူး ဦးလှအောင်၏ ပြောကြားချက်အရ သိရသည်။

ရန်ကုန်-ကိုကိုးကျွန်း သင်္ဘောခရီးစဉ်ကို တစ်လ တစ်ခေါက်ပြေးဆွဲပေးနေရာက ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားခဲ့ပြီး ယခုတစ်ကြိမ် ထပ်မံပြေးဆွဲမည့်ခရီးစဉ်တွင်လည်း ပြည်သူလူထု လိုက်ပါစီးနင်းခွင့်မပြုထားဟု သိရသည်။

"ကိုကိုးကျွန်းမြို့နယ်က အနေအထားအရ သီးသန့်လို ဖြစ်နေတယ်။ ဒါကြောင့် ရန်ကုန်ဘက်ကလူတွေ ကူးလူးဆက်သွယ်မှုကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိအောင် ထိန်းချုပ်တဲ့အနေနဲ့ သင်္ဘောခရီးစဉ်ပြေးဆွဲမှုကို ရပ်နားထားတာဖြစ်ပါတယ်။ ဒါပေမယ့် ကိုကိုးကျွန်းမြို့နယ် လျှပ်စစ်မီးရရှိရေးဟာ ဒီဇင်ဘာလ နောက်ဆုံးလျာထားချက်ဖြစ်နေလို့ ခေတ်တိုင်တွေ၊ လျှပ်စစ်နဲ့ပတ်သက်တဲ့ ထောက်ပံ့ပစ္စည်းတွေကို အချိန်မီပို့ဆောင်ပေးဖို့ လိုပါတယ်။ နောက်ပြီး ရာသီဥတုကလည်း မိုးရာသီဖြစ်တဲ့အတွက် လှိုင်းတွေ၊ ရာသီဥတုပြောင်းလဲမှုတွေ အချိန်မရွေး ကြုံတွေ့နိုင်တာကြောင့် ပြည်သူလူထုမပါဘဲ ပစ္စည်းတွေကိုသာ ပို့ဆောင်သွားမှာဖြစ်ပါတယ်။ ဒီလမကုန်ခင်ပြေးဆွဲနိုင်ဖို့ ကျွန်တော်တို့အနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပို့မယ့်ပစ္စည်းတွေက တန် ၂၀၀ ကျော် ၃၀၀ နီးပါးရှိလို့ ယခင်ပြေးဆွဲပေးတဲ့ သဟာပတိရေယာဉ်နဲ့ အဆင်မပြေနိုင်ပါဘူး။ ဒါကြောင့် သင်္ဘောပြောင်းလဲခြင်း၊ စီမံခန့်ခွဲခြင်း စတဲ့ လုပ်ငန်းတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားပါတယ်" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ရှင်းပြသည်။

ရန်ကုန်-ကိုကိုးကျွန်း ရေယာဉ်ခရီးစဉ် အခမဲ့ ပြေးဆွဲမှုအဖြစ် ပထမဦးဆုံးအခေါက်ကို ယခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ရန်ကုန်မြို့ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတားမှ သဟာပတိရေယာဉ်ဖြင့် စတင်ပြေးဆွဲခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ဒုတိယအခေါက်ပြေးဆွဲမှုအဖြစ် မတ် ၇ ရက် နံနက်ပိုင်းက ရန်ကုန်မှ စတင်ပြေးဆွဲခဲ့ပြီး မတ် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ အဆိုပါခရီးစဉ်များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ဒေသခံပြည်သူများနှင့် တာဝန်ကျဝန်ထမ်းများ အဆင်ပြေစေရန်အတွက် YRTA ၏ ရန်ပုံငွေမှ ခရီးစဉ်တစ်ခေါက်လျှင် ငွေကျပ်သိန်း ၂၀၀ စိုက်ထုတ်အကုန်အကျခံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ပြေးဆွဲရာတွင် ရာသီဥတုအခြေအနေပေါ် မူတည်၍ မောင်းနှင်ချိန် အသွားနာရီ ၄၀ ခန့် ကြာမြင့်နိုင်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-ရာမည

ရန်ကုန်-ကိုကိုးကျွန်း ရေယာဉ်ခရီးစဉ် ဒုတိယအခေါက်အား သဟာပတိရေယာဉ်ဖြင့် ပြေးဆွဲခဲ့စဉ်။

ညောင်လေးပင်မြို့၌ မြစိမ်းရောင်အတိုးရငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်း

ညောင်လေးပင် ဇူလိုင် ၂၄

ညောင်လေးပင်မြို့နယ်ကျေးလက်ဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်လျက်ရှိသော ရေဆုံးကျေးရွာအုပ်စု ရေဆုံးကျေးရွာတွင်း အရှည်ပေ ၁၂၀၀၊ အကျယ် နှစ်ပေ၊ ဒု ရှစ်လက်မ နှစ်ဖက်ခင်း ကွန်ကရစ်လမ်းခင်းခြင်း ပြီးစီးမှုကို ဇူလိုင် ၂၁ ရက်က မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာဖွံ့ဖြိုးရေးလမ်းကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကွန်ကရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ထိန်းသိမ်းနိုင်ရေး၊ ကောင်းမွန်စွာ အသုံးပြုနိုင်ရေးတို့အား အပြန်အလှန် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကျေးရွာမြစိမ်းရောင် စီမံကိန်း အတိုးငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၅ သိန်း စုစုပေါင်း ကုန်ကျငွေကျပ် ၁၅၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နေလင်း(ညောင်လေးပင်)

တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်း လှည်းကူးမြို့နယ်၌ ဖွင့်လှစ်

လှည်းကူး ဇူလိုင် ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်း၌ ယမန်နေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုသက်သာစေရေးစီမံချက်အရ ဖွင့်လှစ်သော တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ လှည်းကူးမြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သည့် သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြပြီး တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် ကာကွယ်ခြင်း ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များ စသည့် အကြောင်းအရာများကို ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သုံးရက်ကြာ မြို့နယ်ဦးစီးမှူး ဒေါက်တာဆန်းဝေဖြိုးနှင့် ဝန်ထမ်းများက ဖွင့်လှစ်ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ဥာဏ်ဟိန်း

■

■ **စာမျက်နှာ ၈ မှ**

(၁၀) ဘွဲ့လွန်သင်တန်းကျောင်း
(Graduate School – GS)၊

(၁၁) ပတ်ဝန်းကျင်သိပ္ပံနှင့် စီမံခန့်ခွဲမှုအဆင့်မြင့်သင်တန်းကျောင်း
(School of Environmental Science and Management – SESAO) တို့ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဘာသာ၊ အင်ဂျင်နီယာဘာသာ၊ မွေးမြူရေးဘာသာ ဘယ်ဘာသာအဓိက (Major Subjects) ယူသည်ဖြစ်စေ မိမိနှင့်သက်ဆိုင်သည့် သာမန် ဘာသာ (Minor or Supporting Subjects) များ တွဲဖက် သင်ယူနိုင်ပါသည်။

ပူးပေါင်းလုပ်ဆောင်မှုရပါမည်

ပြည်တွင်းမှ စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့မပေးတော့သဖြင့် စက်မှုလယ်ယာဦးစီးဌာနတွင် ပညာရှင်အများစုမှာ B.E./M.E. (Mechanical Engineering) ဘွဲ့ရများသာ ဖြစ်နေကြပါသည်။ ယခုနောက်ပိုင်း တွင်မူ ပြည်ပနိုင်ငံများမှ စက်မှုလယ်ယာအထူးပြု ဘာသာဖြင့် သင်ကြားပြီးသူ မဟာဘွဲ့၊ ပါရဂူဘွဲ့ရ အနည်းငယ်ရှိသည်ဟူ၍ ကြားသိရပါသည်။ သို့သော် လက်ချိုးရေ၍ရပါသည်။ ဤနည်းပညာများတွင် အင်ဂျင်နီယာ၊ စိုက်ပျိုးရေးပညာရှင် တစ်ဦးချင်းအလိုက် ဆောင်ရွက်၍မရပါ။ ပူးပေါင်းလုပ်ဆောင်မှုရပါမည်။ ကျွန်တော်တို့နိုင်ငံ၏ အဓိကပြဿနာမှာ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းနှင့် ပညာရှင်အချို့သည် တစ်ဦးပညာကို တစ်ဦးက မလေးစားကြခြင်းဖြစ်ပါသည်။

ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရေး လိုအပ်

တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရုံးများတွင် ဘာသာရပ်အလိုက် ရုံးခွဲများရှိသော်လည်း အခြားနိုင်ငံများကဲ့သို့ (One-stop Service) ပညာပေးနိုင်မှုနှင့် ထိရောက်မှုအားနည်းနေဆဲဟု ထင်မြင်မိပါသည်။ မကြာခင်က အစည်းအဝေးတစ်ခုတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဆန်စပါးအရည်အသွေးကောင်းရန်နှင့် နိုင်ငံခြားသို့ ရောင်းချရမှု ဆန်တစ်တန်ချင်း ဝင်ငွေကောင်းစေရန်အတွက် မြန်မာနိုင်ငံဆန်စက်များ အရည်အသွေးမြင့်မားကောင်းမွန်ပြီး ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရေး လိုအပ်ပါသည်ဟူ၍ ပြောခဲ့ပါသည်။ ထိုဆန်စက်များမှ အရည်အသွေး ကောင်းမွန်သောဆန်များ ကြိတ်ခွဲနိုင်ရေး၊ စနစ်တကျ သိုလှောင်၊ သိမ်းဆည်း၊ အခြောက်ခံရေး ရိတ်သိမ်းချိန်လွန်နည်းပညာ (Post-Harvest Technology) သည်လည်း စိုက်ပျိုးရေးအင်ဂျင်နီယာပညာ ဖြစ်ပါသည်။ မည်သည့် တက္ကသိုလ်ကမှ မြန်မာနိုင်ငံ ဆန်စက်များ အရည်အသွေးကောင်း ဆန်ထုတ်လုပ်ရေး သုတေသနပြုလုပ်နေသည်ကို မကြားမိသေးပါ။

ကျွန်တော့်ဆရာတစ်ဦး၏ သားတစ်ယောက်သည် ဂျပန်နိုင်ငံတွင် စိုက်ပျိုးရေးအင်ဂျင်နီယာ မဟာသိပ္ပံဘွဲ့ယူလာသည်ဟူ၍ ပြောပါသည်။ သူ၏ ပထမဘွဲ့မှာ သိပ္ပံ (ရူပဗေဒ) ဖြစ်ပါသည်။ ဘွဲ့လွန်သုတေသနမှာ ပန်းသီးများ ဈေးကွက် ရောင်းပန်းလှရန် အလင်းရောင်အမျိုးမျိုးသုံးပြီး ပြုပြင်ပေးခြင်း သုတေသနလုပ်ခဲ့ရသည်ဟူ၍ ပြောပါသည်။ ထိုပညာသည်လည်း စိုက်ပျိုးရေးအင်ဂျင်နီယာပညာပင် ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင်ဆိုလျှင် ပထမဦးစွာ စိုက်ပျိုးရေးပညာဘွဲ့ (သို့မဟုတ်) အင်ဂျင်နီယာဘွဲ့ရ ပြီးခါမှ စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့လွန် ဆက်တက်နိုင်သည်ဟူ၍ ပြောကြလေမလားဟု ယူဆမိပါသည်။

အကျိုးပြုပေးနိုင်ခြင်းသည်သာလျှင် အဓိကဖြစ်

ဂျပန်အပါအဝင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သူတို့လိုချင်သည့်ပန်းတိုင်နှင့် သူတို့နိုင်ငံတွင် ဖြစ်ပေါ်နေသော အရေးပေါ်ပြဿနာများကို တက္ကသိုလ်သုတေသနများက ထဲထဲဝင်ဝင် အကျိုးပြုပေးနိုင်ခြင်းသည်သာလျှင် အဓိကဖြစ်ပါသည်။ မည်သည့်ဘွဲ့ ရရှိထားရမည်၊ မိမိတို့၏ လူမျိုးဖြစ်ရမည်၊ အမျိုးသားဖြစ်ရမည်၊ အမျိုးသမီးဖြစ်ရမည် စသည်ဖြင့် ကန့်သတ်ချက်များစွာ မရှိကြချေ။

သို့ဖြစ်ပါ၍ ကိုဗစ်အလွန်ကာလတွင် စိုက်ပျိုးရေးအင်ဂျင်နီယာ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ အထူးပြုလေ့လာရေးကို နိုင်ငံတကာရှိ နာမည်ကြီးတက္ကသိုလ်များ၌ ဆရာ၊ ဆရာမများအား စေလွှတ်သင်ကြားပြီး မိမိနိုင်ငံ တက္ကသိုလ်များ၌ ပြန်လည်ပို့ချပေးနိုင်ပါက မြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ် အရေးပါလှသော အသုံးချသိပ္ပံ (Applied Science) ဘာသာရပ်တစ်ခု ပေါ်ထွန်းလာရင်း တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အထောက်အကူပြုနိုင်မည်မှာ မလွဲကေန်ဖြစ်ပါသည်။ ။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် မေလနှင့် ဇွန်လတို့တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် မေလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၇၄၇.၂၁၆ သန်း၊ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၃.၇၃၁ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် မေလနှင့် ဇွန်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ကဏ္ဍ	မေလ		ဇွန်လ	
		လုပ်ငန်းခုရေ	မတည်ငွေရင်း ပမာဏ US$(သန်း)	လုပ်ငန်းခုရေ	မတည်ငွေရင်း ပမာဏ US$ (သန်း)
(က)	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ	-	-	-	၂၆.၀၀၀ *
(ခ)	စက်မှုကဏ္ဍ	၁၂	၆၂.၁၂၆ *	၁၅	၁၈၈.၃၃၆
(ဂ)	လျှပ်စစ်ဓာတ်အားကဏ္ဍ	၁	၆၄၅.၀၀၀	-	-
(ဃ)	ဟိုတယ်နှင့် ခရီးသွားကဏ္ဍ	-	-	-	၅.၈၀၁ *
(င)	အခြားဝန်ဆောင်မှုကဏ္ဍ	၁	၃.၂၈၀	၃	၁၃.၅၁၁ *
(စ)	လယ်ယာကဏ္ဍ	၁	၁.၀၀၀	-	-
(ဆ)	စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ	၁	၃၅.၈၅၀	-	-
	စုစုပေါင်း	၁၆	၇၄၇.၂၁၆	၁၈	၂၃၃.၇၃၁

***ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။**

၄။ ၂၀၂၀ ပြည့်နှစ် မေလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၄၆,၀၉၂.၄၅၁ သန်းနှင့် ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၉၇,၃၃၉.၇၃၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၂၀ ပြည့်နှစ် မေလနှင့် ဇွန်လအတွင်းခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ကဏ္ဍ	မေလ		ဇွန်လ	
		လုပ်ငန်းခုရေ	မတည်ငွေရင်း ပမာဏ ကျပ် (သန်း)	လုပ်ငန်းခုရေ	မတည်ငွေရင်း ပမာဏ ကျပ် (သန်း)
(က)	အိမ်ရာအဆောက်အဦကဏ္ဍ	၁	၁၈,၅၈၀.၇၃၀	-	-
(ခ)	စက်မှုကဏ္ဍ	၁	၁,၆၀၄.၀၀၀	၆	၄၁,၆၁၆.၁၈၇ *
(ဂ)	ဟိုတယ်နှင့် ခရီးသွားကဏ္ဍ	၂	၁၈,၁၂၄.၀၀၀	၁	၂၄,၉၉၉.၅၇၂
(ဃ)	လျှပ်စစ်ဓာတ်အားကဏ္ဍ	-	-	၂	၁၁,၉၅၆.၉၆၀
(င)	လယ်ယာကဏ္ဍ	-	-	၁	၉၆၅.၀၉၀
(စ)	အခြားဝန်ဆောင်မှုကဏ္ဍ	၂	၂၄,၅၈၃.၇၂၂	၄	၄၄,၁၃၀.၂၂၂
	စုစုပေါင်း	၆	၄၆,၀၉၂.၄၅၁	၁၇	၉၇,၃၃၉.၇၃၀

***ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။**

၆။ ၂၀၂၀ ပြည့်နှစ် မေလနှင့် ဇွန်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ကဏ္ဍ	ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ)	
		မေလ	ဇွန်လ
(က)	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ	-	၁၀၀
(ခ)	စက်မှုကဏ္ဍ	၁၃,၁၇၈	၈,၉၆၅*
(ဂ)	လျှပ်စစ်ဓာတ်အားကဏ္ဍ	၁၁၃	-
(ဃ)	အခြားဝန်ဆောင်မှုကဏ္ဍ	၃	၂၆၁
(င)	လယ်ယာကဏ္ဍ	၃၂၇	-
(စ)	စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ	၃၈	-
	စုစုပေါင်း	၁၃,၆၅၉	၉,၃၆၆

***လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။**

၇။ ၂၀၂၀ ပြည့်နှစ် မေလနှင့် ဇွန်လအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ကဏ္ဍ	ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ)	
		မေလ	ဇွန်လ
(က)	အိမ်ရာအဆောက်အဦကဏ္ဍ	၇	-
(ခ)	စက်မှုကဏ္ဍ	၁၂၅	၄,၈၉၃
(ဂ)	ဟိုတယ်နှင့် ခရီးသွားကဏ္ဍ	၅၁၁	၈၇
(ဃ)	လျှပ်စစ်ဓာတ်အားကဏ္ဍ	-	၇၃၀
(င)	လယ်ယာကဏ္ဍ	-	၁၀၇
(စ)	အခြားဝန်ဆောင်မှုကဏ္ဍ	၈၇	၈၁၇
	စုစုပေါင်း	၇၃၀	၅,၈၄၂

ASEAN Special Online Workshop on Fake News ဆွေးနွေးပွဲ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ပါဝင်တက်ရောက်

နေပြည်တော် ဇူလိုင် ၂၄

ASEAN Special Online Workshop on Fake News ဆွေးနွေးပွဲကို ယမန်နေ့က ပြုလုပ်ရာ အာဆီယံနိုင်ငံ ပြန်ကြားရေးကဏ္ဍဆိုင်ရာ အဖွဲ့ဝင်များ အပါအဝင် ယူနက်စကို (UNESCO)၊ အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂ (European Union to ASEAN) အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနှင့် မြန်မာနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာနရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်း ၁၂ ဦးတို့က နေပြည်တော်နှင့် ရန်ကုန်တို့မှ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲကို ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ သတင်းမှား၊ သတင်းတုနှင့် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်နေမှုအား ဖြေရှင်းခြင်း၊ နိုင်ငံအလိုက် ပြဋ္ဌာန်းထားသည့် Fake News ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် လမ်းညွှန်ချက်များ၊ Fake News လျှော့ချရေးနှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာသုံးသပ်ချက်များအား ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်ခြင်း ဖြစ်သည်။

ဆွေးနွေးပွဲ ပထမပိုင်းတွင် နိုင်ငံအလိုက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ Fake News လျှော့နည်းပပျောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ သုံးသပ်ချက်များနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် Fake News ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအား လည်းကောင်း၊ စင်ကာပူနိုင်ငံ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းအချက်အလက် မူဝါဒရေးရာဦးစီးဌာနမှ ကိုယ်စားလှယ်က စင်ကာပူနိုင်ငံမှ ထုတ်ပြန်ထားသည့် Online ပေါ်မှ မဟုတ်မမှန်သတင်းများ တားဆီးကာကွယ်ရေးဆိုင်ရာဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေအား လည်းကောင်း၊ ယူနက်စကိုနှင့် ဥရောပသမဂ္ဂမှ ကိုယ်စားလှယ်များက Fake News လျှော့နည်းရေးနှင့် ကာကွယ်တားဆီးရေးဆိုင်ရာ နိုင်ငံတကာအလေ့အကျင့်များအား လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် Fake News နှင့် ပတ်သက်၍ ကျင်းပပြီးစီးခဲ့သည့် အာဆီယံအစည်းအဝေးများမှ ချမှတ်ထားသည့် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ရွက်ချက်များအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ရှင်းလင်းတင်ပြပြီးနောက် အာဆီယံနိုင်ငံအသီးသီးမှ တက်ရောက်သူများက ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရွှေသွေးဂျာနယ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇူလိုင် ၂၅ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် တရားသူကြီးဦးပညာ၏ အမွေခွဲဝေပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ကြိုက်သလောက်ပေး" မျက်နှာဖုံးကာတွန်း၊ ဝါဆိုလအချိန်တွင် ကျရောက်သော မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်အကြောင်းနှင့် ပတ်သက်၍ ကလေးတို့ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "လမြတ်ဝါဆိုအကြောင်းသိကောင်းစရာ" သုတဆောင်းပါး၊ သူငယ်ချင်း၏ အကြံပေးချက်ကို လိုက်လုပ်မိရာက မိခင်၏အဆူခံရသော ရန်နိုင်မင်းအကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးသန့်လေး" နှစ်မျက်နှာကာတွန်း၊ မိမိကိုယ်မိမိအထင်ကြီးစိတ်ဝင်ပြီး မလုပ်သင့်သည်ကို လုပ်မိသောကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသော ကျောင်းသားလေးရဲနိုင်အကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "ရဲနိုင်ကပေးသောသင်ခန်းစာ" ဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ကဗျာ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။

သတင်းစဉ်

အမေရိကန်သမ္မတ ထရမ့်နှင့် ရုရှားသမ္မတ ပူတင်တို့ ကိုဗစ်-၁၉ ရောဂါနှင့် လက်နက်ထိန်းချုပ်ရေးကိစ္စများ ဖုန်းဖြင့် ဆွေးနွေး

ဝါရှင်တန် ဇူလိုင် ၂၄

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ယမန်နေ့က ကိုဗစ်-၁၉ ရောဂါနှင့် လက်နက်ထိန်းချုပ်ရေးကိစ္စရပ်များအား ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျပ်ဒ်ဒီရီက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နေစဉ် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါတိုက်ဖျက်ရေး ကြိုးပမ်းမှုများ လုပ်ဆောင်ရန် ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ “တရုတ်၊ ရုရှားနဲ့ အမေရိကန်နိုင်ငံတို့အကြား လက်နက်ပြိုင်ဆိုင်မှု ရှောင်ရှားဖို့ မျှော်လင့်ကြောင်း သမ္မတ ထရမ့်က ထပ်လောင်းပြောခဲ့ပြီး ဗီယင်နာမြို့မှာကျင်းပမယ့် လက်နက်ထိန်းချုပ်ရေး စေ့စပ်ညှိနှိုင်းမှုများ တိုးတက်မှုရရှိဖို့ မျှော်လင့်ကြောင်း” အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ အမေရိကန်နှင့် ရုရှားနိုင်ငံ တို့က လက်နက်ထိန်းချုပ်ရေးနှင့် မဟာဗျူဟာမြောက် တည်ငြိမ်မှုရှိရေးနှင့် ပတ်သက်၍ ပြီးခဲ့သည့်လက ဗီယင်နာမြို့တော်၌ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သော်လည်း မဟာဗျူဟာမြောက် လက်နက်များလျှော့ချရေးစာချုပ် (New START) သက်တမ်းတိုးရေးနှင့်ပတ်သက်၍ သိသာသောတိုးတက်မှု မရရှိခဲ့ပေ။

နျူကလီးယားထိပ်ဖူးတပ်ဒုံးများ၊ မဟာဗျူဟာမြောက် ပေးပို့မှုစနစ်များ၏ အရေအတွက်များကို ကန့်သတ်မည့် မဟာဗျူဟာမြောက် လက်နက်များလျှော့ချရေးစာချုပ် (New START)ကို အမေရိကန်နှင့် ရုရှားနိုင်ငံတို့ က ၂၀၁၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ နျူကလီးယား အင်အားကြီးနှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် ရုရှားနိုင်ငံတို့အကြား တစ်ခုတည်းသော အသက်ဝင်ဆဲ စာချုပ်ဖြစ်သည့် မဟာဗျူဟာမြောက် လက်နက်များ လျှော့ချရေးစာချုပ် (New START)မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

အဆိုပါသဘောတူညီချက်ကို နှစ်နိုင်ငံစလုံး၏ဆန္ဒဖြင့် ငါးနှစ်အထိ သက်တမ်းတိုးနိုင်သည်။ ရုရှားနိုင်ငံက စာချုပ်ကို သက်တမ်းတိုးလိုကြောင်း ပြောကြားခဲ့သော်လည်း အမေရိကန်အစိုးရက တရားဝင်တုံ့ပြန်မှုမပြုလုပ် သေးပေ။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး

တောင်ကိုရီးယားနိုင်ငံ၌ ရေကြီးရေလျှံမှု ငါးဦးထက်မနည်း သေဆုံးပြီး လေးဦး ဒဏ်ရာရ

ဆိုးလ် ဇူလိုင် ၂၄

တောင်ကိုရီးယားနိုင်ငံ၌ လေပြင်းတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ငါးဦးထက်မနည်း သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။

ယနေ့နံနက် ၁၀ နာရီခွဲအထိ တောင်ကိုရီးယားနိုင်ငံ ဂျောင်ဂီပြည်နယ်တွင် တစ်ဦး၊ အရှေ့တောင်ပိုင်း အူလ်ဆန်မြို့၌ တစ်ဦးနှင့် အနီးအနားရှိ ဘူဆန်မြို့၌ သုံးဦးသေဆုံးခဲ့ကြောင်း ဗဟိုသဘာဝဘေးနှင့် ဘေးအန္တရာယ်တုံ့ပြန်ရေးဌာနချုပ်က ပြောကြားခဲ့သည်။ ရေကြီးရေလျှံ မှုများကြောင့် လူ ၂၀၀ ကျော် အိုးအိမ်စွန့်ခွာခဲ့ရပြီး အများစုမှာ အရှေ့တောင်ပိုင်းရှိ ယောင်ဒွက်နှင့် ဘူဆန်မြို့မှဖြစ်ကြောင်း၊ နေအိမ်နှင့် အဆောက်အအုံ ၃၀၀ နီးပါး ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံတစ်ဝန်း မုတ်သုံမိုး ဆက်လက်ရွာသွန်းနိုင်ဖွယ်ရှိကြောင်း သိရသည်။ ဇူလိုင် ၂၆ ရက်အထိ ဂန်ဝမ်ပြည်နယ်၌ မိုးရေချိန် မီလီမီတာ ၄၀၀ ရွာသွန်းနိုင်မှုကြောင့် သတိပေးချက်တစ်ရပ် ထုတ်ပြန်ထားသည်။

အရှေ့ပိုင်းကမ်းရိုးတန်းတစ်လျှောက် မိုးရေချိန် မီလီမီတာ ၁၅၀ ကျော်၊ ဆိုးလ်မြို့တော်နှင့် အခြားဒေသများတွင် မိုးရေချိန် မီလီမီတာ ၂၀ မှ ၆၀ အထိ ရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားသည်။

ကိုးကား-ကေဘီအက်စ်
ဘာသာပြန်-ကျော်ထိုက်စိုး

ဝူဟန်မြို့၌ ခရီးသွားများ စတင်လက်ခံ

ဝူဟန် ဇူလိုင် ၂၄

တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့၌ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အသွားအလာကန့်သတ်မှုများ ရုပ်သိမ်းခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ခရီးသွားဧည့်သည်များကို ဇူလိုင် ၂၂ ရက်တွင် လာရောက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ယခုလာရောက်လည်ပတ်သော ခရီးသည်အုပ်စုတွင် လူခုနစ်ဦးပါဝင်သော မိသားစုတစ်စုနှင့် သူငယ်ချင်းတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။ ယခုခရီးသည်အုပ်စု လာရောက်လည်ပတ်မှုသည် ပြည်နယ်အဆင့်ခရီးသွားလုပ်ငန်းများ ပြန်လည်စတင် ဆောင်ရွက်မှု၏ အရေးပါသော ပြယုဂ်ဖြစ်သည်။ ဟူပေပြည်နယ်မှတာဝန်ရှိသူများက ပြည်နယ်အဆင့် ခရီးသွားလုပ်ငန်းများကို ပြန်လည်စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြီးခဲ့သော သီတင်းပတ်အတွင်းက ကြေညာခဲ့သည်။

ပြည်နယ်အတွင်းရှိ ခရီးသွားလုပ်ငန်းများ၏ ဧည့်ကြိုလုပ်ငန်းဆောင်ရွက်မှုပမာဏကို ယခင်က ၃၀ ရာခိုင်နှုန်း ခွင့်ပြုရာမှ ယခုအခါ ၅၀ ရာခိုင်နှုန်းအထိ ခွင့်ပြုခဲ့သည်။ သို့သော် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပထမဦးစားပေးအဆင့်တွင် ထားရှိသွားမည်ဟု ပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဌာနက ပြောကြားသည်။

“ဝူဟန်ဒေသခံတွေမှာ ကိုရိုနာဗိုင်းရပ်စ်ရှိ၊ မရှိ စစ်ဆေးထားတာကို တွေ့ရှိရပြီး ဟူပေမှာ ဆေးဘက်ဆိုင်ရာအရင်းအမြစ်တွေ ကြွယ်ဝတာကိုတွေ့ရှိရပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သတင်းအချက်အလက်တွေကိုလည်း ပွင့်လင်းမြင်သာစွာ ထုတ်ပြန်နေတာကို တွေ့ရတဲ့အတွက် ဒီကို လာရောက်လည်ပတ်ရတာ လုံခြုံတဲ့ခံစားမှုကို ခံစားရပါတယ်” ဟု ယူဘိုရီအမည်ရှိ ဧည့်သည်တစ်ဦးက ပြောကြားသည်။

အဆိုပါခရီးသွားများသည် အဝါရောင် ကြိုးကြာမျှော်စင်သို့ ဇူလိုင်၂၂ရက်က သွားရောက်လည်ပတ်ခဲ့သည်။ ကိန်းဂဏန်းဖော်ပြချက်များအရ ၂၀၁၉ ခုနှစ် အတွင်း ဝူဟန်မြို့သို့ ခရီးသွားဧည့်သည် သန်း ၃၁၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

အီရန်ခရီးသည်တင်လေယာဉ်တစ်စင်းအနီး အမေရိကန်ဂျက်တိုက်လေယာဉ် ချဉ်းကပ်ခဲ့

တီဟီရန် ဇူလိုင် ၂၄

အမေရိကန်ဂျက်တိုက်လေယာဉ်တစ်စင်းသည် ယမန်နေ့က ဆီးရီးယားနိုင်ငံပိုင်လေကြောင်းပိုင်နက်မှ အီရန်ခရီးသည်တင် လေယာဉ်တစ်စင်းအနီးသို့ ချဉ်းကပ်ခဲ့သဖြင့် ခရီးသည်တင်လေယာဉ်ပေါ် လိုက်ပါလာသည့် ခရီးသည်အချို့ ထိခိုက်ဒဏ်ရာများရခဲ့ကြောင်း အီရန်အစိုးရပိုင် သတင်းဌာနက ဖော်ပြသည်။

မန်ဟန်လေကြောင်းအမည်ရှိ အီရန်ခရီးသည်တင် လေကြောင်းလိုင်းမှ လေယာဉ်သည် မြို့တော်တီဟီရန်မှ လက်ဘနွန်နိုင်ငံ မြို့တော်ဘေရွတ်သို့ ပျံသန်းနေစဉ် လက်ဘနွန်နိုင်ငံအတွင်း၌ ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ဂျက်တိုက်လေယာဉ်နှင့် တိုက်မိမှုမှ ရှောင်ရှားနိုင်ရန် အီရန်ခရီးသည်တင်လေယာဉ်မှူးက လေယာဉ်၏အမြင့်ပေကို ရုတ်တရက်ပြောင်းလဲခဲ့သည့်အတွက် ခရီးသည်များ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

ခရီးသည်တင်လေယာဉ်အတွင်း၌ ရိုက်ကူးထားသည့် ဗီဒီယိုမြင်ကွင်း၌ လေယာဉ်ကြမ်းပြင်ပေါ်၌ လူများလဲကျနေသည်ကို မြင်တွေ့ရပြီး လေယာဉ်၏ပြတင်းပေါက်တွင် တိုက်လေယာဉ်ပျံသန်းနေသည်ကို တွေ့မြင်ရသည်။ ဘေရွတ်လေဆိပ်သို့ လေယာဉ်ဆင်းသက်ပြီးနောက် ဒဏ်ရာရခရီးသည်များအား ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။

အမေရိကန် အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ်သည် အီရန်ခရီးသည်တင်လေယာဉ်နှင့် မီတာ ၁၀၀၀ အကွာတွင် ပျံသန်းခဲ့ကြောင်း ဒေသတွင်းရှိ အမေရိကန်တပ်ဖွဲ့များအား ကွပ်ကဲသည့် အမေရိကန်အလယ်ပိုင်း စစ်ဌာနချုပ်က အတည်ပြုပြောကြားသည်။

ဆီးရီးယားနိုင်ငံတောင်ပိုင်းရှိ အယ်လ်တပ် တပ်စခန်းရှိ ညွန့်ပေါင်းတပ်ဖွဲ့ဝင်များ၏ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အီရန်ခရီးသည်တင်လေယာဉ်အား အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ်က မျက်မြင်စစ်ဆေးမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းသို့ကြားဖြတ်စစ်ဆေးခြင်းကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ်သည် အီရန်ခရီးသည်တင်လေယာဉ်နှင့် အန္တရာယ်ကင်းရှင်းသည့်အကွာအဝေးမှ ပျံသန်းခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ယင်းဖြစ်ရပ်အား စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီး ဥပဒေရေးရာနှင့် နိုင်ငံရေးအရ အရေးယူမှုများ ပြုလုပ်သွားမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဘက်စ်မူဆာဗီက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

လာအိုနိုင်ငံ၌ ၁၀၂ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းစင်ခဲ့ပြီးနောက် ရောဂါကူးစက်မှု ထပ်မံတွေ့ရှိ

ဗီယင်ကျန်း ဇူလိုင် ၂၄

လာအိုနိုင်ငံ၌ ရက်ပေါင်း ၁၀၂ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကင်းစင်ခဲ့ပြီးနောက် ယနေ့တွင် ပထမအကြိမ် ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအသစ်မှာ တောင်ကိုရီးယားနိုင်ငံသားတစ်ဦးဖြစ်ပြီး လာအိုနိုင်ငံရှိ ရေအားလျှပ်စစ်စီမံကိန်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ခာတ်ခွဲခန်းနှင့် ကူးစက်ရောဂါ၊ ကာကွယ်ခြင်း ပညာရပ်ဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူး ဖုန်းပါဒစ်ဆန်ဇာယာလတ်က သတင်းစာရှင်းလင်းပွဲတွင် ယနေ့ပြောကြားသည်။

အဆိုပါဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူသည် ဇူလိုင် ၁၈ ရက်တွင် လာအိုနိုင်ငံမှ ဂျပန်နိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံမှတစ်ဆင့်သွားရောက်ခဲ့ပြီး အဆိုပါနေ့မှာပင် လာအိုနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါလူနာသည် အစိုးရက ကိုဗစ်-၁၉ ရောဂါ လူနာများအတွက် သတ်မှတ်ထားသော ဗီယင်ကျန်းမြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိပြီး ၎င်း၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

လာအိုပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန်ချမှတ်ထားသော အစိုးရ၏ လမ်းညွှန်ချက်များကို အပြည့်အဝလိုက်နာရမည်ဟု လာအိုကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖောင်သွန်းမီအောင်ပါ့ခ်က ပြောကြားသည်။

လာအိုအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ချိန်ကတည်းက ယနေ့အထိ လူဦးရေ ၂၄၄၇၉ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်အထိ လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀ စမ်းသပ်တွေ့ရှိခဲ့ရာ ၎င်းတို့အနက် ၁၉ ဦးသည် ရောဂါစတင်ဖြစ်ပွားချိန် မတ် ၂၄ ရက်မှစ၍ ဇွန် ၉ ရက်အကြား ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျော်တီ

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ရှစ်သိန်းကျော်ရှိလာ

မော်စကို ဇူလိုင် ၂၄

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၈၁၁ ဦး စမ်းသပ်တွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၀၀၈၄၉ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးဗဟိုဌာနက ယနေ့ထုတ်ပြန်ထားသည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၅၄ ဦး သေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၀၄၆ ဦးရှိလာကြောင်း သိရသည်။

ထို့အပြင် မြို့တော်မော်စကို၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၄၅ ဦး စမ်းသပ်တွေ့ရှိခဲ့ရာ မော်စကိုမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၃၆၆၁၆ ဦးရှိလာကြောင်း သိရသည်။ မော်စကိုမြို့သည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ခံစားရသည့်မြို့ဖြစ်သည်။



သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၄၄၄ ဦးတို့သည် တစ်ရက်အတွင်း ရောဂါကင်းစင်ခဲ့ကြရာ ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၈၈၇၇၄ ဦးရှိလာကြောင်း သိရသည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်း ရောဂါကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၄ ရက်အထိ တစ်နိုင်ငံလုံးတွင် လူဦးရေ ၂၆ ဒသမ ၃ သန်းနီးပါး၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီး လက်ရှိအချိန်တွင် လူနာ ၂၆၆၃၇၃ ဦးသာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း ရုရှားစားသုံးသူအခွင့်အရေးနှင့် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျော်တီ

ဖိလစ်ပိုင်မြောက်ပိုင်း၌ စစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျ တပ်ဖွဲ့ဝင်လေးဦး သေဆုံး

မနီလာ ဇူလိုင် ၂၄

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် ယမန်နေ့ ညပိုင်းက စစ်ဘက်ရဟတ်ယာဉ်တစ်စင်းသည် အခြေစိုက်စခန်းမှပျံတက်ပြီးမကြာမီ ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့ကြောင်း၊ ပျက်ကျသွားသည့် ရဟတ်ယာဉ်မှာ ဟွေးအမျိုးအစားဖြစ်ကြောင်း ဖိလစ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့(အေအက်ဖ်ပီ)က ယနေ့တွင် အတည်ပြုပြောကြားသည်။

ဖိလစ်ပိုင်လေတပ် (ပီအေအက်ဖ်)မှ ယူအိတ်ချ်-၁ ဒီ ဟွေး အမျိုးအစား ရဟတ်ယာဉ်သည် ညအချိန်ပျံသန်းမှုလေ့ကျင့်ရာတွင် ဇူလိုင် ၂၃ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့ (အေအက်ဖ်ပီ)၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် အက်ဂတ်အီဗာလိုက ပြောကြားသည်။

ရဟတ်ယာဉ်ပျက်ကျမှုတွင် တပ်ဖွဲ့ဝင်တစ်ဦး အသက်ရှင်ကျန်ခဲ့ကြောင်း၊ အဆိုပါရဟတ်ယာဉ်တွင် ရဟတ်ယာဉ်မှူးနှစ်ဦးနှင့် တပ်ဖွဲ့ဝင်သုံးဦးတို့ လိုက်ပါခဲ့ကြောင်း ၎င်းက ပြောကြားသည်။

မနီလာမြို့၏မြောက်ဘက် အစ္စဘဲလာပြည်နယ် ကာယုရမ်မြို့ရှိ ကာယုရမ်လေတပ်အခြေစိုက်စခန်းရှိ အမှတ်(၂၀၅)နည်းဗျူဟာ ရဟတ်ယာဉ်အုပ်မှ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း ဖိလစ်ပိုင်လေတပ် (ပီအေအက်ဖ်)မှ ဇူလိုင် ၂၃ ရက် ညပိုင်းတွင်ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း

အမေရိကန်၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ လေးသန်းကျော်အထိရှိလာ

ဝါရှင်တန် ဇူလိုင် ၂၄

အမေရိကန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက်မှာ လေးသန်းကျော်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ ထုတ်ပြန်သောစာရင်းအရ ဇူလိုင် ၂၂ ရက် တစ်ရက်တည်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ၇၂၀၀၀ ထပ်မံတွေ့ရှိခဲ့ရသည်ဟု သိရသည်။

သုံးသန်းသို့ ရောက်ရှိ

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်မှာ ဧပြီ ၂၈ ရက်တွင် တစ်သန်းပြည့်ခဲ့သည်။ ထို့နောက် ဇွန် ၁၀ ရက်တွင် နှစ်သန်းအထိတိုးလာခဲ့ပြီး ဇူလိုင် ၈ ရက်တွင် သုံးသန်းသို့ ရောက်ရှိခဲ့သည်။

တက္ကဆက်ပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၀၀ ရှိခဲ့ပြီး ကယ်လီဖိုးနီးယားပြည်နယ်တွင် ၁၅၀ သေဆုံးခဲ့သည်။

တက္ကဆက်ပြည်နယ်တွင် ဆေးရုံတက်ရောက်သူ တစ်သောင်းခန့်ရှိပြီး ဆေးရုံများမှာ ရှေ့တန်းစစ်မျက်နှာကဲ့သို့ဖြစ်နေသည်ဟု မီဒီယာများက ပြောကြားသည်။

နှာခေါင်းစည်းဝတ်ဆင်ရန် ငြင်းဆန်

ပြည်နယ်အများစုတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခြင်းကို ရပ်နားထားကြောင်း သိရသည်။ ရောဂါဖြစ်ပွားမှုနှုန်းများကျဆင်းသည်ကို မတွေ့ရသကဲ့သို့ ရောဂါကာကွယ်ရေး ဆောင်ရွက်ချက်များမှာလည်း ပြည့်စုံစွာ မဆောင်ရွက်ထားသည်ကို တွေ့ရှိရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အချို့သောဒေသခံများမှာ နှာခေါင်းစည်းဝတ်ဆင်ရန် ငြင်းဆန်နေကြပြီး ခပ်ခွာခွာနေရေး အစီအစဉ်များကိုလည်း မလိုက်နာကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၃၁၀ စံချိန်တင်တွေ့ရှိပြီး ၇၄၀ ထပ်မံ သေဆုံး

နယူးဒေလီ ဇူလိုင် ၂၄

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၃၁၀ စံချိန်တင် ထပ်မံတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၈၇၉၄၅ ဦး ရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၇၄၀ ထပ်မံသေဆုံးခဲ့ခြင်းနှင့်အတူ အိန္ဒိယ၌ ယင်းရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၆၀၁ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ယနေ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှုန်းသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်ဆုံးနေ့ဖြစ်လာခဲ့သည်။ သို့သော် အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၈၁၇၂၀၉ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၄၄၀၁၃၅ ဦးသာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး ဇူလိုင် ၂၃ ရက်က တစ်ရက်အတွင်း တစ်နိုင်ငံလုံး၌ ပြည်သူ ၃၅၂၈၀၁ ဦးတို့၏ နမူနာကို စမ်းသပ်ခဲ့ခြင်းနှင့်အတူ နိုင်ငံအတွင်း ရောဂါဖြစ်ပွားခဲ့ချိန်ကတည်းက လူဦးရေ ၁၅၄၂၈၁၇၀ တို့၏နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ အရှေ့မြောက်ဘက်ရှိ မဏိပူရပြည်နယ်သည် ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ဇူလိုင် ၂၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီမှစ၍ တင်းကျပ်သော အသွားအလာကန့်သတ်မှုကို ချမှတ်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် အသွားအလာကန့်သတ်မှု ဖြေလျှော့ရေး အဆင့် ၂ ဒသမ သုည ထဲဝင်လာပြီဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုဇုန်များထဲတွင် ကန့်သတ်မှုများကို တင်းကျပ်စွာ ဆက်လက်ချမှတ်ထားကြောင်း သိရသည်။

ဇူလိုင် ၃ ရက်က အိန္ဒိယနိုင်ငံ၏ အရပ်ဘက်လေကြောင်းစောင့်ကြည့်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ပြောဆိုချက်အရ အိန္ဒိယအစိုးရသည် နိုင်ငံတကာလေကြောင်းလိုင်းအားလုံးကို ဇူလိုင် ၃၁ ရက်အထိ ပြည်ဝင်ခွင့် တားမြစ်ပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – ဂျေတီ

ဘဂ္ဂဒက်မြို့၌ ပြန်ပေးဆွဲခံရသော ဂျာမန်အမျိုးသမီး ပြန်လည်လွတ်မြောက်

ဘဂ္ဂဒက် ဇူလိုင် ၂၄

ယခုသီတင်းပတ်အစောပိုင်းက ဘဂ္ဂဒက်မြို့တွင် ပြန်ပေးဆွဲခြင်းခံရသော ဂျာမန်အမျိုးသမီး ဟီလာမီးဝပ်စ်သည် ပြန်လည်လွတ်မြောက်လာပြီး ဂျာမနီနိုင်ငံ သံရုံးက စောင့်ရှောက်မှုပေးထားကြောင်း တာဝန်ရှိသူများက ယနေ့တွင် ပြောကြားသည်။

အီရတ်အထူးတပ်ဖွဲ့ဝင်များနှင့် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်အရှေ့ပိုင်းတွင် စစ်ဆင်ရေးဆင်နွှဲပြီး ၎င်းအား ကယ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အီရတ်ပြည်ထဲရေးဝန်ကြီး အိုမန်အယ်လ်ဂါနီမီက မီးဝပ်စ်အား ဘဂ္ဂဒက်ရှိ ဂျာမနီနိုင်ငံသံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ မီဝပ်စ်သည် ၂၀၁၃ ခုနှစ်ကတည်းက ဘဂ္ဂဒက်မြို့တွင် ပန်းချီ ပညာရှင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ပြီး လုံခြုံရေးတိုးမြှင့်ထားသော အစိမ်းရောင်ဇုန်ပြင်ပတွင် နေထိုင်ခဲ့သူဖြစ်သည်။ မီဝပ်စ်အား ဇူလိုင် ၂၀ ရက် ညနေပိုင်းတွင် အိမ်အပြန်လမ်းပေါ်၌ ကားနှစ်စီးဖြင့် ရောက်ရှိလာသော အမည်မသိအကြမ်းဖက်သမားများက ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။ ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဟိုင်ကိုမက်က မီးဝပ်စ် လွတ်မြောက်လာကြောင်း အတည်ပြုပြောကြားခဲ့ပြီး ၎င်းလွတ်မြောက်လာစေရန် ဝိုင်းဝန်းကူညီပေးခဲ့သည့် အီရတ်အစိုးရတပ်ဖွဲ့ဝင်များအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား–အေအက်ဖ်ပီ

ဘာသာပြန်–စိုးသူရ

ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ၁၅ မိနစ်အတွင်း စစ်ဆေးနိုင်သော ကိရိယာ စင်ကာပူ စမ်းသပ်အောင်မြင်

စင်ကာပူ ဇူလိုင် ၂၄

စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ လျင်မြန်စွာ ရှာဖွေနိုင်သော ကိရိယာတစ်ခုကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါရောဂါရှာဖွေရေးကိရိယာသည် ရောဂါ ရှိ၊ မရှိ ၁၅ မိနစ်အတွင်း စစ်ဆေးပေးနိုင်သည်။

MP Biomedicals Asia Pacific Pte Ltd. ကုမ္ပဏီနှင့် စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ သိပ္ပံနည်းပညာနှင့် သုတေသနအေဂျင်စီတို့က အဆိုပါရောဂါရှာဖွေရေးကိရိယာကို ပူးပေါင်းစမ်းသပ်တီထွင်ခဲ့ကြခြင်းဖြစ်သည်။

ယင်းစမ်းသပ်ကိရိယာသည် ယခင်က ဗိုင်းရပ်စ်ကူးစက်ခံရခြင်း ရှိ၊ မရှိနှင့် ရောဂါကာကွယ်နိုင်သော ပဋိပစ္စည်းများ ဖြစ်ပေါ်စေခြင်းရှိ၊ မရှိ ဆုံးဖြတ်ရာတွင် ကူညီပေးသည်။ ထို့ကြောင့် ရောဂါလက္ခဏာပြသခြင်းမရှိသူများနှင့် ရောဂါလက္ခဏာပျော့သူများအား ရောဂါရှိ၊ မရှိ စစ်ဆေးရာတွင် အထောက်အကူဖြစ်စေသည်ဟု ဆေးဘက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါ ရောဂါရှိ၊ မရှိ လျင်မြန်စွာစစ်ဆေးနိုင်သော ကိရိယာကို စင်ကာပူအမျိုးသားတက္ကသိုလ်ဆေးရုံ၏ ဆေးဘက်ဆိုင်ရာဓာတ်ခွဲဌာနက အကဲဖြတ်စမ်းသပ်စစ်ဆေးခဲ့ပြီး စင်ကာပူ ကျန်းမာရေးသိပ္ပံအာဏာပိုင်များက နိုင်ငံအတွင်း၌ အသုံးပြုရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား–ဆင်ဟွာ

ဘာသာပြန်– အောင်ကျော်ကျော်



အာဖရိကတိုက်၌ ကျန်းမာရေးဝန်ထမ်း ၁၀၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

ဂျီနီဗာ ဇူလိုင် ၂၄

အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ခဲ့သည့်အချိန်မှစပြီး ယနေ့အထိ နိုင်ငံ ၄၀ ၏ ကျန်းမာရေးဝန်ထမ်း ၁၀၀၀၀ ကျော်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အဆိုအရ အာဖရိကတိုက်ဆာဟာရဒေသခွဲ တိုင်းပြည် ၁၄ ခုတွင် ဗိုင်းရပ်စ်ကူးစက်မှုများ၏ ငါးရာခိုင်နှုန်းကျော်မှာ ကျန်းမာရေးဝန်ထမ်းများဖြစ်ပြီး လေးနိုင်ငံတွင် ကူးစက်လူနာများအားလုံး၏ ၁၀ ရာခိုင်နှုန်းကျော်က ကျန်းမာရေးဝန်ထမ်းများဖြစ်သည်ဟု သိရသည်။ အာဖရိကတိုက်၌ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးတွင် ရှေ့တန်းမှပါဝင်နေသည့် ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်နေကြောင်း အာဖရိကတိုက်ဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာမတ်ရှီဒီဆိုမိုတီက ပြောသည်။ ကျန်းမာရေးဝန်ထမ်းများ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်လာခြင်းက တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အလုံအလောက်မရရှိခြင်းနှင့် ရောဂါလက္ခဏာမပြသသော လူနာများနှင့် ထိတွေ့မှုရှိခြင်း အစရှိသောအချက်များကြောင့် ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မှတ်ယူသည်။

"ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျန်းမာရေးဝန်ထမ်းတွေက ကျွန်တော်တို့ရဲ့ မိခင်တွေ၊ အစ်ကိုတွေ၊ အစ်မတွေဖြစ်ပါတယ်။ သူတို့က ကိုဗစ်-၁၉ ရောဂါရှင်လူနာတွေရဲ့ အသက်ကို ကယ်တင်နေပါတယ်" ဟု မိုတီက ဆိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ပြတ်လပ်မှုများ ကာမိစေရန် ကြိုးပမ်းခဲ့ပြီး အာဖရိက ၄၇ နိုင်ငံ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် တရုတ်နိုင်ငံမှတင်ပို့သော တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၄၁ သန်း အသင့်ရှိသည် ဟုဆိုသည်။ ဆီအဲယာလီယွန်နှင့် အိုင်ဗရီကို့စ်နိုင်ငံတို့တွင် ကျန်းမာရေးလုပ်သားများ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် ကျဆင်းလာခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၇၅၀၀၀၀ ကျော်နှင့် သေဆုံးသူ ၁၅၀၀၀ ကျော်ရှိပြီး ကူးစက်လူနာများ၏ ၁၀ ရာခိုင်နှုန်းမှာ ကျန်းမာရေးဝန်ထမ်းများဖြစ်သည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–ကျော်ထိုက်စိုး**

ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၅၇၁၆၀၄၃ ဦး

သေဆုံးသူ
၆၃၇၆၁၈ ဦး

ပြန်လည်ကျန်းမာလာသူ
၉၅၈၈၉၁၁ ဦး

မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

လော်မာအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်/ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၄
တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၂ ရက် ည ၈ နာရီခန့်က တာချီလိတ်မြို့ ပါဆပ် ရပ်ကွက် ခရေလမ်းရှိ တည်းခိုခန်းတွင် တည်းခို နေထိုင်သည့် စိုင်းအွန်ကျော်၏အခန်းအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယမန်နေ့ မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ် မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အာဒီး ကျေးရွာနေ လော်မာ၏နေအိမ်ကို ဝင်ရောက် ရှာဖွေရာ ငွေကျပ်သိန်း ၁၄၅၃ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၆၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလို၊ ဘိန်းစိမ်း သုည ဒသမ ၀၄ ကီလို၊ အိုက်စ် သုည ဒသမ ၀၀၉ ကီလိုနှင့် ပစ္စတိုတစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ လက်ပစ်ဗုံး နှစ်လုံး၊ ပြောင်းချော သေနတ် နှစ်လက်၊ တူမီး နှစ်လက်၊ လေသေနတ် တစ်လက်၊ ပစ္စတိုကျည်အိမ် နှစ်ခု၊ ၁၂ ဗို့ကျည် တောင့် ၁၁၀၊ ပွိုင့် ၃၈ ကျည် ခုနစ်တောင့်၊ ၆ ဒသမ ၃၅ ကျည် ၄၁ တောင့်နှင့် WINCHESTER 40 SAW စာတန်းပါကျည် ၄၇ တောင့်တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ် မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ဟုတ် ကျေးရွာနေ စိုင်းလုံ၏နေအိမ်ကို ဝင်ရောက်ရှာ ဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄၀ ကို လည်းကောင်း။

အလားတူ မွန်းလွဲ ၂ နာရီခွဲတွင်သီပေါမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သီပေါမြို့နယ် ပန်စောက်ကျေးရွာ မန္တလေး- လားရှိုးသွား ကားလမ်း သီပေါတံတားအနီးတွင် အောင်ခင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက်ပိုင်း တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် အမှတ်(၅)ရပ်ကွက် ရေကန်လမ်းသွယ်နေ မခင်ဝေဝေ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၀၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်း ရမိခဲ့ပြီး ကွင်းဆက်အရ လားရှိုးမြို့နယ် ပိန်းဂန်း (တရုတ်) ကျေးရွာနေ မကျိန်ချွင်းရီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၀၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ ငွေကျပ် ၂၅၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မြန်မာမိန်းကလေးနှစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂၄
မြန်မာမိန်းကလေးနှစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နေ ကျော်မောင်၊ ဒေါ်ခင်သန်း၊ ဒေါ်သန်းသန်းမော်၊ ဒေါ်စန်းဝေ၊ ဒေါ်စန္ဒာဦး(ခ)စန္ဒာ၊ ဒေါ်တင်တင်စိုး၊ ဒေါ်သီတာ၊ ဒေါ်ခင်ဆွေဦး တို့သည် မင်္ဂလာဒုံမြို့နယ်နေ အသက် ၁၈ နှစ်အရွယ် မိန်းကလေးနှစ်ဦးအား တရုတ်နိုင်ငံတွင် အလုပ်လုပ်ပါက တစ်လလျှင် ငွေကျပ်သုံးသိန်းခန့်ရမည်၊ နှစ်လတစ်ကြိမ် အိမ်ပြန်ရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့မှုအတွက် မှော်ဘီမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သို့ တရားစွဲတင်ပို့ခဲ့ရာ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် ဇူလိုင် ၂၂ ရက်တွင် တရားခံ ကျော်မောင်၊ ဒေါ်စန်းဝေနှင့် ဒေါ်စန္ဒာဦးတို့အား လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေ ပုဒ်မ ၂၈ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ပြီး တိမ်းရှောင် တရားခံများကို တရားခံပြေး ကြေညာခဲ့ကြောင်း သိရသည်။ ရဲပြန်ကြား

ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၄
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး အတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်း အဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၃ စီး၊ သွင်းကုန် ၂၉၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၄ စီး ကုန်စည်များ သယ်ယူပို့ဆောင် လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေး ရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၅၆ သန်းခန့်) တန်ဖိုးရှိ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Heineken Beer (330)ml (1x24), C/o TH(55) Pkgs အား သိမ်းဆည်းရမိခဲ့ကြောင်း သိရ သည်။ သတင်းစဉ်

မြို့နယ်အချို့၌ သစ်မျိုးစုံ ၄၇ တန် သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၄
လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက် အရ ဇူလိုင် ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်း များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မင်းကင်းမြို့နယ် စမြင်ကြီးကြိုးပြင် ကာကွယ်တောအတွင်း တရားမဝင်ကျွန်းသစ် ၁၁ တန်၊ ပိတ်ချင်းတော ကြိုးပြင်ကာကွယ်တောအတွင်း တာယာဘီးတပ်လှည်း လေးစီးနှင့်အတူ တရားမဝင် ပျဉ်းကတိုး၊ အင်၊ ကညင်၊ သစ်ရာသစ်/ခွဲသား ၁၅ တန်၊ တန့်ဆည်မြို့နယ် ရွာမုံတောင် ကြိုးပြင်ကာကွယ်တောအတွင်း ဇီးပြား ချောင်းဘေး အင်တိုင်းတောအတွင်းမှ တရားမဝင် အင်ခွဲသား ငါးတန်၊ ဆောမြို့နယ် ကြီးကျေးရွာအနောက်မြောက်ဘက် ၂ မိုင် ၃ ဖာလုံခန့် အကွာ ဒန့်ဒီးကြိုးဝိုင်းအကွက်အမှတ် ၂၆ အတွင်း တရားမဝင်ကျွန်း ခွဲသား လေးတန်အား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် အင်းတော်မြို့နယ် ကွင်းချောင်းကျေးရွာ အနောက် မြောက်ဘက် တစ်မိုင်ခန့်အကွာမှ တရားမဝင်ကျွန်းသစ် ၁၃ တန်အား စက်လှေတစ်စင်းပေါ်မှ ပြစ်မှုကျူးလွန်သူ နှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)

မော်လမြိုင်၌ မြေတူးရာမှ သစ်ပင်နှင့်မြေသားများ ပြိုကျ အလုပ်သမားတစ်ဦး သေဆုံး

မော်လမြိုင် ဇူလိုင် ၂၄
မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ သာသနာ(၂၅၀၀) ဘုန်းတော်ကြီးကျောင်း အနောက် ဘက်တောင်စောင်းမြေထိန်းနံရံပြုလုပ်ရန် အတွင်းအောက်ခြေမြေသားများ တူးရာမှ အပေါ်ဘက်ရှိ သစ်ပင်နှင့် မြေသားများပြိုကျ၍ အလုပ်သမားတစ်ဦး ပိမိကာ သေဆုံးမှု ယနေ့ နံနက် ၁၀ နာရီက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး၊ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွန်းဦး၊ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မော်လမြိုင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ပြိုကျမြေကြီးများအား ဝိုင်းဝန်းတူးဖော်ခဲ့ရာ နံနက် ၁၁ နာရီတွင် အလုပ်သမား ဦးခိုင်မျိုးထွန်း၏ ရုပ်အလောင်းအား တွေ့ရှိခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

တာချီလိတ်-မိုင်းဆတ်သွား ကားလမ်း၌ ယာဉ်တစ်စီးချောက်ထဲကျရာမှ တစ်ဦးသေဆုံး

တာချီလိတ် ဇူလိုင် ၂၄
တာချီလိတ်မြို့ တာချီလိတ်-မိုင်းဆတ်သွား ကားလမ်း တောင်ရွှေနီကုန်းအဆင်း၌ ယမန်နေ့ ညနေပိုင်းက ယာဉ်တစ်စီး ချောက်အတွင်း ထိုးကျ၍ တစ်ဦးဒဏ်ရာရရှိ ပြီး တစ်ဦးသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ တာချီလိတ်- မိုင်းဆတ်သွား ကားလမ်းပေါ်တွင် တာချီလိတ်မှ မိုင်းဆတ် သို့ ရွှေမိုးနိုင်၊ ပါလွှံ(၁) တာချီလိတ်မြို့နေသူ မောင်းနှင်ပြီး ဖိုးကျော် စက်မှုဇုန် ဆေးခမ်း ရပ်ကွက်နေသူတို့ လိုက်ပါလာသည့် ယာဉ်သည် တာချီလိတ်မြို့ မိုင်တိုင်အမှတ် (၈၇-၈၈) ကီလိုမီတာကြား တောင်ရွှေနီကုန်းအဆင်း အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက် ချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့သည်။

အခင်းဖြစ်နေရာသို့ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၁၂၁)တာချီလိတ်မှ ရဲအုပ် ထွဋ်နောင်နောင် ထွန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ သွားရောက် စစ်ဆေးခဲ့ရာ ယာဉ်မောင်းတွင် ဒဏ်ရာ အနည်းငယ်ရရှိပြီး ဖိုးကျော်သည် အခင်းဖြစ် နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

သုဝဏ္ဏဝတီမြို့၌ သုံးဘီးဆိုင်ကယ် တိမ်းမှောက်၍ တစ်ဦးသေဆုံး

သုဝဏ္ဏဝတီ ဇူလိုင် ၂၄
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး နောင်ဘိုကျေးရွာ၌ ယနေ့ မွန်းလွဲ ၂ နာရီခန့်က အဝေးပြေးလမ်းမကြီးပေါ်တွင် သုံးဘီး ဆိုင်ကယ်တစ်စီး အရှိန်လွန်ကာ ဓာတ်တိုင်ဝင်တိုက်၍ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သဖြင့် သုံးဘီးဆိုင်ကယ်မောင်းနှင်သူ သေဆုံး ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နောင်ဘိုကျေးရွာ၌ သုံးဘီးဆိုင်ကယ်တစ်စီး တိမ်းမှောက်ကြောင်း သတင်းရရှိသဖြင့် သိမ်ဆိပ်နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်သန့်ဇင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အသိသက်သေများက သွားရောက်စစ်ဆေးရာ သထုံမှ သုဝဏ္ဏဝတီသို့ ဦးသန်းလွင် ပိုင်ဒဝယ်ကျေးရွာ ဘီးလင်းမြို့နေသူ မောင်းနှင်ပြီး ၎င်း၏သားဖြစ်သူ မောင်ဝင်းကျော် လိုက်ပါစီးနင်းလာသော သုံးဘီးဆိုင်ကယ်သည် အဆိုပါနေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်ကို တိုက်မိပြီး လမ်းဘေးထိုးကျတိမ်းမှောက်၍ ယာဉ်မောင်းနှင်သူမှာ အခင်းဖြစ်နေရာ တွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

ခွန်(ဝင်းပ)

သတိကို လက်မလွှတ်ရမယ့်အချိန်

ကျွန်မတို့နိုင်ငံမှာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းတွေ ကြပ်ကြပ်မတ်မတ်ချပြီး Covid ကာကွယ်ရေး ဆောင်ရွက်ခဲ့တာ သုံးလတင်းတင်းတောင် မပြည့်သေးပါဘူး။ သည်းမခံနိုင်တော့တဲ့သူတွေကို မြင်နေရပါတယ်။ ဒီလိုအခြေအနေက ကြောက်သင့်လို့ ကြောက်ရမဲ့ (ဝါ) သတိကို လက်မလွှတ်ရမယ့် အချိန်ပါ။ Covid စိန်ခေါ်မှုကြီးကိုကျော်လွှားနိုင်ပြီလို့ တရားဝင်ကြေညာခဲ့တဲ့ နိုင်ငံအချို့မှာ Covid ပြန်လည်တွေ့နေရပါပြီ။ ကြောက်စရာပါ။

ထပ်မံပြီး သတိပေးပါရစေ၊ ဒုတိယ Covid လှိုင်းဟာ ပထမထက်ဆိုးဖို့ရာများတယ်လို့ လေ့လာထားသူတွေက သုံးသပ်ပါတယ်။ ကျွန်မတို့ ပထမလှိုင်းကို ကျော်လွှားနိုင်ခဲ့တာလည်း လွယ်လွယ်နဲ့မဟုတ်ပါဘူး။ ငွေအင်အား၊ လူအင်အား၊ စိတ်ဓာတ်အင်အား အင်အားအမျိုးမျိုး ရင်းနှီးခဲ့ရပါတယ်။ ဒီရင်းနှီးမှုတွေ အဟောသိကံ မဖြစ်သွားဖို့ ကျွန်မတို့ စိတ်အင်အားတွေ အဆက်မပြတ်ထုတ်ရပါဦးမယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏
၁၇-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၄-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမအသုတ်)ဓာတ်ခွဲနမူနာ (၈၇၄)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၅၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၉၇) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၃) ခု
  စုစုပေါင်း (၁၃၂၉)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃) ဦးတွေ့ရှိရပါသည်။

၂။ (၂၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၆) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက်ပိုးမတွေ့ရှိသူ (၄) ဦး (Case- 293, 328, 329, 330) စုစုပေါင်း(၂၈၆) ဦး ရှိပါသည်။ ၎င်းတို့အနက် (၂၆၉)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၃-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၂၄-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၉) ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၄-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၈၇၄) ခု
(၂၄-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၅၅) ခု
(၂၄-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၉၇) ခု
(၂၄-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၃) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၃) ဦး	(၃၄၆) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၄) ဦး	(၂၈၆) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

(၂၄-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု	ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ	ဆေးကုသမှု ခံယူနေသည့် ဆေးရုံ	COVID-19 ဓာတ်ခွဲ အခြေ	မှတ်ချက်
344	၂၄ နှစ်	ကျား	[illegible]	မရှိ	ရှိ ([illegible])	[illegible]	[illegible]	[illegible]
345	[illegible]	ကျား	[illegible]	မရှိ	ရှိ ([illegible])	[illegible]	[illegible]	
346	[illegible]	မ	[illegible]	မရှိ	ရှိ ([illegible])	[illegible]	[illegible]	[illegible]

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၃-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၅၀၈) ခု အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၂၃-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၇၉၆) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၅၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၅၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၆၆) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂) ခု၊

စုစုပေါင်း (၁၂၇၆) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၃။ (၂၄-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၃)ဦးရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၂၄-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၂၃-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း	(၅၀၈) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

လှိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများသို့ ထောက်ပံ့ငွေများပေးအပ်

လှိုင်ကော် ဇူလိုင် ၂၄
ကယားပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို လှိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့တွင် ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ပြည်နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများဖြစ်သည့် လှိုင်ကော်မြို့နယ်မှ အိမ်ထောင်စု ၇၁၃၁ စု၊ ဒီးမော့ဆိုမြို့နယ်မှ အိမ်ထောင်စု ၅၈၁၂ စု၊ ဖရူဆိုမြို့နယ်မှ အိမ်ထောင်စု ၁၁၉၇ စု၊ ရှားတောမြို့နယ်မှ အိမ်ထောင်စု ၂၇၈ စု၊ ဘောလခဲမြို့နယ်မှ အိမ်ထောင်စု ၅၇၀၊ ဖားဆောင်းမြို့နယ်မှ အိမ်ထောင်စု ၁၁၃၆ စုနှင့် မယ်စဲ့မြို့နယ်မှအိမ်ထောင်စု ၅၇၄ စု စုစုပေါင်း အိမ်ထောင်စု ၁၆၆၉၈ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၃၃၉၆၀၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးလှိုင်ဌေး(ပြန်/ဆက်)

စဥ့်ကိုင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနည်း တောင်သူပညာပေး သရုပ်ပြပွဲ ကျင်းပ

စဥ့်ကိုင် ဇူလိုင် ၂၄
ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ Cash for Work စီမံချက်ဖြင့် စဥ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာအုပ်စု စံပြကျေးရွာ၌ အမှတ် (၇၄) စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် အခမဲ့မိုးစပါးစိုက်ပျိုးနည်း တောင်သူပညာပေး သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက စံပြကွင်းအမှတ် (၅၂) တောင်သူ ဦးဆန်းလွင်၏ စိုက်ပျိုးလယ်ယာမြေ၌ ကျင်းပခဲ့သည်။

စီးပွားရေးကုစားမှု

အဆိုပါသရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဆန်းအောင်က တောင်သူများအား နိုင်ငံတော်က ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan-CERP) အရ တောင်သူများ စီးပွားရေးအခက်အခဲ မဖြစ်ပေါ်စေရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရေးနှင့် ကျေးလက်နေပြည်သူများ မျိုးစေ့ချခြင်း၊ ပျိုးထောင်ခြင်း၊ ရေလောင်းပေါင်းသင်ခြင်း၊ ပျိုးသယ်ယူခြင်း၊ ကြားပေါင်းလိုက်ခြင်းများဖြင့် အလုပ်အကိုင်များ ရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဆန်းအောင်၊ ခရိုင်ဦးစီးဌာနမှူး ဦးကျော်မင်းဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ ကြသည်။

အဆိုပါစံပြကွင်း၌ ကောက်စိုက်စက်ဖြင့် မိုးစပါးများ အခမဲ့စိုက်ပျိုးပေးခြင်းကို ကွင်းအမှတ်(၅၂) တောင်သူ ဦးဆန်းလွင်ပါ ၁၂ ဦး၏ လယ်ယာမြေ ၂၅ ဧကတွင် စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မြင်းမူမြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွက် နိုင်ငံတော်က ဒုတိယအကြိမ်ထောက်ပံ့ငွေများ ပေးအပ်

မြင်းမူ ဇူလိုင် ၂၄
ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများစားဝတ်နေရေး လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိနိုင်ရန်အတွက် ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်သည့်ထောက်ပံ့ငွေများကို မြင်းမူမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ နေအိမ်အသီးသီးသို့ ယနေ့မှစ၍ သက်ဆိုင်ရာအဖွဲ့အစည်းများက လိုက်လံပေးအပ်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာလဖြစ်သည့်အတွက် ငွေများထုတ်ပေးရာတွင် လူစုလူဝေး မဖြစ်စေရေးအတွက် အခြေခံလူတန်းစားစာရင်းပါ အိမ်ထောင်စုများထံ လက်ဝယ်အရောက် ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ဇူလိုင် ၂၇ ရက်တွင် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်လွင်ထံမှ သိရသည်။

ယခု ဒုတိယအကြိမ်အဖြစ် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံပေးအပ်ခြင်းဖြစ်ပြီး မြင်းမူမြို့နယ်အနေဖြင့် အိမ်ထောင်စုပေါင်း ၂၅၉၄၀ အတွက် ထောက်ပံ့ငွေပေါင်းမှာ ငွေကျပ် ၅၁၈၈ သိန်းဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ(မြင်းမူ)

မြန်မာနိုင်ငံစာရေးဆရာအသင်း (အင်းစိန်မြို့နယ်) နှစ်ပတ်လည်ညီလာခံနှင့် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ကိုဗစ်ကာကွယ်ရေးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄
မြန်မာနိုင်ငံ စာရေးဆရာအသင်း (အင်းစိန်မြို့နယ်)မှ ဇူလိုင် ၂၆ ရက်တွင် ကျင်းပမည့် (၂၀၁၉/၂၀၂၀) ပြည့်နှစ် အင်းစိန်မြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်ညီလာခံနှင့် သက်ကြီးစာပေ ပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း (အင်းစိန်မြို့နယ်) စာရေးဆရာအသင်း ရုံးခန်း၌ ယမန်နေ့က ကျင်းပခဲ့သည်။

ကာကွယ်ရေးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း (အင်းစိန်မြို့နယ်) စာရေးဆရာအသင်းဝင်၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (အင်းစိန်မြို့နယ်) ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ- တောင်တွင်းကြီး) က "ယခုလို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလမှာ နိုင်ငံတော်ရဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ ကလောင်လက်နက်နဲ့ တိုင်းပြည် တည်ဆောက်ရေး လုပ်ငန်းတွေကို ဆောင်ရွက်နေကြတဲ့ သက်ကြီး စာပေ ပညာရှင်ကြီးတွေ ကျန်းမာရေးနဲ့ ဘဝရပ်တည်နိုင်ရေးတို့အတွက် အထောက်အကူဖြစ် စေဖို့ရည်ရွယ်ပြီး လှူဒါန်းရတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တက်ရောက်လာကြသည့် သက်ကြီးစာပေ ပညာရှင်ကြီးများနှင့် စာရေးဆရာအသင်းဝင်များအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များနှင့် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း (အင်းစိန်မြို့နယ်) ဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း)က လက်ခံရယူခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

ရေဦး၌ ငါးသယံဇာတထိန်းသိမ်းရေး ဆောင်ရွက်

ရေဦး ဇူလိုင် ၂၄
ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်နှင့် ငါးသယံဇာတများ ရေရှည်တည်တံ့ပေါများလာစေရန်ရည်ရွယ်၍ ယမန်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးမြင့်နိုင်နှင့် ဝန်ထမ်းများက ရေဦးမြို့နယ် ငါးသယံဇာတထိန်းသိမ်းရေးကြီးကြပ်မှုအဖွဲ့နှင့်အတူ ရေဦးမြို့နယ် ဇီးကုန်းကျေးရွာနှင့် ပေါက်တောကျေးရွာအနီးရှိ ရေဦးမြောင်းမတော်၊ မရကန်လက်တံခွဲနှင့် လယ်ကြားမြောင်းများတစ်လျှောက် တရားမဝင်လျှပ်စစ်ရှော့တိုက် ငါးဖမ်းဆီးမှုများ မရှိစေရေးနှင့် ငါးရစ်၊ ငါးသန်ကာလအတွင်း ငါးဖမ်းဆီးမှုများ မရှိစေရေးတို့အတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဥ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ သုံးဦး ထပ်မံတွေ့ရှိ၊ စုစုပေါင်း ၃၄၆ ဦးရှိသွားပြီ

နေပြည်တော် ဇူလိုင် ၂၄

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ သုံးဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၄၆ ဦးရှိပြီဖြစ်ကြောင်း၊ ၎င်းတို့မှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားနှစ်ဦးနှင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ အမျိုးသမီး တစ်ဦးတို့ဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၄၆ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၂၈၆ ဦးရှိပြီး ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၆၉ ဦး ရှိကြောင်းနှင့် ဇူလိုင် ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၂၄ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၀၇၉၂၈	၃၄၆
ရောဂါပိုးကင်းစင်သွားသူ	သေဆုံးသူ
၂၈၆	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၆၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၆၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြချက်

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၆၅	၅
၂	ရခိုင်	၁၅	
၃	ချင်း	၁၄	
၄	စစ်ကိုင်း	၆	
၅	ပဲခူး	၆	၁
၆	မွန်	၆	
၇	ရှမ်း(တောင်)	၄	
၈	မန္တလေး	၄	
၉	ကရင်	၄	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ရှမ်း(ရှေ့)	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၁	
စုစုပေါင်း		၃၄၆	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၄-၇-၂၀၂၀ ရက်၊ ည ၈ း ၀၀ နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၄၁၇၃၇၇၈	၁၉၈၀၄၅၂	၁၄၇၃၆၄
ဘရာဇီး	၂၂၉၂၂၈၆	၁၅၇၀၂၃၇	၈၄၂၅၁
အိန္ဒိယ	၁၃၁၂၅၅၁	၈၃၁၀၅၉	၃၀၈၂၁
ရုရှား	၈၀၀၈၄၉	၅၈၈၇၇၄	၁၃၀၄၆
တောင်အာဖရိက	၄၀၈၀၅၂	၂၃၆၂၆၀	၆၀၉၃
ပီရူး	၃၇၁၀၉၆	၂၅၅၉၄၅	၁၇၆၅၄
မက္ကဆီကို	၃၇၀၇၁၂	၂၃၆၂၀၉	၄၁၉၀၈
ချီလီ	၃၃၈၇၅၉	၃၁၁၄၃၁	၈၈၃၈
စပိန်	၃၁၇၂၄၆	စိစစ်ဆဲ	၂၈၄၂၉
ဗြိတိန်	၂၉၇၁၄၆	စိစစ်ဆဲ	၄၅၅၅၄

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အင်ဒိုနီးရှား	၉၅၄၁၈	၅၃၉၄၅	၄၆၆၅
ဖိလစ်ပိုင်	၇၆၄၄၄	၂၄၅၀၂	၁၈၇၉
စင်ကာပူ	၄၉၃၇၅	၄၅၀၁၅	၂၇
မလေးရှား	၈၈၆၁	၈၅၇၇	၁၂၃
ထိုင်း	၃၂၇၉	၃၁၀၇	၅၈
ဗီယက်နမ်	၄၁၃	၃၆၅	၀
မြန်မာ	၃၄၆	၂၈၆	၆
ကမ္ဘောဒီးယား	၂၀၂	၁၄၂	၀
ဘရူနိုင်း	၁၄၁	၁၃၈	၃
လာအို	၂၀	၁၉	၀

ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၃၆ ဦး ထပ်မံဝင်ရောက်

ချင်းရွှေဟော် ဇူလိုင် ၂၄

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ၁၇ ဦးနှင့် ယနေ့ ညနေ ၃ နာရီက ၁၉ ဦး စုစုပေါင်း နေရပ်ပြန် ပြည်သူ ၃၆ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၃၆ ဦးတို့မှာ အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၁၁ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်မှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်မှ တစ်ဦး၊ အုတ်တွင်းမြို့နယ်မှ တစ်ဦး၊ မိုးညှင်းမြို့နယ်မှ ခုနစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်မှ လေးဦး၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ သုံးဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များမှ ၁၇ ဦးတို့ဖြစ်ကြကာ ၎င်းတို့အား ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ရေသန့်ဘူး၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် သက်ဆိုင်ရာဒေသများသို့ ပြန်လည်ရောက်ရှိစေနိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၅၇၄ ဦးနှင့် အမျိုးသမီး ၆၀၉၂ ဦးတို့ဖြစ်ပြီး စုစုပေါင်း ၁၃၆၆၆ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

၎င်းနေရပ်ပြန် ပြည်သူများသည် တရုတ်နိုင်ငံတွင် ဆေးမြစ်စက်ရုံ၊ သစ်စက်၊ အုတ်စက်နှင့် အခြား စိုက်ပျိုးသီးနှံလုပ်ငန်းများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသူများဖြစ်ကြောင်း သိရသည်။**ဇင်ဇင်(ပြန်/ဆက်)**

ရန်ကုန်မြို့ရှိ ဖျားနာကုအခမဲ့ဆေးခန်းများ၌ လူနာများအား ကြည့်ရှုစစ်ဆေးပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၂၄

ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း ရန်ကုန်မြို့ရှိ ဖျားနာကုဆေးခန်းများ၌ ရွေ့လျားဓာတ်မှန်စက်ကြီးများဖြင့် တီဘီရောဂါအပြင် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါများပါ အခမဲ့ ကြည့်ရှုစစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

"ပထမတော့ ကိုဗစ်သံသယအုပ်စုပေ့ါ။ ဇူလိုင် ၁ ရက်ကစပြီး တီဘီသံသယလူနာတွေကို ရွေ့လျားဓာတ်မှန်စက်ကြီးတွေနဲ့ တီဘီရောဂါ ရှိ၊ မရှိ အခမဲ့စစ်ဆေးပေးတယ်။ အခုက နောက်တိုးအစီအစဉ်အနေနဲ့ သွေးတိုး၊ ဆီးချို၊ နှလုံး နာတာရှည်ရောဂါအုပ်စုကိုပါ အခမဲ့ကြည့်ရှုစစ်ဆေးပေးနေပါတယ်" ဟု ရွှေပြည်သာမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်းတာဝန်ခံ ဒေါက်တာသစ်လွင်က ပြောသည်။

"လောလောဆယ် ဆေးခန်းတွေက ဒီအတိုင်းပဲ ဆက်သွားနေတယ်။ ကိုဗစ်အခြေအနေကို စောင့်ကြည့်နေတယ်။ ဒုတိယလှိုင်းအတွက်လည်း အဆင်သင့်လုပ်ထားတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း လူနာတွေတိုးလာနေတာဆိုတော့ ကျွန်တော်တို့ဆီမှာလည်း တိတိကျကျပြောလို့မရသေးဘူး။ လက်ရှိမှာ လူနာကလည်း နည်းသွားတော့ ဆေးခန်းရက်လျှော့တာတွေတော့ရှိတယ်။ ကျန်တာကတော့ အားလုံးပုံမှန်အတိုင်း ဆက်သွားနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ဖျားနာကုအခမဲ့ဆေးခန်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ လှိုင်သာယာ၊ အင်းစိန်၊ အရှေ့ဒဂုံ၊ ရွှေပြည်သာ၊ တောင်ဒဂုံ၊ တောင်ဥက္ကလာပ၊ ကြည့်မြင်တိုင်၊ မှော်ဘီ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကင်း၊ လှိုင်၊ သာကေတ၊ မြောက်ဥက္ကလာပ၊ မရမ်းကုန်း၊ တွံတေး၊ ခရမ်း၊ သန်လျင်စသည့် မြို့နယ်များ၌ ဖွင့်လှစ်ထားကြောင်း သိရသည်။

အေးမင်းသူ

ကလေးမြို့၌ ကိုဗစ် - ၁၉ ရောဂါကာလ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

ကလေး ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေစဉ်အတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျုံးလျန်ထန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ကလေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စု ၄၄၀၆၄ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၈၈၁၂၈၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် ထောက်ပံ့ငွေများအား ပေးအပ်ရာတွင် တိကျမှန်ကန်မှုရှိရန်နှင့် အလွဲသုံးစားမှုများ မဖြစ်ပေါ်စေရန် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာများမှ တာဝန်ရှိသူများက ကျေးရွာများအလိုက် အိမ်တိုင်ရာရောက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထန်းဖုန် (ပြန်/ဆက်)

လင်းခေးမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

လင်းခေး ဇူလိုင် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်ဖြင့် အခြေခံစားကုန် ထောက်ပံ့ငွေများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

လင်းခေးမြို့နယ်အတွင်းရှိ ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများ၊ လက်လုပ်လက်စားများ၊ မသန်စွမ်းသူများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နေရာများမှ အိမ်ထောင်စု ၃၆၆ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၇၃၂၀၀၀၀ ကို ယနေ့တွင် စတင်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဆားလင်းကြီးမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

ဆားလင်းကြီး ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကျွဲခိုတောကျေးရွာအုပ်စုတွင် ယနေ့ မွန်းလွဲပိုင်းက ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ တတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို ကျေးရွာများအရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ငွေများပေးအပ်ရာတွင် အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက ကျွဲခိုတောကျေးရွာအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၆၇ စု၊ ပေါက်တောကျေးရွာမှ အိမ်ထောင်စု ၅၄ စု၊ ဆင်ဖြူခြေကျေးရွာမှ အိမ်ထောင်စု ၄၂ စု၊ မြင်သာကုန်းကျေးရွာမှ အိမ်ထောင်စု ၂၀၊ ကုန်းပိုင်းကျေးရွာမှ အိမ်ထောင်စု ၁၉ စု စုစုပေါင်း အိမ်ထောင်စု ၂၀၂ စုတို့အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၀၄၀၀၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆားလင်းကြီး(ပြန်/ဆက်)

မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၂၅ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၂၄

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၂၅ ဦးသည် မြဝတီအမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်တွင် ၆၆၇ ဦး၊ ဇူလိုင် ၂ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၃ ရက်တွင် ၁၁၃၄ ဦး၊ ဇူလိုင် ၄ ရက်တွင် ၈၁၃ ဦး၊ ဇူလိုင် ၅ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၆ ရက်တွင် ၁၁၄၂ ဦး၊ ဇူလိုင် ၇ ရက်တွင် ၈၅၁ ဦး၊ ဇူလိုင် ၈ ရက်တွင် ၆၆၈ ဦး၊ ဇူလိုင် ၉ ရက်တွင် ၇၈၃ ဦး၊ ဇူလိုင် ၁၀ ရက်တွင် ၅၆၀၊ ဇူလိုင် ၁၁ ရက်တွင် ၆၁၁ ဦး၊ ဇူလိုင် ၁၂ ရက်တွင် ၆၃၄ ဦး၊ ဇူလိုင် ၁၃ ရက်တွင် ၅၃၀၊ ဇူလိုင် ၁၄ ရက်တွင် ၃၇၉ ဦး၊ ဇူလိုင် ၁၅ ရက်တွင် ၃၀၆ ဦး၊ ဇူလိုင် ၁၆ ရက်တွင် ၄၂၄ ဦး၊ ဇူလိုင် ၁၇ ရက်တွင် ၅၉၆ ဦး၊ ဇူလိုင် ၁၈ ရက်တွင် ၆၄၃ ဦး၊ ဇူလိုင် ၁၉ ရက်တွင် ၄၆၆ ဦး၊ ဇူလိုင် ၂၀ ရက်တွင် ၆၂၆ ဦး၊ ဇူလိုင် ၂၁ ရက်တွင် ၇၄၈ ဦး၊ ဇူလိုင် ၂၂ ရက်တွင် ၇၃၇ ဦး၊ ယမန်နေ့တွင် ၆၂၂ ဦး၊ ယနေ့တွင် ၄၂၅ ဦး စုစုပေါင်း ၅၂၈၃၉ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၆၄ ဦး၊ အမျိုးသမီး ၁၆၁ ဦး စုစုပေါင်း ၄၂၅ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ငါးမွေးတောင်သူများအား ငါးသားပေါက်များ ဖြန့်ဖြူးရောင်းချသွားမည်

မင်းတပ် ဇူလိုင် ၂၄

ချင်းပြည်နယ် မင်းတပ်ခရိုင်အတွင်းရှိ တစ်ပိုင်တစ်နိုင်ငါးသားဖောက်စခန်းများတွင် ငါးဆေးထိုးသားဖောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ မင်းတပ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများသည် မင်းတပ်မြို့နယ် ဘောင်ထဲကျေးရွာရှိ ဦးလောဟုန်း၏ တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်း၌ ငါးခုံးမကြီး ငါးဆေးထိုးသားဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ရရှိလာသော ငါးသားပေါက်များအား အနီးဝန်းကျင်ရှိ ငါးမွေးတောင်သူများထံ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

လဲချားမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

လဲချား ဇူလိုင် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများမှ ရပ်ကွက်(၄)အတွင်း သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက် ၈ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးကွင်းဆင်းဆောင်ရွက်ရာတွင် ရပ်ကွက်(၄)အတွင်းရှိ စာသင်ကျောင်း၊ လူနေအိမ်များအား တစ်အိမ်တက်ဆင်း သွားရောက်၍ နေအိမ်ခြံဝင်းအတွင်း ပန်းအိုးများ၊ ရေတွင်း ရေကန်များ၊ ရေစည်များ၊ ရေအိုးရေခွက်များနှင့် ရေဝပ်နိုင်သော ပစ္စည်းများအတွင်း ပိုးလောက်လမ်းများ မပေါက်ပွားစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ပြုလုပ်ခြင်းနှင့် ရေတွင်းရေကန်များ၊ ရေစည်များအတွင်း အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အပတ်စဉ် သောကြာနေ့တိုင်း မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများအား

ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အုပ်စုခွဲ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လွှမ်းသူနောင် (ပြန်/ဆက်)

သနပ်ပင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး ပိုစတာနှင့် ငါးသယံဇာတထိန်းသိမ်းရေးပိုစတာများ စိုက်ထူ

သနပ်ပင် ဇူလိုင် ၂၄

သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၂ ရက်တွင် သနပ်ပင်မြို့နယ် စည်ပင်သာယာဈေးရှေ့နှင့် လူစည်ကားရာနေရာများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး ပိုစတာနှင့် ငါးသယံဇာတထိန်းသိမ်းရေးပိုစတာများ စိုက်ထူခဲ့ပြီး လက်ကမ်းစာစောင်များအား ဈေးသူ ဈေးသားများကို ဖြန့်ဝေခဲ့ကြောင်းနှင့် ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် မိုးယွန်းကြီးအင်း (ဘေးမဲ့တော)၌ ငါးသယံဇာတထိန်းသိမ်းရေး ပိုစတာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး ပိုစတာများ စိုက်ထူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရွှေနေနှင့် ဦးသန့်

ဦးဟန်ညွှန့် (ဥပဒေ)

နိဒါန်း

“ဆရာ”

“ဗျာ”

“ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ”

“ရွှေနေနှင့် ဦးသန့်ပါတဲ့”

“ဘာကိုဆိုလိုတာလဲဆရာ”

“မြန်မာလူမျိုး၊ မြန်မာ့ခေါင်းဆောင်အဖြစ် ကမ္ဘာမှာ ကျော်ကြားခဲ့တဲ့ ပန်းတနော်သား ဦးသန့်အကြောင်း ရေးထားတဲ့စာအုပ်နဲ့ပတ်သက်ပြီး လူငယ်တွေကို ရေးပြချင်လို့ပါ ”

“စိတ်ဝင်စားပါတယ်ဆရာ”

“ဖတ်ကြည့်ကြပါစို့”

အတ္ထုပ္ပတ္တိဆိုတာဘာလဲ

“အတ္ထုပ္ပတ္တိဆိုတာ အင်္ဂလိပ်လိုတော့ Biography.... Biographia ဆိုတဲ့ ခေါမစကားလုံးက လာတယ်။ Bio ဆိုတာ ဘဝ၊ Life graph ဆိုတာ writing ရေးသားခြင်း၊ ဘဝကို ရေးသားခြင်း၊ အဲဒါ Biography ကျွန်တော်တို့ မြန်မာမှာတော့ ပါဠိကလာတယ်။ အတ္ထုပ္ပတ္တိဆိုတာ အဖြစ်အပျက်၏ အကြောင်းအရာ၏ အဖြစ်အပျက်၊ အကြောင်းအရာတစ်ခု ဘယ်လိုဖြစ်သလဲ။ ဘယ်လို ပျက်သွားသလဲ၊ အဲဒါကို အတ္ထုပ္ပတ္တိလို့ ခေါ်ပါတယ်”ဟု စာရေးဆရာကြီး မြသန်းတင့်က ရေးသားပြောကြားခဲ့ဖူးပါသည်။

စာအုပ်တိုက်၏ ရည်ရွယ်ချက်

“အတ္ထုပ္ပတ္တိ” ဟူသည် ပါဠိစကားလုံးဖြစ်သည်။ အနက်အဓိပ္ပာယ်မှာ “အကြောင်းအရာ၏ ဖြစ်ခြင်း” ဟု အဓိပ္ပာယ်ရသည်။ ယင်းပါဠိစကားကိုယူ၍ မြန်မာစာပေ၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝဖြစ်ရပ်အား ရေးသားတင်ပြသည့် စာပေအမျိုးအစားကို အတ္ထုပ္ပတ္တိစာပေဟူ၍ ခေါ်ဆိုသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ဘဝနှင့် စရိုက်ကို ဖော်ပြသည့်စာသည် အတ္ထုပ္ပတ္တိဖြစ်သည်။ အတ္ထုပ္ပတ္တိသည် ကဗျာ၊ ပြဇာတ်၊ ဝတ္ထုစသည်တို့ကဲ့သို့ပင် စာပေ၏ အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်သည်။

စာပေ၏ အခြားအင်္ဂါအစိတ်အပိုင်းတစ်ခုကဲ့သို့ပင် အတ္ထုပ္ပတ္တိသည် စာဖတ်သူတို့အား “စိတ်ဝင်စားမှုလည်း ဖြစ်ပွားစေသည်။ အကျိုးလည်း များစေသည်။ အတ္ထုပ္ပတ္တိကိုဖတ်လျှင် စာဖတ်သူသည် စိတ်ဝင်စားမှုရရှိပြီး မိမိအတွက် အကျိုးများစေမည့် အချက်အလက်များကို သိရှိနားလည်နိုင်သည်။ အခြားသောပုဂ္ဂိုလ်များ၏ ဘဝဖြစ်ရပ်နှင့် စရိုက်ကို သိရှိနားလည်ပါက မိမိဘဝဖြစ်ရပ်နှင့်စရိုက်ကို ပြန်လည်သုံးသပ်ပြီး ပြုပြင်သွားသင့်သည်ကို ပြုပြင်သွားနိုင်ပေသည်။ အတုယူသင့်သည်ကို အတုယူသွားနိုင်သည်။ စွန့်ပယ်သင့်သည်ကို စွန့်ပယ်သွားနိုင်ပေသည်”ဟု ပန်းဆက်လမ်းစာအုပ်တိုက်က ဦးသန့်အတ္ထုပ္ပတ္တိစာအုပ်ထုတ်ဝေမှုအတွက် ဖော်ပြမိတ်ဆက်ထားပါသည်။ ၂၀၂၀ ဧပြီလတွင် စာစဉ်အယ်ဒီတာ အောင်ချိုချိုကျော်က စီစဉ်ထုတ်ဝေသည်။

ကျွန်တော်ကြိုက်သောကောက်နုတ်ချက်များ

ဦးသန့်အကြောင်းရေးသော စာအုပ်များစွာကို ကျွန်တော်ဖတ်ဖူးသည်။ ဤစာအုပ်မှာ တစ်မျိုးတစ်ဖုံ သုတရသပေးသည်။ ဆောင်းပါးပုဒ်ရေ ၂၀ အနက် ကျွန်တော်ကြိုက်နှစ်သက်သော ဆောင်းပါးအချို့ကို ကောက်နုတ်တင်ပြခွင့်ပြုပါ။

ဦးသန့်၏ မွေးဖွားရာဒေသနှင့် ငယ်ဘဝ

၁၉၀၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်၊ သောကြာနေ့၊ ညသန်းခေါင်ကျော်ပြီးစ ၅ မိနစ်တွင် မြစ်ဝကျွန်းပေါ် ပန်းတနော်မြို့လေးတွင် စက်ပိုင်ရှင် မြေပိုင်ရှင်ကြီး ဦးဘိုးနှစ် + ဒေါ်နန်းသောင်တို့မှ သားကြီး ဩရသ ဦးသန့်ကို မွေးဖွားခဲ့သည်။ ဦးသန့်တွင် ညီအစ်ကို လေးယောက်ရှိသည်။ ၎င်းတို့မှာ ဦးသန့်၊ ဦးခန့်၊ ဦးသောင်း၊ ဦးတင်မောင်တို့ဖြစ်သည်။ ညီအစ်ကိုများသည် နှစ်နှစ်ခြားစီ မွေးလာကြသည်။ ပန်းတနော်မြို့ အမည်တွင်ရခြင်းမှာ မွန်ဘာသာဖြင့် - ပန်း= အဝ၊ နော်= တခြား “ဧရာဝတီမြစ်ဝမှ အခြားတစ်နေရာတွင်တည်ရှိသောမြို့”ဟု ဆိုလိုကြောင်း ပြောစမှတ်ရှိလေသည်။ အချို့ကလည်း မွန်မင်းသမီးလေး ဥမ္မာဒန္တီသည် မင်းသားများ၏ ဘေးရန်မှ ပြေးရှောင်ရာ၌ မောပန်းနွမ်းလျကာ ပန်ထားသောပန်းများ လွင့်ကျသော နေရာတွင် တည်ထားသော ရွှေမြင်တင် (ဂေဇက်မှတ်တမ်းဝင်) ဘုရားဖြစ်၍ ပန်းကျနော်ဘုရားဟု အမည်တွင်ခဲ့သေးသည်။ ပန်းကျနော်ဘုရားကို အစွဲပြု၍ ပန်းကျနော်မြို့၊ နောင်အခါ အလွယ်ခေါ်ပြောရာက ပန်းတနော်မြို့ဟု ခေါ်ဝေါ်ခဲ့ကြသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြလေသည်ဟု (စာ-၉) တွင်ဖော်ပြသည်။

ဦးသန့်၏ ဖူးစာကြင်ဖက် ဘဝသက်လျာ

ရွှေနေကြီး ဦးခင်၊ ဒေါ်ကျေးတို့၏သမီး မသိန်းတင်သည် ယဉ်ကျေးသိမ်မွေ့ပြီး လိမ္မာရေးခြားရှိသည်။ ဘာသာတရား ရိုသေကိုင်းရှိုင်းသည်။ အိမ်ထောင်ထိန်းသိမ်းမှုကို မြတ်နိုးသည်။ မြန်မာဆန်ဆန် လှပကျော့ရှင်းပြီး မဟာဆန်သူဖြစ်သည်။ ဦးသန့်နှင့် အလွန်လိုက်ဖက်သည်။ နေနှင့်လ၊ ရွှေနှင့်မြဆိုသည်မှာ ဦးသန့်နှင့် ဒေါ်သိန်းတင်ကို ရည်ညွှန်းဆိုသည့်ပမာ။ ၁၉၃၄ ခုနှစ် နိုဝင်ဘာလတွင် ဦးသန့်နှင့် ဒေါ်သိန်းတင်တို့ နှစ်ဖက်မိဘ သဘောတူခွင့်ပြုချက်အရ ထိမ်းမြားလက်ထပ်ကြသည်။ (စာ-၄၁)

အလုပ်နှင့် လူ

အလုပ်လုပ်လွန်းသော လူသားဟု ဦးသန့်ကို ကင်ပွန်းတပ်ရမလောက်ကို အလုပ်ကြိုးစားသည်။ အလုပ်ကြွေးမထား။ တာဝန်ကျေပွန်သည်။ ဦးသန့်နှင့်ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သန်းက ပြောခဲ့ဖူးသည်မှာ “တစ်နေ့တွင် ဦးနုက ကျွန်တော့်ကို ပြောလာသည်။ ဦးသန့်ကို ကျွန်တော့်လက်အောက်၌ ဒုတိယအတွင်းဝန်အဖြစ် လက်ခံနိုင်မည်လားဟု ကျွန်တော်အား မေးလာတယ်။ ကျွန်တော်ကလည်း သဘောတူကြောင်း ဖြေကြားလိုက်သည်။

ထိုအချိန်မှစ၍ ဦးသန့်လည်း အလုပ်လက်ခံပြီး အလုပ်မှန်သမျှကို ပြီးပြတ်အောင်ဆောင်ရွက်လေသည်။ တိတိကျကျ ခြေခြေမြစ်မြစ် လုပ်တတ်ပြီး တိုးတက်မှုများစွာရရှိအောင် စွမ်းဆောင်နိုင်ပေသည်။ ဦးသန့်မှာ အကြံအစည် စိတ်ကူးတွေ၊ တာဝန်ယူထိုးထွင်းဆောင်ရွက်မှုတွေ အပြည့်ရှိလေသည်။ ခြောက်လျှင်လည်း မကြောက်၊ ချော့လျှင်လည်း မပျော့သော လူစားမျိုးဖြစ်သည်။ ဦးသန့်သည် အထက်အရာရှိများအပေါ် သစ္စာရှိတတ်ပြီး၊ အထက်အရာရှိများ မှားနေလျှင်လည်း ထောက်ပြ ပြောဆိုဝေဖန်ရဲသည်။ အလုပ်လုပ်ရာတွင်လည်း စည်းစနစ်ကျပြီး ဖိစီးနေသောလုပ်ငန်းတွေကို တစ်ခုချင်း စိတ်မွှာဖြေရှင်းယူတတ်သည်။ သဲနာရီကဲ့သို့ သဲပွင့်ကျနေသည်နှင့်အမျှ အလုပ်လုပ်နိုင်လွန်းသော ဦးသန့်ဖြစ်သည်” ဟု ပြောဆိုခဲ့သည်။ (စာ- ၅၃)

> **မြန်မာမှာ တစ်ယောက်ဆို တစ်ယောက်၊**
> **အာရှမှာ တစ်ဦးဆို တစ်ဦး၊**
> **ကမ္ဘာမှာ ရှာမှရှားသော လူအဖြစ်ပေါ်ထွန်းလာသော**
> **ငြိမ်းချမ်းရေး၏ ဗိသုကာ၊ လူသားထုတစ်ရပ်လုံး၏ လောကနတ်ကြီး**
> **ဦးသန့်မှာ “မြန်မာပြည်သူပြည်သားများအဖို့ ဘယ်သောအခါမှ**
> **မမေ့အပ်သော သမိုင်းဝင် အဖိုးတန်ရတနာကြီးပါတကား”**

ကမ္ဘာတုန်သတင်းနှင့် ကမ္ဘာ့ဂုဏ်အလုပ်

၁၉၆၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် တစ်ကမ္ဘာလုံးတုန်လှုပ်သွားသော သတင်းတစ်ခု ထွက်ပေါ်လာသည်။ ထိုသတင်းမှာ “ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ်နှင့် ကွန်ဂိုငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့တို့ အာဖရိကအလယ်ပိုင်း နဒိုလာဒေသအနီး မီးတောင်ကြီးများအတွင်းသို့ လေယာဉ်ပျက်ကျသွားသည့်သတင်းဖြစ်သည်။ ထိုသတင်းကြောင့် နိုင်ငံတကာမြို့တော်ကြီးများတွင် တုန်လှုပ် အံ့သြကုန်ကြသည်။ ဝမ်းနည်းကြေကွဲ ပူဆွေးကြကုန်သည်။ ဒက်ဟမ္မားရှိုးလ်လို ပုဂ္ဂိုလ်မျိုး အစားထိုးနိုင်ပါဦးမည်လား”ဟု တွေးပူ သောကရောက်ကုန်ကြသည်။ (စာ-၆၅)

အတွင်းရေးမှူးချုပ်ဟာ “ထိန်းသိမ်းချုပ်တည်းနိုင်သူဖြစ်ရမည်” ဟု အမေရိကန်သမ္မတဟောင်း ရူစဗဲ့ ပြောသွားသည့်အချက်ကို ကိုးကားပြီး လိုက်လံရှာဖွေအံကိုက်ကြည့်ရာက လိုချင်သောအချက်တွေနှင့် ကွက်တိဝင်သူမှာ ဦးသန့်တစ်ဦးတည်းသာ ဖြစ်နေတော့လေသည်။ သံအမတ်ကြီး ဘိုလန်က ဦးသန့်ကို ရွေးချယ်ရန် စတင်အကြံရရှိသူဖြစ်သည်။ ကွယ်လွန်သွားသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ် ကိုယ်တိုင်က အတွင်းရေးမှူးချုပ်လောင်းမှာ ဦးသန့်ဖြစ်ကြောင်း ပြောသွားသည်မို့ အကောင်းဆုံးအဖြေကို ထပ်ပြီး ဖွေရှာနေစရာ မလိုအပ်တော့ချေ။ မြန်မာပြည်၏ အိမ်နီးချင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နေရူး၊ အင်ဒိုနီးရှား သမ္မတ ဆူကာနို၊ ကမ္ဘောဒီးယားနိုင်ငံမှ မင်းသားကြီး နိုရိုဒွန်သီဟာနုတို့က ဦးသန့်ကို အပြည့်အဝထောက်ခံကြလေသည်။ ကုလသမဂ္ဂတွင် ဦးသန့်မှာ ရန်သူမရှိပေ။ (စာ-၆၇)

ဦးသန့်ကို အတွင်းရေးမှူးချုပ် တင်မြှောက်ဖို့ အဆိုပြုတင်သွင်းသူများတွင် ဆိုဗီယက်အုပ်စုသည် ထိပ်ဆုံးမှ ပါဝင်သည်။ ၁၉၆၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် ကျင်းပသော အထွေထွေညီလာခံကြီး၌ ကြေညာချက်တစ်စောင်တင်သွင်းပြီးနောက် နိုဝင်ဘာလ ၃ ရက်တွင် ဦးသန့်ကို ခေတ္တအတွင်းရေးမှူးချုပ်အဖြစ် တင်မြှောက်လိုက်ရာ ကန့်ကွက်သူမရှိ တညီတညွတ်တည်း တစ်ခဲနက် ထောက်ခံလိုက်ကြလေသည်။(စာ-၇၂)

လူပီသသောသူ၏မျက်ရည်နှစ်ကြိမ်

အလုပ်ထဲအာရုံနှစ်ထားသော ဦးသန့်သည် ၁၉၆၂ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် သားဖြစ်သူ တင်မောင် ရန်ကုန်မြို့ရှိ ရွှေတိဂုံလမ်းအလွန်တွင် အမှတ် (၇) ဘတ်စ်ကားပေါ်မှ ပြုတ်ကျ၍ ရုတ်တရက်သေဆုံးသွားပြီးနောက် အုတ်ဂူသို့သွားကာ လွမ်းသူ့ပန်းခွေချစဉ်က သောကမျက်ရည်ကျခဲ့ရသည်။ အမေရိကန်သမ္မတ ကနေဒီ လုပ်ကြံခံရ၍ ကွယ်လွန်ကြောင်းသတင်းကို ကြားရစဉ်ကလည်း နေ့လယ်စာစားပွဲတစ်ခုကို တက်ရောက်နေရင်းမှ ဦးသန့် မျက်ရည်တစ်ကြိမ်ကျခဲ့ရပြန်သည်။ မှတ်မှတ်ရရ ရှားရှားပါးပါး ဦးသန့် မျက်ရည်နှစ်ကြိမ်ကျခဲ့ရသောအဖြစ်များသာဖြစ်သည်။ (စာ-၁၂၁)

ပြန်ခြင်းကောင်းသောပုဂ္ဂိုလ်

ဆေးရုံတက်ပြီး ခွဲစိတ်ကုသသော်လည်း ကင်ဆာဆဲလ်များမှာ ပို၍ပင် ပြန့်ပွားလာကာ ပခုံးနှစ်ဖက်ထိ ရောက်ရှိကုန်သည်။ ဦးသန့်က ဆရာဝန်ကို “ဘယ်လောက်ထိ သက်တမ်းနေရမလဲ”ဟု ခန့်မှန်းခိုင်းပြီး ကုသိုလ်တရားပွားများရာတွင် ဖိလုပ်တော့သည်။ အသက် ၆၅ နှစ်အရွယ်မှာ ဦးသန့်ကွယ်လွန်သွားသည်။ ဦးသန့်ကွယ်လွန်ပြီးနောက် ဇနီး ဒေါ်သိန်းတင်၊ သမီး ဒေါ်အေးအေးသန့်၊ မွေးစားသား ဦးစောလွင်၊ မြေး သန့်မြင့်ဦးတို့ ကျန်ရစ်ခဲ့ကြသည်။ ၁၉၇၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်၊ တနင်္လာနေ့တွင် ကွယ်လွန်သွားခြင်းဖြစ်သည်။(စာ-၁၂၃)

ဦးသန့်အရေးအခင်း

ဦးသန့်မသေခင် သဘောဆန္ဒအရ ဦးသန့်၏အခေါင်းကို ကုလသမဂ္ဂအလံ လွှမ်းခြုံပြီး၊ အထူးလေယာဉ်ဖြင့် နိုဝင်ဘာလကုန်ပိုင်းတွင် မြန်မာပြည်သို့ သယ်ဆောင်လာကြသည်။ မြန်မာပြည်သို့ရောက်သောအခါ ကမ္ဘာက လေးစားရသော ဦးသန့်ကို မဆလအစိုးရပါတီခေါင်းဆောင်များက လာရောက်မကြိုဆိုကြပေ။(စာ-၁၂၆)

ဦးသန့်ရုပ်အလောင်း

ဦးသန့်အလောင်းပါသောအခေါင်းကို အယူအဆပြင်းထန်သော ကျောင်းသားတစ်စုက ဖမ်းဆွဲယူငင်ပြီး ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ ဆောင်ယူသွားလေသည်။(ဦးသန့်အခေါင်းလုခံရသည်ဟု သတင်းထွက်ခဲ့သေးသည်) ခန်းမဆောင်အတွင်းတွင် စင်မြင့်တစ်ခုပေါ်၌ အလောင်းကိုထားရှိပြီး ပြင်ဆင်ကြသည်။ သံဃာတော်များက ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့ ဆုတောင်းပေးခြင်းများ ပြုလုပ်ပေးကြသည်။ အခြားဘာသာဝင်များကလည်း သူတို့ ဘာသာရေးအစဉ်အလာတွေ ပြုလုပ်ပေးကြသည်။ ကျောင်းသားများသည် အလောင်းကို နိုးနိုးကြားကြားဖြင့် သတိထား စောင့်ကြပ်ကြသည်။(စာ-၁၂၉)

လူသားထုတစ်ရပ်လုံး၏ လောကနတ်ကြီး

မြန်မာမှာ တစ်ယောက်ဆို တစ်ယောက်၊ အာရှမှာ တစ်ဦးဆို တစ်ဦး၊ ကမ္ဘာမှာ ရှာမှရှားသော လူအဖြစ်ပေါ်ထွန်းလာသော ငြိမ်းချမ်းရေး၏ ဗိသုကာ၊ လူသားထုတစ်ရပ်လုံး၏ လောကနတ်ကြီး ဦးသန့်မှာ “မြန်မာပြည်သူပြည်သားများအဖို့ ဘယ်သောအခါမှ မမေ့အပ်သော သမိုင်းဝင် အဖိုးတန်ရတနာကြီးပါတကား”။ (စာ-၁၃၆) ဟူ၍ မော်ကွန်းနိဂုံး တင်ခဲ့ပေသည်။

နိဂုံး

မြန်မာလူမျိုး၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်သား ဦးသန့်၏ဂုဏ်ရည်ကို ယနေ့လူငယ်အပေါင်းက အားကျလေးစား အတုယူသင့်လှပါကြောင်း ...။ ။

၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

(၂) ဒုတိယအနေဖြင့် ထိုနှစ်အတွက် ပုဒ်မ ၁၃ (က)အရ အခြေပစ္စည်းမှ မြတ်စွန်းခွန်ပေးဆောင်ရန် တစ်နည်းအားဖြင့် တာဝန်ရှိမည်ဖြစ်သည့် အခွန်ကျသင့်သော ရရန်ပိုင်ခွင့် တစ်ခုကို ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်သည့် ယင်းပုဂ္ဂိုလ်၏ မည်သည့်အမြတ်အစွန်းမှမဆို၊

စသည်ဖြင့် အထက်ပါအစီအစဉ်အတိုင်း အသားတင်အရှုံးကို အပြည့်အဝ နုတ်ယူပြီးသည်အထိ ဆောင်ရွက်ရန်ဖြစ်သည်။ သို့ရာတွင် အသားတင်အရှုံးကို ယင်းအသားတင်အရှုံးပေါ်ပေါက်သည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် အခွန်နှစ် ငါးနှစ်ထက်ပိုမို၍ ဆက်လက်သယ်ဆောင်နိုင်ခြင်း မရှိစေရ။

(စ) ပုဂ္ဂိုလ်တစ်ဦးသည် ဤပုဒ်မအရ အခွန်နှစ် တစ်နှစ်ထက် ပိုမိုသော အသားတင်အရှုံးကို သယ်ဆောင်နုတ်ပယ်လျှင် အစောဆုံးနှစ်၏ အသားတင်အရှုံးကို ဦးစွာ နုတ်ပယ်ရမည်။

(ဆ) ပုဒ်မခွဲ (ခ) မှ ပုဒ်မခွဲ(င) အထိတွင် မည်သို့ပင်ဆိုစေကာမူ ပုဂ္ဂိုလ်တစ်ဦးသည် အရှုံးပေါ်ပေါက်ပြီး ယင်းအရှုံးကို အမြတ်ဟု ယူဆမည်ဆိုပါက –

(၁) လျှော့ချထားသည့်နှုန်းဖြင့် အခွန်ကောက်ခံမည်ဖြစ်လျှင် ယင်းသို့ လျှော့ချထားသည့်နှုန်းဖြင့် သို့မဟုတ် ယင်းထက် ပိုမိုလျှော့ချထားသည့်နှုန်းဖြင့် အခွန်စည်းကြပ်သည့်ဝင်ငွေကို တွက်ချက်ရာ၌သာ၊ သို့မဟုတ် ကင်းလွတ်ခွင့်ပြုထားသည့်ဝင်ငွေကို တွက်ချက်ရာ၌သာ အဆိုပါအရှုံးကို နုတ်ပယ်ရမည်၊ သို့မဟုတ်

(၂) အခွန်ကင်းလွတ်ခွင့်ပြုမည်ဖြစ်လျှင် ကင်းလွတ်ခွင့်ပြုထားသည့်ဝင်ငွေကို တွက်ချက်ရာ၌သာ ယင်းအရှုံးကို နုတ်ပယ်ရမည်။

အပိုင်း (၄)

တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်များအား တန်ဖိုးလျော့ခြင်း

တန်ဖိုးလျော့ခြင်းဆိုင်ရာ အခြေခံမူများ

၂၆။ (က) ဤပုဒ်မနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး၏ လုပ်ငန်းရှိ တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်များသည် အခွန်နှစ်တစ်နှစ်အတွင်း ယင်းလုပ်ငန်း၏ စည်းကြပ်ထိုက်သော ဝင်ငွေရရှိရန် အသုံးပြုဆောင်ရွက်ခြင်းကြောင့် တန်ဖိုးကျဆင်းသွားလျှင် ယင်းပုဂ္ဂိုလ်အား ယင်းအခွန်နှစ်အတွက် ထိုငွေကြေးပမာဏကို နုတ်ပယ်ခွင့်ပြုသည်။

(ခ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မခွဲ (က) အရ ခွင့်ပြုထားသည့် တန်ဖိုးလျော့ခြင်းအတွက် နုတ်ပယ်နိုင်သည့်ပမာဏကို ပုဒ်မ ၂၇ အရ မျဉ်းဖြောင့်စနစ်(straight–line method) ဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၈ အရ လက်ကျန် တဖြည်းဖြည်းလျော့ကျသည့်စနစ် (diminishing value method) ဖြင့်ဖြစ်စေ သတ်မှတ်နိုင်ပြီး ယင်းသို့ဆောင်ရွက်ရာတွင် ထိုပုဂ္ဂိုလ်သည် ယင်း၏ ဘဏ္ဍာရေးဆိုင်ရာစာရင်းများတွင် တန်ဖိုးလျော့ခြင်းဆိုင်ရာ စနစ်တစ်မျိုးတည်းကိုသာ အသုံးပြုခဲ့ရမည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးသည် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်များကို ပိုင်ဆိုင်သည့်ကာလတစ်လျှောက်လုံးတွင် ယင်းတို့အတွက် တစ်မျိုးတည်းသော တန်ဖိုးလျော့ခြင်းစနစ်ကို အသုံးပြုရမည်။

(ဃ) လုပ်ငန်းဆိုင်ရာဒြပ်မဲ့ရရန်ပိုင်ခွင့်များကို မျဉ်းဖြောင့်စနစ်(straight–line method) ဖြင့်သာ တန်ဖိုးလျော့နိုင်သည်။

(င) ပုဂ္ဂိုလ်တစ်ဦးသည် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခု သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်တစ်ခုကို အခွန်နှစ်တစ်နှစ်အတွင်း လုပ်ငန်းတစ်ခုမှ စည်းကြပ်ထိုက်သောဝင်ငွေ ရရှိစေရန် တစ်စိတ်တစ်ပိုင်းအသုံးပြုပြီး အခြားကိစ္စအတွက် တစ်စိတ်တစ်ပိုင်းအသုံးပြုလျှင် ပုဒ်မခွဲ (က) အရ နုတ်ပယ်ခွင့်ပြုသည့်ငွေကြေးပမာဏသည် ပုဒ်မ ၂၇ သို့မဟုတ် ၂၈ အရ တွက်ချက်ရရှိသည့် ငွေကြေးပမာဏအနက်မှ ယင်းလုပ်ငန်း၏ စည်းကြပ်ထိုက်သောဝင်ငွေရရှိရန် ဆောင်ရွက်ခြင်းနှင့် ဆက်စပ်နေသည့် အချိုးကျပမာဏဖြစ်သည်။

(စ) ပုဂ္ဂိုလ်တစ်ဦးသည် လုပ်ငန်းတစ်ခုမှ စည်းကြပ်ထိုက်သောဝင်ငွေရရှိစေရန် ဆောင်ရွက်ရာ၌ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခုကို အခွန်နှစ်တစ်နှစ်လုံးအတွက် အသုံးမပြုလျှင် ယင်းနှစ်အတွက် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်ခွင့်ပြုသည့်ပမာဏကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည် –

$$A \times \frac{B}{C}$$

ယင်းပုံသေနည်းတွင် –

A သည် ပုဒ်မခွဲ (င) ကို ထည့်သွင်းစဉ်းစားလျက် ပုဒ်မ ၂၇ သို့မဟုတ် ၂၈ အရ တွက်ချက်ထားသည့် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်ခွင့်ပြုသည့်ပမာဏဖြစ်သည်။

B သည် လုပ်ငန်းတစ်ရပ်မှ ဝင်ငွေရရှိအောင် ဆောင်ရွက်ရာ၌ ယင်းအခွန်နှစ်အတွင်း ရရန်ပိုင်ခွင့်ကို အသုံးပြုသည့် ရက်အရေအတွက်ဖြစ်သည်။

C သည် ယင်းအခွန်နှစ်အတွင်းရှိ ရက်အရေအတွက်ဖြစ်သည်။

မျဉ်းဖြောင့်စနစ်ဖြင့် တန်ဖိုးလျော့ခြင်း (Straight–line depreciation)

၂၇။ (က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ(စ) တို့နှင့် မဆန့်ကျင်စေဘဲ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးအား အခွန်နှစ်တစ်နှစ်အတွက် နုတ်ပယ်ခွင့်ပြုသည့်ပမာဏကို မျဉ်းဖြောင့်စနစ် (straight–line method)အရ တွက်ချက်ရာတွင် ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်ကို ဇယား(၄)တွင် သတ်မှတ်ထားသည့်နှုန်းဖြင့် မြှောက်ရမည်။

(ခ) လက်ရှိအခွန်နှစ်နှင့် ယခင်အခွန်နှစ်များအားလုံးအတွက် ဤပုဒ်မက သက်ရောက်သည့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့် တစ်ခုနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးအား နုတ်ပယ်ခွင့်ပြုသည့် စုစုပေါင်းပမာဏ သို့မဟုတ် ပုဒ်မ ၂၆၊ ပုဒ်မခွဲ (င) ကို ကျင့်သုံးခြင်းမပြုပါက ခွင့်ပြုမည်ဖြစ်သော စုစုပေါင်းပမာဏသည် ယင်းရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်ထက် မကျော်လွန်စေရ။

လက်ကျန်တဖြည်းဖြည်းလျော့ကျသည့်စနစ်ဖြင့် တန်ဖိုးလျော့ခြင်း (Diminishing value depreciation)

၂၈။ (က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ(စ) တို့နှင့် မဆန့်ကျင်စေဘဲ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခုနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးအား အခွန်နှစ်တစ်နှစ်အတွက် နုတ်ပယ်ခွင့်ပြုသည့်ပမာဏကို လက်ကျန်တဖြည်းဖြည်း လျော့ကျသည့်စနစ် (Diminishing value method) အရ တွက်ချက်ရာတွင် ယင်းနှစ်အစတွင်ရှိသည့် ရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးကို ဇယား (၄) တွင် သတ်မှတ်ထားသည့်နှုန်းဖြင့် မြှောက်ရမည်။

(ခ) ဤပုဒ်မအရ အခွန်နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် တန်ဖိုးလျော့လိုက်သည့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်တစ်ခု၏ စာရင်းအရ လက်ကျန်တန်ဖိုးသည် ကျပ် ၅ သိန်းအောက်လျော့နည်းပါက–

(၁) ရရန်ပိုင်ခွင့်၏စာရင်းအရ လက်ကျန်တန်ဖိုး၏ တန်ဖိုးလျော့ခြင်း မပြုရသေးသည့် ငွေကြေးပမာဏကို ယင်းနှစ်အတွက် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်ခွင့်ပြုသည့် ပမာဏတွင် ပေါင်းထည့်ရမည်။ သို့ရာတွင် ယင်းရရန်ပိုင်ခွင့်ကို ယင်းလုပ်ငန်းမှ စည်းကြပ်ထိုက်သောဝင်ငွေရရှိရန် ဆောင်ရွက်ရာ၌ အသုံးပြုခဲ့သည့် အတိုင်းအတာအထိသာ ပေါင်းထည့်ရမည်။ ထို့ပြင်

(၂) ယင်းရရန်ပိုင်ခွင့်ကို အပြည့်အဝ တန်ဖိုးလျော့ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခြင်း

၂၉။ (က) ပုဂ္ဂိုလ်တစ်ဦးသည် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်တစ်ခုကို အခွန်နှစ်တစ်နှစ်အတွင်း ထုခွဲရောင်းချလျှင် ယင်းနှစ်အတွက် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်မှုကို ခွင့်မပြုရ။

(ခ) ပုဂ္ဂိုလ်တစ်ဦးသည် တစ်စိတ်တစ်ပိုင်းအားဖြင့် လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန်နှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် အခြားကိစ္စရပ်အတွက် အသုံးပြုခဲ့သည့် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်တစ်ခုကို အခွန်နှစ်တစ်နှစ်အတွင်း ထုခွဲရောင်းချခဲ့လျှင် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) သို့မဟုတ် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) နှင့် အကျုံးဝင်သည့် ထုခွဲရောင်းချမှုမှ အမြတ်အစွန်း သို့မဟုတ် အရှုံးပမာဏသည် ယင်းလုပ်ငန်းမှ စည်းကြပ်ထိုက်သော ဝင်ငွေရရှိရန် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အမြတ်အစွန်း သို့မဟုတ် အရှုံး၏ အချိုးကျ အစိတ်အပိုင်းဖြစ်သည်။

ပြင်ဆင်ခြင်းများနှင့် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းများ

၃၀။ (က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (၄) အရ ခွင့်ပြုသည့် နုတ်ပယ်မှု ငွေကြေးပမာဏသည် အခွန်နှစ်ကုန်ဆုံးချိန်တွင်ရှိသည့် ရရန်ပိုင်ခွင့်၏ စာရင်းအရလက်ကျန်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းထက် မပိုစေရ။

(ခ) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်ထက် ပိုမိုသည့်ငွေကြေးပမာဏကို ယင်းအခွန်နှစ် ကုန်ဆုံးချိန်တွင်ရှိသည့် ရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးတွင် ပေါင်းထည့်ရမည်။

အပိုင်း (၅)

လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများ (Personal Allowances)

လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများ

၃၁။ (က) ဤပုဒ်မနှင့် မဆန့်ကျင်စေဘဲ ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးအား အခွန်နှစ် တစ်နှစ်အတွက် ဇယား (၅) နှင့်အညီ တွက်ချက်ထားသည့် အောက်ပါ လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများကို ခွင့်ပြုရမည် –

(၁) အခြေခံခွင့်ပြုငွေ၊

(၂) အိမ်ထောင်ဖက်အတွက် ခွင့်ပြုငွေ၊

(၃) သား၊ သမီးအတွက် ခွင့်ပြုငွေ၊

(၄) အတူနေမိဘအတွက် ခွင့်ပြုငွေ၊

(၅) လူမှုဖူလုံရေးထည့်ဝင်ငွေ၊

(၆) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့်အိမ်ထောင်ဖက်၏ အသက်အာမခံပရီမီယံကြေး ထည့်ဝင်ငွေ၊

(၇) ပင်စင်ရန်ပုံငွေသို့ ထည့်ဝင်ငွေ။

(ခ) ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးက အခွန်နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ရန် ဝင်ငွေမှ နုတ်ပယ်နိုင်သည့် လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေ စုစုပေါင်းသည် ဤပုဒ်မကို လျစ်လျူရှုလျက် ဤဥပဒေအရ တွက်ချက်ထားသော ယင်းပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်၏ ယင်းအခွန်နှစ်အတွက် အခွန်စည်းကြပ်ရန် ဝင်ငွေကိုကျော်လွန်ခြင်း မရှိစေရ။

အပိုင်း (၆)

အခွန်ဆိုင်ရာစာရင်း

စာရင်းနှစ်

၃၂။ (က) ကုမ္ပဏီတစ်ခု၏ စာရင်းနှစ်သည် ယင်းကုမ္ပဏီ၏ ဘဏ္ဍာရေးစာရင်းများကို နှစ်စဉ်လက်ကျန်ရှင်းတမ်းရေးဆွဲသည့်ရက်စွဲတွင် ကုန်ဆုံးသည့် ၁၂ လတာကာလ ဖြစ်သည်။

(ခ) ကုမ္ပဏီတစ်ခုသည် အခွန်ကိစ္စရပ်အလို့ငှာ စာရင်းနှစ်ပြောင်းလဲလိုပါက ညွှန်ကြားရေးမှူးချုပ်ထံ ကြိုတင်လျှောက်ထားရမည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်၏စာဖြင့် ခွင့်ပြုချက်မရရှိပါက ယင်း၏ စာရင်းနှစ်ကို ပြောင်းလဲနိုင်ခြင်း မရှိစေရ။ ထို့အပြင် ညွှန်ကြားရေးမှူးချုပ်ထံမှ ကြိုတင်ခွင့်ပြုချက်နှင့်အတူ ပူးတွဲပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အခြေအနေများရှိပါက ယင်းအခြေအနေများကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) ယင်းကုမ္ပဏီသည် ခွင့်ပြုချက်နှင့်အတူ ပူးတွဲပါရှိသည့် အခြေအနေတစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ခ) ပါ ခွင့်ပြုချက်တစ်ရပ်ကို စာဖြင့် အသိပေးအကြောင်းကြားလျက် ပြန်လည်ရုပ်သိမ်းနိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ(ဂ) ကို ကျင့်သုံးခြင်းဖြင့် ကုမ္ပဏီတစ်ခု၏ စာရင်းနှစ်ပြောင်းလဲသွားသည့်အခါ ပြောင်းလဲမှုမတိုင်မီ နောက်ဆုံးစာရင်းနှစ်အပြည့်နှင့် စာရင်းနှစ်အသစ် စတင်သည့်နေ့ရက်တို့အကြားကာလကို ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ သီးသန့်စာရင်းနှစ်တစ်နှစ်အဖြစ် မှတ်ယူရမည်။

(င) တရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ် တစ်ခု၏ စာရင်းနှစ်သည် ဘဏ္ဍာရေးနှစ်နှင့် ထပ်တူမကျလျှင် ထိုစာရင်းနှစ်အတွက် အကျုံးဝင်သည့်ဥပဒေသည် ထိုစာရင်းနှစ်အတွင်း ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် အကျုံးဝင်သည့် ဥပဒေဖြစ်သည်။

အခွန်ဆိုင်ရာ စာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်း

၃၃။ (က) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွက် အခွန်စည်းကြပ်ရန်ဝင်ငွေကို ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ တွက်ချက်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

တိုင်းရင်းဆေးဝါးဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

အခန်း(၆)

လိုင်စင်လျှောက်ထားခြင်း

၁၈။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် ဆေးဝါးနှင့်စပ်လျဉ်း၍ အောက်ပါလိုင်စင်များကို ခွင့်ပြုနိုင်သည် -

(က) ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်ထားသည့် ပြည်ပမှတင်သွင်းလာသော တိုင်းရင်းဆေးဖြစ်စေ ကျန်းမာရေး ဖြည့်စွက်ခာတ်စာဖြစ်စေ၊ ပြုပြင်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းလိုင်စင်။

၁၉။ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

၂၀။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် လိုင်စင်လျှောက်ထားသော ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းကို ထုတ်လုပ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊ အရည်အသွေးအာမခံချက်ဆိုင်ရာ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်စေခြင်း၊ လိုအပ်ပါက စစ်ဆေးစေခြင်းများပြုလုပ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၁။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၂၂။ လိုင်စင်ရရှိသူသည် -

(က) သတ်မှတ်သောလိုင်စင်ကြေးကို ပေးဆောင်ရမည်၊

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) လိုင်စင်လက်မှတ်သက်တမ်းကုန်ဆုံးသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်မှုခံယူပြီး၊ သက်တမ်းတိုးမြှင့်ရန် လိုင်စင်လက်မှတ်သက်တမ်းတိုးမြှင့်ကြေးပေးဆောင်၍ လျှောက်ထားရမည်။

၂၃။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါလျှင် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၄။ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသူသည် ကန့်သတ်သည့်ကာလကုန်ဆုံးသောအခါ လိုင်စင်ပြန်လည်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားနိုင်သည်။

၂၅။ လိုင်စင်ပယ်ဖျက်ခြင်းခံရသူသည် -

(က) ပယ်ဖျက်ခြင်းခံရသော လိုင်စင်အတွက် ထပ်မံလျှောက်ထားခြင်းမရှိစေရ၊

(ခ) မိမိလက်ဝယ်ရှိအရည်အသွေးပြည့်မီသည်ဟု ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက သတ်မှတ်ထားသောဆေးဝါးကို လိုင်စင်ရရှိထားသည့် အခြားသူတစ်ဦးဦးအား ရက်ပေါင်း ၆၀ အတွင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်းပြုနိုင်သည်၊

(ဂ) မိမိလက်ဝယ်ရှိ အရည်အသွေးပြည့်မီသော ဆေးဝါးနှင့်စပ်လျဉ်း၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂၆။ အာဏာပိုင်အဖွဲ့၊ ဦးစီးဌာန သို့မဟုတ် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် လိုင်စင်ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူက ထုတ်လုပ်ဖြန့်ဖြူးထားသည့် စံမညီဆေးဝါးများကို အများပြည်သူအား အသိပေးကြေညာခြင်း၊ သိမ်းဆည်းနိုင်ရန် သက်ဆိုင်ရာ တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများသို့ ညွှန်ကြားခြင်းပြုနိုင်သည်။

၂၇။ တစ်ပိုင်တစ်နိုင် တိုင်းရင်းဆေးဝါးလုပ်ငန်းသည် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

အခန်း (၇)

ဆေးဝါးထုတ်လုပ်ခြင်း

၂၈။ ဆေးဝါးထုတ်လုပ်လိုသူသည် ဆေးဝါးထုတ်လုပ်ခြင်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပုဒ်မ ၁၀ ပါ အရည်အချင်းနှင့်ပြည့်စုံသည့် တိုင်းရင်းဆေးပညာရှင်ကို တိုင်းရင်းဆေးဝါးကြီးကြပ်သူအဖြစ် ခန့်အပ်ရမည်။

၂၉။ လိုင်စင်ရရှိသူသည် ဆေးဝါးထုတ်လုပ်ခြင်းကိုလည်းကောင်း၊ အပင်ထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်နှင့်မြေထွက်ပစ္စည်း၊ ဓာတ်သတ္တုပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားခြင်းကိုလည်း သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ လိုင်စင်ရရှိသူသည် ဆေးဝါးထုတ်လုပ်ရာတွင် ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ဘေးဥပဒ်ဖြစ်စေနိုင်သောပစ္စည်းများ၊ ထည့်သွင်းဖော်စပ်ခြင်းမှ ရှောင်ကြဉ်ရမည်။

၃၁။ လိုင်စင်ရရှိသူသည်-

(က) မှတ်ပုံတင်ရရှိသော ဆေးဝါးကိုသာ ထုတ်လုပ်ရမည်၊

(ခ) မှတ်ပုံတင်ရရှိသောဆေးဝါးကို ထုတ်လုပ်ရာတွင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

အလှကုန်ပစ္စည်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

၁၇။ ဈေးကွက်အတွင်းရှိ အလှကုန်ပစ္စည်းကို သုံးစွဲရန်အညွှန်းအတိုင်း မှန်ကန်စွာအသုံးပြုသော်လည်း သုံးစွဲသူတွင် ပြင်းထန်သော ဆိုးကျိုးဖြစ်ရပ်ပေါ်ပေါက်ကြောင်း စိစစ်တွေ့ရှိရလျှင် သို့မဟုတ် ပြန်လည်စစ်ဆေးချက်များအရ အရည်အသွေးသတ်မှတ်ချက် မကိုက်ညီကြောင်း စိစစ်တွေ့ရှိရလျှင် ဦးစီးဌာနသည် ယင်းအလှကုန်ပစ္စည်းကို ဈေးကွက်မှ သိမ်းဆည်းဖျက်ဆီးရန် ညွှန်ကြားရမည်။ ယင်းအလှကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း တားမြစ်ပိတ်ပင်ရမည်။

၁၈။ ဦးစီးဌာနသည် ပုဒ်မ ၁၆ နှင့် ၁၇ ပါ လုပ်ငန်းတို့ကိုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို ရယူနိုင်သည်။

၁၉။ ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ရရှိသူသည် ဦးစီးဌာန၏ ညွှန်ကြားချက်အရ မိမိ၏အလှကုန်ပစ္စည်းကို ဈေးကွက်မှ ပြန်လည်သိမ်းဆည်းရာတွင် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

၂၀။ ထုတ်လုပ်သူလက်မှတ်ရရှိသူ၊ မှတ်တမ်းတင်လက်မှတ်ရရှိသူတို့သည် မိမိထုတ်လုပ်သော၊ မှတ်တမ်းတင်ထားသော အလှကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကို သိရှိပါက ဦးစီးဌာနသို့ သတင်းပေးပို့တိုင်ကြားရမည် -

(က) ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ကျန်းမာရေးတို့ကို ထိခိုက်စေခြင်း၊

(ခ) ပြင်းထန်သောဆိုးကျိုးဖြစ်ရပ် ပေါ်ပေါက်နိုင်စေခြင်း။

၂၁။ အလှကုန်ပစ္စည်းသုံးစွဲသူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် အလှကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ဆိုးကျိုးဖြစ်ရပ် တစ်စုံတစ်ရာတွေ့ကြုံပါက ဦးစီးဌာနသို့ သတင်းပေးပို့နိုင်သည်။

၂၂။ ဦးစီးဌာနသည် သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိရန် နိုင်ငံပိုင်နှင့် အခြားလူထုဆက်သွယ်ရေးသတင်းမီဒီယာများ အသုံးပြု၍ အချိန်နှင့်တစ်ပြေးညီ ကြေညာရမည်။

အခန်း(၁၁)

ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ်
မှတ်တမ်းတင်လက်မှတ်ရရှိသူတို့၏ တာဝန်များ

၂၃။ ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ရရှိသူသည်-

(က) ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးစစ်မှန်ကောင်းမွန်သည့် အလှကုန်ပစ္စည်းများကိုသာ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း ပြုရမည်။ ယင်းသို့ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်ရာတွင် ပုဒ်မ ၁၃ ပါ အညွှန်းအမှတ်အသားများကို ပြည့်စုံစွာ ဖော်ပြပါရှိစေရမည်၊

(ခ) မိမိ၏အလှကုန်ပစ္စည်းကို အရည်အသွေးသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အရည်အသွေးသတ်မှတ်ချက်များနှင့်လည်းကောင်း၊ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်လည်းကောင်း ကိုက်ညီမှုရှိကြောင်း အာမခံရမည်၊

(ဂ) မိမိအလှကုန်ပစ္စည်း၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးကိုက်ညီမှုရှိကြောင်း ခိုင်လုံသောအထောက်အထားများ ပါဝင်သည့် ကုန်ပစ္စည်း သတင်းအချက်အလက်စာတွဲကို စနစ်တကျပြုစုထားရှိပြီး ဦးစီးဌာနက စစ်ဆေးသည့်အခါ ချက်ချင်းတင်ပြရမည်၊

(ဃ) မိမိ၏အလှကုန်ပစ္စည်းနှင့်စပ်လျဉ်းသည့် ခြေရာခံစနစ်တစ်ခု ထူထောင်ထားရှိ၍ ခြေရာခံစနစ်ပါ သတင်းအချက်အလက်များကိုပေးပို့ရန် ဦးစီးဌာနက ညွှန်ကြားလျှင် သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်၊

(င) မိမိ၏စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် ရုံးခန်းများကို ဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက အချိန်မရွေး ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်ပြုရမည်၊

(စ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

အခန်း (၁၂)

စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်း

၂၄။ ဦးစီးဌာနသည် ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ရရှိသူက ပုဒ်မ ၁၉၊ ၂၀ နှင့် ၂၃ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ပျက်ကွက်သည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ ထိုသူကို အောက်ပါစီမံခန့်ခွဲရေးအမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ကို ယာယီပိတ်သိမ်းခြင်း၊

(ဂ) ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၂၅။ ဦးစီးဌာနသည် ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ် သို့မဟုတ် ယာယီပိတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ် ရရှိသူတို့ကို မိမိတို့၏ သက်ဆိုင်ရာအလှကုန်ပစ္စည်းများအား ဈေးကွက်မှ ပြန်လည်သိမ်းဆည်းစေပြီး သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲစေခြင်းပြုရမည်။

၂၆။ ပုဒ်မ၂၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် (ဂ)အရ စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူခြင်းခံရသူသည် အလှကုန်ပစ္စည်းကို ဆက်လက်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုလျှင် ထိုသူအား ဤဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဦးစီးဌာနက ဆက်လက်ဆောင်ရွက်ရမည်။

အခန်း (၁၃)

အယူခံခြင်း

၂၇။ ဤဥပဒေအရ ဦးစီးဌာန၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။

၂၈။ ဝန်ကြီးဌာနသည် ဦးစီးဌာန၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၉။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်စေရမည်။

(ဆက်လက်ဖော်ပြပါမည်)

အပင်နှင့် အပင်ထွက်ပစ္စည်းဖျက်ပိုးပြန့်ပွားမှု ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

အပင်နှင့် အပင်ထွက်ပစ္စည်းဖျက်ပိုးပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကြမ်း
(၂၀၂၀ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၂ ခုနှစ် လ ရက်
(၂၀၂၀ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အပင်နှင့်အပင်ထွက်ပစ္စည်းဖျက်ပိုးပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အပင်** ဆိုသည်မှာ သက်ရှိအပင်နှင့် အပင်၏အစိတ်အပိုင်းများကို ဆိုသည်။ ယင်းစကားရပ်တွင် မျိုးစေ့နှင့်အပင်ပေါက်နိုင်သော အပင်၏အစိတ်အပိုင်းများလည်း ပါဝင်သည်။

(ခ) **အပင်ထွက်ပစ္စည်း** ဆိုသည်မှာ သဘာဝအရ သို့မဟုတ် ပြုပြင်ထုတ်လုပ်မှုနည်းစနစ်အရ အပင်မှထွက်ရှိသော အစေ့အဆန် အပါအဝင် အပင်၏မပြုပြင်ရသေးသော အစိတ်အပိုင်း သို့မဟုတ် ပြုပြင်ထားပြီးသော ထုတ်ကုန်ပစ္စည်းကို ဆိုသည်။

(ဂ) **အကျိုးပြုသက်ရှိ** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းတွင် ဖျက်ပိုးနှိမ်နင်းခြင်း၊ ဝတ်မှုံကူးခြင်းနှင့် မြေဆီလွှာတိုးတက်ကောင်းမွန်စေခြင်းတို့ကို အကျိုးပြုသော အင်းဆက်၊ မွှားကောင်၊ အခြားသက်ရှိ၊ ဘက်တီးရီးယား၊ မှို၊ ဗိုင်းရပ်စ်နှင့် နီမတုတ် အပါအဝင် သက်ရှိများကို ဆိုသည်။

(ဃ) **ကုန်ပစ္စည်း** ဆိုသည်မှာ ကုန်သွယ်မှုပြုရန် သို့မဟုတ် အခြားရည်ရွယ်ချက်ဖြင့် သယ်ဆောင်လာသော အပင်၊ အပင်ထွက်ပစ္စည်း သို့မဟုတ် အပင်နှင့်ဆက်စပ်သော အခြားအရာဝတ္ထုတစ်မျိုးမျိုး သို့မဟုတ် ဖျက်ပိုးကပ်ညှိပါလာနိုင်သောပစ္စည်းကို ဆိုသည်။

(င) **သစ်သားထုပ်ပိုးပစ္စည်း** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခုကို သယ်ဆောင်ခြင်း၊ ကာကွယ်ခြင်း သို့မဟုတ် အထောက်အကူပေးခြင်းပြုရာတွင် အသုံးပြုသည့် သစ်၊ သစ်နှင့်ပြုလုပ်သည့်ပစ္စည်း သို့မဟုတ် အထောက်အခံကြမ်းခင်းတုံးကို ဆိုသည်။ ယင်းစကားရပ်တွင် စက္ကူနှင့်ပြုလုပ်သည့်ပစ္စည်းများ မပါဝင်။

(စ) **ဖျက်ပိုး** ဆိုသည်မှာ အပင်နှင့်အပင်ထွက်ပစ္စည်းကို ထိခိုက်ပျက်စီးစေနိုင်သော အပင်၊ သက်ရှိသတ္တဝါတို့၏ ဇီဝမျိုးကွဲ၊ မျိုးပြား၊ မျိုးစိတ် သို့မဟုတ် ရောဂါဖြစ်စေသောအရာကို ဆိုသည်။

(ဆ) **ထိန်းချုပ်ဖျက်ပိုး** ဆိုသည်မှာ ဒေသအတွင်းမရှိသေးသည့် ဖျက်ပိုး သို့မဟုတ် ဒေသအတွင်းရှိသော်လည်း မပြန့်ပွားအောင် ထိန်းချုပ်ထားသောဧရိယာတစ်ခုတွင် ကျရောက်ပါက စီးပွားရေး ထိခိုက်သည်အထိ အန္တရာယ်ဖြစ်စေနိုင်၍ ထိန်းချုပ်ရန် လိုအပ်သည့် ဖျက်ပိုးကို ဆိုသည်။

(ဇ) **ဥပဒေအရသတ်မှတ်သည့်ဖျက်ပိုး** ဆိုသည်မှာ ထိန်းချုပ်ဖျက်ပိုး သို့မဟုတ် ဥပဒေ အရသတ်မှတ်ထားသော်လည်း ထိန်းချုပ်ရန်မလိုသောဖျက်ပိုးကို ဆိုသည်။

(ဈ) **ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု** ဆိုသည်မှာ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးတွင် ပါဝင်ပတ်သက်သော(သို့မဟုတ်)အသုံးပြုသော သိုလှောင်ရုံ၊ သယ်ဆောင်ယာဉ်၊ ကုန်တင်သေတ္တာနှင့် ဖျက်ပိုးကင်းရှင်းရေးဆောင်ရွက်ရန် လိုအပ်သော ဖျက်ပိုးများ ခိုအောင်းနိုင်သည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ထုပ်ပိုးပစ္စည်း၊ မြေကြီး၊ အခြားသက်ရှိနှင့် အရာဝတ္ထုတို့ကို ဆိုသည်။

(ည) **ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်** ဆိုသည်မှာ ပြည်ပသို့ တင်ပို့မည့် သို့မဟုတ် ပြည်ပမှတင်သွင်းမည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိအတွက် အပြည်ပြည်ဆိုင်ရာ သီးနှံကာကွယ်ရေး ကွန်ဗင်းရှင်းမှချမှတ်ထားသည့် အပင်ကျန်းမာရေး စံချိန်စံညွှန်းနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က သတ်မှတ်သည့်နည်းလမ်းဖြင့် ထုတ်ပေးသော နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဋ) **တင်သွင်းခွင့်လက်မှတ်** ဆိုသည်မှာ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိ တစ်မျိုးမျိုးကို ပြည်ပမှ တင်သွင်းရာတွင် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏လိုအပ်ချက်နှင့်အညီ ကုန်သွယ်ဖက်နိုင်ငံက ဆောင်ရွက်ပေးရန် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဌ) **ကုန်စည်စု** ဆိုသည်မှာ ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ဖြင့် နိုင်ငံတစ်ခုမှ အခြားနိုင်ငံတစ်ခုသို့ တစ်မျိုးထက်ပိုမိုပြီး သယ်ဆောင်လာသော အပင်၊ အပင်ထွက်ပစ္စည်းများ သို့မဟုတ် အပင်နှင့်ဆက်စပ်သော အခြားအရာဝတ္ထုများကို ဆိုသည်။

(ဍ) **အဝင်အထွက်စစ်ဆေးရေးစခန်း** ဆိုသည်မှာ ခရီးသည်နှင့် တင်သွင်းတင်ပို့သည့် ကုန်စည်စုများအတွက် တရားဝင်သတ်မှတ်ထားသော လေဆိပ်၊ ပင်လယ်ဆိပ်ကမ်း၊ နယ်စပ်ဒေသဝင်ပေါက်၊ မြန်မာ့စာတိုက်လုပ်ငန်းနှင့် ပုဂ္ဂလိက ချောစာပို့လုပ်ငန်းများ သို့မဟုတ် အခြားနေရာတစ်ခုခုရှိ စစ်ဆေးရေးစခန်းကို ဆိုသည်။

(ဎ) **ကြားစခန်း** ဆိုသည်မှာ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်တွင်းသို့ သယ်ဆောင်လာသည့်ယာဉ်မှ ခရီးဆုံးဖြစ်သည့်နိုင်ငံသို့ ဆက်လက်သယ်ယူမည့်ယာဉ်သို့ မလွှဲပြောင်းမီ ခေတ္တထားရှိ အသုံးပြုသည့်စခန်းကို ဆိုသည်။

(ဏ) **ကြားစခန်းမှလွှဲပြောင်းမည့်ကုန်စည်စု** ဆိုသည်မှာ ဖျက်ပိုးကင်းရှင်းရေးအစီအမံများကို လိုအပ်ပါကပြုလုပ်၍ နိုင်ငံအတွင်းမှ ဖြတ်ပြီး ကြားစခန်းမှတစ်ဆင့်သယ်ဆောင်သည့် ကုန်စည်စုကို ဆိုသည်။

(တ) **စစ်ဆေးခြင်း** ဆိုသည်မှာ ဖျက်ပိုးရှိ မရှိ သို့မဟုတ် ဖျက်ပိုးကင်းရှင်းရေး လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီမှု ရှိ မရှိ ဆုံးဖြတ်နိုင်ရန် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို စစ်ဆေးခြင်းတို့ကို ဆိုသည်။

(ထ) **အရေးပေါ်လုပ်ဆောင်မှု** ဆိုသည်မှာ ဖျက်ပိုးအသစ် သို့မဟုတ် ဖျက်ပိုးတစ်မျိုးမျိုးကြောင့် ဖြစ်လေ့ဖြစ်ထမရှိသော ပျက်စီးမှုဖြစ်စဉ် တစ်ခုခုပေါ်ပေါက်သည့်အခါ ဖျက်ပိုးကင်းရှင်းရေးအစီအမံ ချက်ချင်းဆောင်ရွက်ခြင်းကို ဆိုသည်။

(ဒ) **အန္တရာယ်ရှိနိုင်သည့်ဧရိယာ** ဆိုသည်မှာ ဂေဟအချက်အလက်များအရ ဖျက်ပိုးဝင်ရောက်ပြန့်ပွားသည့်အတွက် စီးပွားရေးအရ ကြီးမားသောဆုံးရှုံးမှုကို ဖြစ်စေနိုင်သည့် ဧရိယာကို ဆိုသည်။

(ဓ) **ဆေးစီရင်မှု** ဆိုသည်မှာ ဖျက်ပိုးသတ်ခြင်း၊ ဖျက်ပိုးကိုလှုပ်ရှားမှု မရှိအောင်ပြုလုပ်ခြင်း၊ ဖျက်ပိုးဖယ်ရှားခြင်း၊ မြုံအောင်ပြုလုပ်ခြင်း သို့မဟုတ် ကြီးထွားမှုနှင့် မျိုးပွားမှုမရှိအောင်ပြုလုပ်ခြင်းတို့ အပါအဝင် ဖျက်ပိုးပြန့်ပွားမှုကို ထိန်းချုပ်ရန်နည်းလမ်း တစ်ရပ်ရပ်ဖြင့် တရားဝင်ပြုလုပ်ဆောင်ရွက်ခြင်းကို ဆိုသည်။

(န) **ဗဟိုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းပေးသော အမျိုးသားသီးနှံကာကွယ်ရေးဗဟိုကော်မတီကို ဆိုသည်။

(ပ) **အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲကို ဆိုသည်။

(ဖ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဗ) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဘ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဖျက်ပိုးကင်းရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသော စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးဦးကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ ပိုင်နက်အတွင်းသို့ ဖျက်ပိုးများမဝင်ရောက်စေရေးအတွက် ကာကွယ်နိုင်မည့် သင့်လျော်သောနည်းလမ်းများ တိုးမြှင့်ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်၏ပိုင်နက်အတွင်းသို့ ဖျက်ပိုးများစတင်ဝင်ရောက်ပြီး ဆက်လက်ပြန့်ပွားခြင်းကို ဟန့်တားရာတွင် ပိုမိုထိရောက်သော နည်းလမ်းများဖြင့် ဆောင်ရွက်ရန်၊

(ဂ) အပင်နှင့်အပင်ထွက်ပစ္စည်းများ ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းတို့တွင် ဖျက်ပိုးပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ၌ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) အပင်နှင့်အပင်ထွက်ပစ္စည်းများအား ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းပြုရာတွင် အပြည်ပြည်ဆိုင်ရာက သတ်မှတ်ထားသော အပင်ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး တိုးမြှင့်ဆောင်ရွက်ရန်။

အခန်း(၃)
ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်အောက်မနိမ့်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်သည့် အမျိုးသားသီးနှံကာကွယ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသောအဖွဲ့ဝင်များအနက်မှ သင့်လျော်သူတစ်ဦးကို ဒုတိယဥက္ကဋ္ဌအဖြစ် လိုအပ်ပါက ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့်ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က စိစစ်တင်ပြလာသော-
  (၁) အဝင်အထွက်စစ်ဆေးရေးစခန်းများကို သတ်မှတ်အတည်ပြုခြင်းနှင့် တိုးချဲ့ဖွင့်လှစ်ခြင်း၊
  (၂) ဤဥပဒေအရသတ်မှတ်သည့်ဖျက်ပိုးစာရင်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု၊ အပင်နှင့်အပင်ထွက်ပစ္စည်း၊ အကျိုးပြုသက်ရှိစာရင်းများကို အတည်ပြုကြေညာခြင်း၊
  (၃) ဖျက်ပိုးကင်းရှင်းသည့် ဧရိယာ သို့မဟုတ် ဖျက်ပိုးကျရောက်မှုနည်းသော ဧရိယာများကို အတည်ပြုခြင်း၊

(ခ) အပင်နှင့်အပင်ထွက်ပစ္စည်းများတင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့တွင် ဖျက်ပိုးပြန့်ပွားမှု ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်-
  (၁) အမျိုးသားသီးနှံ ကာကွယ်ရေးအဖွဲ့အား ကြီးကြပ်ခြင်းနှင့် ပံ့ပိုးကူညီခြင်း၊
  (၂) သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

(ဂ) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ အဆိုပြုတင်ပြလာသော ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်နှင့် တင်သွင်းခွင့်လက်မှတ်များ ထုတ်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ဆောင်ခများသတ်မှတ်ခြင်း၊

(ဃ) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ အဆိုပြုတင်ပြလာသော စစ်ဆေးခြင်းအတွက် ဝန်ဆောင်ခနှုန်းထားနှင့် ဒဏ်ကြေးငွေကို အတည်ပြုပေးခြင်း၊

(င) ဖျက်ပိုးကင်းရှင်းရေးလုပ်ထုံးလုပ်နည်းများအား အတည်ပြုပေးခြင်း၊

(စ) ကြားစခန်းရှိ ကုန်စည်စုများနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ဖျက်ပိုးကင်းရှင်းရေး အစီအမံများ ဆောင်ရွက်ခြင်းတို့ကို အတည်ပြုပေးခြင်း၊

အခန်း(၄)
အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အဝင်အထွက်စစ်ဆေးရေးစခန်းများကို သတ်မှတ်ရန်နှင့် တိုးချဲ့ဖွင့်လှစ်ရန် ဗဟိုကော်မတီသို့အဆိုပြုခြင်း၊

(ခ) ဤဥပဒေအရ သတ်မှတ်သည့်ဖျက်ပိုးစာရင်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု၊ အပင်နှင့် အပင်ထွက်ပစ္စည်း၊ အကျိုးပြုသက်ရှိစာရင်းများကို ဗဟိုကော်မတီသို့ အဆိုပြုခြင်း၊

(ဂ) ဖျက်ပိုးကင်းရှင်းသည့်ဧရိယာ သို့မဟုတ် ဖျက်ပိုးကျရောက်မှုနည်းသော ဧရိယာများကို ဗဟိုကော်မတီသို့အဆိုပြုခြင်း၊

(ဃ) ပြည်ပနိုင်ငံများ၏ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့များ၊ အပင်ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်၏ပိုင်နက်အတွင်းသို့ ဥပဒေအရသတ်မှတ်သည့် ဖျက်ပိုးဝင်ရောက်မှုကို တားဆီးကာကွယ်ခြင်း၊

(စ) စိုက်ခင်းများ၊ ပျိုးခင်းများ၊ နှစ်ရှည်ပင်များ၊ ဥယျာဉ်ခြံများ၊ မှန်လုံအိမ်နှင့် ဓာတ်ခွဲခန်းများတွင် မျိုးပွားသောအပင်များ၊ သိုလှောင်ထားသော သို့မဟုတ် သယ်ဆောင်လာသော အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိတွင် ဖျက်ပိုးကျရောက်မှု၊ ပြန့်ပွားမှုနှင့် ကာကွယ်နှိမ်နင်းမှုတို့ကို ထုတ်ပြန်အသိပေးနိုင်ရန် ဖျက်ပိုးစစ်တမ်းကောက်ယူခြင်း၊

(ဆ) ဥပဒေအရ သတ်မှတ်သည့်ဖျက်ပိုးကို အမျိုးအစားခွဲခြားခြင်း၊

(ဇ) ဖျက်ပိုးအန္တရာယ်ဆန်းစစ်ချက် ဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံအတွင်းတင်သွင်းရန် ဖျက်ပိုးကင်းရှင်းမှု လိုအပ်ချက်များနှင့် သတ်မှတ်ချက်များကို သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားခြင်း၊

(ည) ဖျက်ပိုးကျရောက်မှုနည်းသော ဧရိယာများ၊ ဖျက်ပိုးကင်းရှင်းသော ဧရိယာများကို သတ်မှတ်နိုင်ရန် စစ်တမ်းကောက်ယူခြင်းနှင့် အန္တရာယ်ရှိနိုင်သည့်ဧရိယာများကို ကာကွယ်ခြင်းနှင့် ဗဟိုကော်မတီသို့စိစစ်တင်ပြခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံများမှ ယူရီးယား ဓာတ်မြေဩဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်-၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

စက်ရုံ	ပမာဏ	တင်ဒါပိတ်ချိန်		တင်ဒါဖွင့်ချိန်	
	(တန်)	နေ့ရက်	နာရီ	နေ့ရက်	နာရီ
အမှတ်(၄)	၃,၀၀၀	၁-၉-၂၀၂၀	၁၂:၀၀	၁-၉-၂၀၂၀	၁၄:၀၀
ဓာတ်မြေဩဇာ	၃,၀၀၀	၈-၉-၂၀၂၀	၁၂:၀၀	၈-၉-၂၀၂၀	၁၄:၀၀
စက်ရုံ(မြောင်းတကာ)	၃,၀၀၀	၁၅-၉-၂၀၂၀	၁၂:၀၀	၁၅-၉-၂၀၂၀	၁၄:၀၀
အမှတ်(၅)ဓာတ်မြေဩဇာ	၃,၀၀၀	၁-၉-၂၀၂၀	၁၂:၀၀	၁-၉-၂၀၂၀	၁၄:၀၀
စက်ရုံ(ကန်ကြီးထောင့်)	၃,၀၀၀	၈-၉-၂၀၂၀	၁၂:၀၀	၈-၉-၂၀၂၀	၁၄:၀၀
	၃,၀၀၀	၁၅-၉-၂၀၂၀	၁၂:၀၀	၁၅-၉-၂၀၂၀	၁၄:၀၀

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ ညောင်ဖြူပင်ကျေးရွာ၊ အထက၊ ဒသမတန်းမှ မစုစုထွန်း၏ ဖခင် ဦးဇော်မျိုး၏ အမည်မှန်မှာ ဦးဇော်မိုး[၅/မရန(နိုင်)၁၆၈၉၅၅] ဖြစ်ပါကြောင်း။ **ဦးဇော်မိုး**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းကြည်ပိုင်ဆိုင်သော ခိုင်ထူးသစ်(၂)(DMA/DPP/-0677) ရေယာဉ်လိုင်စင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-09-428548091**

'အောက်ဈေးဖြင့် အမြန်ရောင်းမည်'

၁။ သဃ်န်းကျွန်း၊ သုဝဏ္ဏစိုလ်ချုပ်ရွာ(၁) (၇၀x၇၀)ပေ အကျယ်ရှိ မြေ (လမ်းကျယ်၊ လမ်းမပေါ်၊ နေရာကောင်း) ဈေးနှုန်း - ၆၅၀၀ သိန်း

၂။ တောင်ဥက္ကလာ၊ သံသုမာလမ်းမပေါ် (၄၀x၆၀)ပေ အကျယ်ရှိ မြေ (စီးပွားရေးလုပ်ငန်းသင့်) ဈေးနှုန်း - ၅၆၀၀ သိန်း

၃။ ရန်ကင်း၊ ပါရမီရိပ်သာ (VIP) (၄၀x၆၀)ပေ အကျယ်ရှိ (၂)ထပ်ခွဲတိုက်သစ်(M-3,B-1)(ပြင်ပြီး) ဈေးနှုန်း - ၅၃၀၀ သိန်း

၄။ သဃ်န်းကျွန်း၊ သုဝဏ္ဏစိုလ်ချုပ်ရွာ(၂) (၅၃x၇၃)ပေ အကျယ်ရှိ (၁)ထပ်တိုက်(ပေါ်ဆန်းမွှေးလမ်းမကြီး) ဈေးနှုန်း - ၃၀၀၀ သိန်း

၅။ သဃ်န်းကျွန်း၊ သုဝဏ္ဏစိုလ်ချုပ်ရွာ(၂) (၄၁x၇၅)ပေ အကျယ်ရှိ မြေ (သုဝဏ္ဏပန်းခြံနီး) ဈေးနှုန်း - ၂၆၅၀ သိန်း

၆။ ဗဟန်း၊ ရွှေဂုံတိုင်လမ်းမ၊ Delta Plaza (၁၆၅၀)စတုရန်းပေ အကျယ်ရှိ M-1,B-2(ပြင်ပြီး) ဈေးနှုန်း - ၁၅၅၀ သိန်း

09:5080073,09:69 5080073, 09:76 5080073

ဝမ်းစာဝယ်ကြမြ

09-443077711 013-682844

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း နေရာ(၉)နေရာတွင် CCTV Camera များ တပ်ဆင်ခြင်းအတွက် စိတ်ပါဝင်စားသူ ပြည်တွင်း တိုင်းရင်းသားကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်နေရာ - ဒဂုံမြို့နယ်၊ ပြည်လမ်း၊ လွှတ်တော်ဝင်းအတွင်းရှိ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ဌာန

(ခ) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၇-၂၀၂၀ ရက်

(ဂ) တင်ဒါပုံစံပိတ်မည့်ရက် - ၉-၈-၂၀၂၀ ရက်၊ ၁၆:၀၀နာရီ

(ဃ) တင်ဒါပုံစံတင်သွင်းရမည့်ရက် - ၁၀-၈-၂၀၂၀ရက်၊ ၁၆:၀၀နာရီ

၂။ ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း နေရာ(၉)နေရာတွင် CCTV Cameraများ တပ်ဆင်ခြင်း လုပ်ငန်းများအား စိတ်ပါဝင်စားသူပြည်တွင်း လုပ်ငန်းရှင်/ကုမ္ပဏီများမှ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းနံပါတ်-၀၁-၈၃၁၇၅၂၀၊ ၀၁-၈၃၁၇၅၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အုတ်ဖိုး(၂)ငုံးနိုင်ရပ်ကွက်၊ ငုံးနိုင်(၉)လမ်း၊ အမှတ်(၁၁၆)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏မြေညီထပ်(မြေရှင်းခန်း)ဟုခေါ်တွင်သောတိုက်ခန်းနှင့်တကွအကျိုးခံစားခွင့်အား ယခုရောင်းချသူ ဒေါ်သင်းသင်းစိုး (၉/ဥတတ (နိုင်) ၁၅၇၇၄၆၁)က တရားဝင်ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများကဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သွေးသွေးသန်း (LL.B., D.I.L), အထက်တန်းရှေ့နေ(စဉ်-၂၄၇၅၈)

အမှတ်-၂၈၀/ခ ဝဇီရမြိုင်လမ်း၊ ၂၉ - ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၇၉၅၅၅၅၂၁၇၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅အေ)၊ မြေကွက်အမှတ် (IV ၁၃/၁W)၊ မြေကွက်တည်နေရာအမှတ် (၅၁၂)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကမ်းနားအမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်မြင့်မြင့်ရွှေ(၁၂/ဓမန(နိုင်)၀၁၂၀၈၈) အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား ဒေါ်မြင့်မြင့်ရွှေမှမြေတိုင်းလျှောက်ထားလာခြင်းအားစိစစ်ရာမြေဂရန်မှတ်ချက်အရ ၂၀၁၄ခုနှစ်တွင်ဆက်ချေးမြေပုံကူးလျှောက်ထားခဲ့ပါသဖြင့်ရှင်းလင်းရန်အကြောင်းကြားခဲ့ရာ ၎င်းမှ ၂၀၁၄ခုနှစ်တွင်ဆက်ချေးမြေပုံကူးလျှောက်ထားခဲ့ပြီး၎င်းမြေပုံကူးစာရွက်မှာ အိမ်ပြောင်းရွှေ့စဉ်ပျောက်ဆုံးသွားပါသဖြင့်ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဒဂုံမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၃/၂၈၆၈/၂၀(၂၈-၃-၂၀၂၀)ဖြင့်ရှင်းလင်းတင်ပြလာပါသဖြင့်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ဥတ္တရသီရိ အနောက်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧက၊ မြေကွက်အမှတ်(ဥ-၃၀၁၆)၊ ဦးစိုးနွယ် [၁၁/စတန(နိုင်)၀၀၄၃၁၅](ဘ) ဦးစောလှိုင် အမည်ပေါက်၊ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဖြိုးမွန်မွန်ဦး [၁၂/မဂတ(နိုင်)၀၉၇၆၄၉](ဘ) ဦးခင်မောင်ကြည်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၆၇၂၊ (၅-၆-၂၀၁၈) တင်ပြ၍ ဒေါ်စောသီတာမြင့်[၁၂/မရက(နိုင်)၀၃၇၀၇၇](ဘ) ဦးကျော်မြင့် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပုလဲမြို့သစ် မြေကွက်ရောင်းမည်

(၅၂၀)သိန်း ညှိနှိုင်း ☎09-43021002

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ရန်ပြေ) ရန်ပြေ(၂၀)လမ်း၊ မြေကွက်အမှတ် (၁၃၆၈/က)၊ အိမ်အမှတ်(၃/က)၊ ဧရိယာ(၂၀ ပေx ၆၀ပေ)ရှိ ဒေါ်ခင်မွှေ(၁၂/သကတ(နိုင်)၁၄၀၂၉၅) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်နှင့်မြေပေါ်ရှိနေအိမ် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်နှင့်နေအိမ်ကို ဂရန်အမည်ပေါက်သူ-ဒေါ်ခင်မွှေ ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ-ဦးစိုးလှိုင်(၁၀/မဒန(နိုင်)၁၂၅၅၂၉)က တရားဝင်ပိုင်ရှင်အဖြစ်အရှုပ်အရှင်းကင်းရှင်းစွာ လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက်ကျွန်ုပ်တို့၏မိတ်ဆွေ-ဒေါ်ဝင်းသုလှိုင်(၁၁/အမန(နိုင်)၀၅၇၇၆၉)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

ဦးသန့်ဇင် (LL-B)	ဒေါ်ဟန်စန္ဒာနိုင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)	အထက်တန်းရှေ့နေ(စဉ်-၂၇၅၅၇)
Ph-09 253995848 , 09-798420119	Ph-09-4200 73685

အမှတ်(၅၀) ပ-ထပ်၊ အခန်း(B-2)၊ ဘောက်ထော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/ဥတ္တရသီရိရပ်၊ မြေဧရိယာ (၀.၆၄၁) ဧက၊ မြေကွက်အမှတ် (ဥ-၂၀၉၁အေ) ဦးတင်လှိုင် [၁၃/လရန(နိုင်)၀၉၆၇၇၁] (ဘ) ဦးစံပ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်မေသက်ထွန်း [၉/အမဇ(နိုင်) ၀၀၄၇၆၉] (ဘ) ဦးစောထွန်းမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၈၃၄၄ (၃၁-၁၀-၂၀၁၉) တင်ပြ၍ ဦးအောင်သူရဝင်း [၉/ခအဇ(နိုင်)၀၁၄ ၃၆၀] (ဘ) ဦးဝင်းမောင်အမည်ဖြင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီမြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ စေတနာသုခလမ်း၊ (၃)ရပ်ကွက်၊ အမှတ်(၉၀/က)၊ အခန်းအမှတ်(6-D)၊ RoyalLand Company ကပိုင်ဆိုင်ပြီး ကျွန်ုပ်၏ မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချခဲ့ရာ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကျွန်ုပ်ထံသို့ ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နွေနှင်းအေး	ဒေါ်အေးအေးမြင့် (LL.B)
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၂၈၂၉၃)	(စဉ်-၁၁၈၀၆/၁၇)
Ph-09-788472183	Ph-09-5504154

အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ဦးအောင်သိန်း(ခ)ဦးယုံဝမ်း (ဘ)ဦးအိုင်ဖောင်ကွင်း (ဘီ/အာရ်ဂျီအန်-၀၀၉၃၀၆) အမှတ်(၁၇၀/၃)၊ ဒုတိယထပ်၊ ပထမသီရိရိပ်သာ၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူက ဦးထွန်းဝင်း(ဘ)ဦးကျော်ထွန်း[၁၃/သပန(နိုင်)၀၀၃၅၃၀]အား (၁၀-၁၂-၂၀၀၂)ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ပေးအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၃၃၃/၂၀၀၂)ဖြင့် လွှဲအပ်ခဲ့ပါသည်။ ဦးထွန်းဝင်း[၁၃/သပန(နိုင်)၀၀၃၅၃၀]အား လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဦးအောင်သိန်း(ခ)ဦးယုံဝမ်း
[ဘီ/အာရ်ဂျီအန်-၀၀၉၃၀၆]

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ မိုးမခလမ်း၊ မြေကွက်အမှတ်(၁၄၃၄/က)၊ မြေဧက အကျယ်အဝန်းပေ(၂၀x၆၀)၊ ဦးမြင့်အောင်(ISN-437977) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချခွင့်ရှိသူ ဒေါ်စန်းဝင်း[၁၂/ဗဟန(နိုင်)၀၇၁၃၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစည်သူဟိန်း[၁၄/ပသန(နိုင်)၂၀၂၀၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ကြိုတင်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အပြီးသတ် အရောင်းအဝယ်ပြုလုပ်မည့်ကိစ္စအား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစည်သူကျော် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၆၅၁၄/ ၇-၂-၂၀၁၁)
အမှတ် (၁၀၈၁)၊ ရှုခင်းသာလမ်း၊ ၆/ အရှေ့ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၉၉၉၄၈၈၉၃

ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ဥပဒေနှင့်အညီ လျှော့ချမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

TRU V Research Company Limited သည် ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၁၄၂၆၃၄၇၈)ဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီးလျှင် အမှတ်-၄၊ ဦးကျော်လှလမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိသော အများနှင့်မသက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖြစ်ပါသည်။

ကုမ္ပဏီ၏ မူလသာမန်အစုရှယ်ယာတစ်စုလျှင် ကျပ်(၁၀၀,၀၀၀)(ကျပ်တစ်သိန်းတန်)ဖြင့် အစုရှယ်ယာပေါင်း(၅၀၀)ရှိပြီး အစုရှယ်ယာမတည်ရင်းနှီးငွေတန်ဖိုးမှာ ကျပ်သိန်း(၅၀,၀၀၀,၀၀၀)တိတိ ဖြစ်ပါသည်။

ယခုအခါ ကုမ္ပဏီသည် အစုရှယ်ယာ အသစ်ထပ်မံထုတ်ဝေရာတွင် တစ်စုလျှင် ကျပ်(တစ်သိန်း) တန်အစုရှယ်ယာအရေအတွက်(၆၉၁၄)စု ထပ်မံရယူခဲ့၍ အစုရှယ်ယာတန်ဖိုးငွေကျပ်(၆၉၁,၄၀၀,၀၀၀) ဖြစ်ပါသည်။

ယခုအခါ ကုမ္ပဏီတွင် ကုမ္ပဏီမှအမှန်တကယ်ထုတ်ဝေသော အစုရှယ်ယာအသစ် အရေအတွက် ထက်အစုရှယ်ယာ(၆၂,၂၃၅)စု ကျော်လွန်နေခြင်းကြောင့် ကုမ္ပဏီတွင် မလိုလားအပ်သော နစ်နာမှုများ မဖြစ်ပေါ်စေရန်အတွက် ကုမ္ပဏီ၏ အစုရှယ်ယာအား လျှော့ချရခြင်းဖြစ်ပါသည်။

သို့ပါသောကြောင့် ကုမ္ပဏီ၏ လျှော့ချရမည့် အစုရှယ်ယာအရေအတွက်မှာ(၆၂,၂၃၅)စု ဖြစ်၍ အစုရှယ်ယာတန်ဖိုး ငွေကျပ်(၆,၂၂၃,၅၀၀,၀၀၀)သို့ လျှော့ချရမည်ဖြစ်ပါသည်။

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ သာမန်အစုရှယ်ယာအရေအတွက်နှင့် မတည်ငွေရင်းကို လျှော့ချမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များထံ ပေးပို့အသိပေးခြင်းအား မှတ်ပုံတင်အရာရှိထံသို့လည်း တင်ပြဆောင်ရွက်ပြီး ဖြစ်ပါသည်။

သို့ပါသောကြောင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)ပုဒ်မ(၁၁၆)ပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းကို ဥပဒေနှင့်အညီ လျှော့ချမည်ဖြစ်ကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်လတ်
မန်နေဂျင်းဒါရိုက်တာ
TRU V Research Co.,Ltd

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကာယ(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီ^၁)၊ မြေကွက်အမှတ် (၁/၁၁၅)၊ ဧရိယာ(၀.၁၅၅)ဧကရှိ ဦးမျိုးမြင့်ထွန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဦးမျိုးမြင့်ထွန်း[၁၃/ကတန(နိုင်)၀၁၁၆၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မျိုးအောင်၊ ဒေါ်သက်သက်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးမြင့်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၂၈)
အမှတ်-၉၇၊ ပထမထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၉၉၁၄၁

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဗိုလ်မှူးဗဟာဒင်လမ်း၊ မြေကွက်အမှတ်(၉၁၅)၊ မြေအကျယ်အဝန်း(၄၈x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ်အဝန်း(၂၈x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက် ပေါ်ရှိနေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေရာဌာနရှိ မြို့မြေတာရင်းတွင် ဦးဥာဏ်ဝင်းထွယ် (AC-၀၀၆၄၉၁)အမည်ဖြင့်အမည်ပေါက် မှတ်သားထည့်ပြီး ယခုရောင်းချသူ ဒေါ်ခင်အေးယု (၇/တပက(နိုင်)၀၀၀၀၇၈) မှ လက်ရှိပိုင်စိုက်တစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့စကားကမ်းလှမ်းလာရာကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စုမြတ်မောင် (LL.B) ၊ (စဉ်-၁၆၅၅၄)

တရားလွှတ်တော်ရှေ့နေ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ ဓမ္မာဒီပ(၂)လမ်း၊ မြေကွက်အမှတ်(၁၅၆)၊ မြေအကျယ်အဝန်းဧရိယာ(၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေရာဌာနရှိ မြို့မြေတာရင်းတွင် ဦးခင်မောင်မော် (AG-၀၃၈၀၃၈၆) အမည်ဖြင့် အမည်ပေါက်မှတ်သားထည့်ရှိပြီး ယခုရောင်းချသူ ဒေါ်လှလှဖြိုး (၁၂/ဥကတ(နိုင်)၀၆၉၈၈၅) မှ လက်ရှိပိုင်စိုက်တစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့စကားကမ်းလှမ်းလာရာကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စုမြတ်မောင် (LL.B) ၊ (စဉ်-၁၆၅၅၄)

တရားလွှတ်တော်ရှေ့နေ

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

ကြော်ငြာ

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထား သော "အောင်ဆုမွန်-၁" အမည်ရှိ ငါးဖမ်းရေယာဉ်(မှတ်ပုံတင်နံပါတ်-ON-5748(A)၊ စုစုပေါင်း တန်ချိန်-(၁၅၂.၈၇) အလျားပေ (၈၅.၅၈)၊ အနံ(၂၂)ပေ၊ ဝန်းလုံး(၄၂.၈၃) ပေအား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးဝင်းသိန်း(PPN- 066224)အမည်မှ ဦးမောင်မြင့်[၁၂/မဂတ(နိုင်)၀၃၁၂၀၀]၊ အမှတ်(၂၂/၂၄)(ဘီ)၊ စမုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆိုလာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "အောင်ဆုမွန်-၄၇" အမည်ရှိ ငါးဖမ်းရေယာဉ်(မှတ်ပုံတင်နံပါတ်-ON-3976၊ စုစုပေါင်း တန်ချိန်-(၁၅၇.၁၈) အလျားပေ (၈၀.၁၇)၊ အနံပေ(၂၃.၄၂)၊ ဝန်းလုံး (၄၄.၅၀)ပေအား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးကျော်ကျော်စန်း[၁၂/ လမတ(နိုင်)၀၀၂၇၂၆]+ ဒေါ်ယုယုဌေး[၁၂/လမတ(နိုင်)၀၂၄၁၂၃]အမည်မှ ဦးမောင်မြင့်[၁၂/မဂတ(နိုင်)၀၃၁၂၀၀]၊ အမှတ်(၂၂/၂၄)(ဘီ)၊ စမုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင် အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက် ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သမာဓိ(၂)လမ်း၊ အမှတ်-၃၄၄ဟု ခေါ်တွင်သည့် အလျား ၅၁.၅'xအနံ ၁၃'ခွဲရှိ မြေနှင့်မြေပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင် သီးပင်၊ စားပင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်သူဒေါ်တင်ရွှေ[၁၂/မရက(နိုင်)၀၃၃၉၇၃] နှင့် ဒေါ်ဝင်းဝင်းသန်း[၁၂/မရက(နိုင်) ၀၃၉၇၂၁]တို့ထံမှ ဦးတင်ကိုမင်း[၁၂/ဥကတ(နိုင်)၁၀၀၈၈၇]က အပြီးအပိုင်လက်ရောက် ဝယ်ယူရန် ရောင်းကြေးငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုအိမ်မြေ ဥပစာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံ (၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုအိမ်မြေဥပစာကို ရောင်းကြေးငွေအပြေအကျေပေးချေပြီး ဥပဒေနှင့်အညီ ဝယ်ယူသူမှ လက်ရောက်ရယူသွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
Daw Sandar Tun(LL.B)
Advocate-16472/8-1-2020
55,Maharbandoola Garden St, Kyauktada T.S,Yangon. Ph:09-420448599

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ သံဈေးအတွင်းရှိ ဒုတိယထပ်၊ ဆိုင်အမှတ် (၄၂)၏ဆိုင်ခန်းအငှားချထားခံရသူ ဒေါ်သန်းသန်းအေး [၁၂/လသန(နိုင်)၀၁၈၃၆၁] ထံမှ (၂၀-၁၀-၂၀၁၉)ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိ စာချုပ်ဖြင့်လည်းကောင်း၊ လသာမြို့နယ်၊ သံဈေး၊ ဒုတိယထပ်၊ ဆိုင်အမှတ် (၂၁၉)၏ ဆိုင်ခန်းအငှားချထား ခံရသူ ဒေါ်ခင်မြင့် [၁၂/လသန(နိုင်)၀၀၄၀၂၇] ထံမှ ၂၅-၁၀-၂၀၁၉ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးဇော်မျိုးသန့် [၁၂/လသန (နိုင်)၀၀၁၅၄၈]မှ အမည်ပြောင်းလျှောက်ထား၍ ဆိုင်ခန်းအမည်ပြောင်းစာအုပ် အသစ် ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့် သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မျိုးသန့် ဖုန်း-၀၉-၄၄၃၂၀၂၄၄၇

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မလစ်အနောက်ကျေးရွာရှိ အကျယ် အဝန်း တောင်မှမြောက်သို့ မျက်နှာစာ(၆၀)ပေ၊ အရှည်(၁၄၀)ပေခန့် (အနံပေ ၆၀၊ တောင်မြောက် ၆၀ပေ၊ အလျားပေအရှိ) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ပိုင် ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကံထူး [၁၂/လကန(နိုင်)၀၄၆၉၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါ သည့်ရက်မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်အေးမင်းသန့်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၅၉)
Thant Law Firm အမှတ်-၄၉၂(ခ)၊ အခန်း ၄၀၂၊
ခပေါင်းလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၀၂၇၈၃၃
aye.m.thant.lawyer007@gmail.com.

အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က-၁)လမ်း၊ အမှတ်(၁၃)၊ (၂)ခန်းတွဲ RC (၅)ထပ် အဆောက်အဦ၏ (ဒုတိယထပ်)၊ (၃-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ယာဘက်ခန်း)၊ ဧရိယာ(၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဖြစ်သော ဦးစန်းလွင်[၉/ပမန(နိုင်)၀၂၆၂၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစအောင် အောင်ထွေး[၁၄/ကပန(နိုင်)၁၈၉၉၁၅]၊ ဒေါ်နော်ဆဲခူ [၁၄/ဟသတ(နိုင်)၂၅၀၀၄၃] တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထား ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးစအောင်အောင်ထွေး၊ ဒေါ်နော်ဆဲခူတို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဖြိုးအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)
Ph-09-421157856, 09-798458627
Level(5,6,7,8), Tower (2), HAGL Myanmar Center Tower, အမှတ်(၁၉၂)၊
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

သင့်သွေးဖြင့် အသက်ကယ်ပါ

ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ စံကင်းကျေးရွာနေ အထက(စံကင်း)ဒသမ တန်းမှ မောင်ဇူလိုင်မင်းနိုင်၏ ဖခင် အမည်မှန်မှာ ဦးဝင်းနိုင် [၁၄/ဓနဖ (နိုင်)၁၀၇၂၇၇]ဖြစ်ပါသည်။

ဖခင်အမည်မှန်

တွံတေးမြို့နယ်၊ အထက (ခွဲ)၊ ခရမ်း၀၊ Grade10 မှ မောင်အောင် မြင့်မိုရ်၏ ဖခင်အမည်မှန်မှာ ဦးရင်ထွေး ဖြစ်ပါသည်။

ဖခင်အမည်မှန်

တွံတေးမြို့နယ်၊ အထက(ခွဲ)၊ ခရမ်း၀ Grade 4 မှ မယွန်းဝတီလှိုင် နှင့် ဒသမတန်းမှ မနှင်းဥဖြူတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက် ဖြစ်ပါသည်။

ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့ နယ်၊ သရက်နှစ်ခွရွာနေ အထက(ခွဲ) သရက်နှစ်ခွ၊ ဒုတိယတန်းမှ မယွန်းကေ ဇင်၏ဖခင် ဦးဟန်စိုး၏ အမည်မှန်မှာ ဦးဖေစိုး [၆/လလန(နိုင်)၁၁၀၈၅၀] ဖြစ်ပါသည်။ **ဦးဖေစိုး**

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးချိုအေး[၁၄/ဓနဖ(နိုင်) ၀၉၂၆၂၅]၏ ပဋ္ဌမကန်း လက်မှတ် (စမပ-၁၁၃/၂၀၁၃)နှင့် သင်္ဘော သားမှတ်တမ်းစာအုပ် အမှတ် (ရန်-၉၃၀၂/၁၅)တို့မှာ ပျောက်ဆုံးသွားပါ ကြောင်း။ ဖုန်း-၀၉-၄၂၃၅၅၁၁၉

ဖခင်အမည်မှန်

ဖျာပုံမြို့၊ အထက(၄)၊ (Grade-7) မှ မခင်သူသူအောင်နှင့် (Grade-4)မှ မောင်ဖွဲ့ပြည့်မောင်တို့၏ ဖခင် အမည်မှန်မှာ ဦးရဲမြင့် ဖြစ်ပါ ကြောင်းနှင့် ဦးရဲမြင့် [၁၄/မမက (နိုင်)၃၁၅၅၈၉]၏ ဖခင်အမည် မှန်မှာ ဦးမာလဲ ဖြစ်ပါကြောင်း။

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၇-၂၀၂၀ ရက် ကြေးမုံသတင်း စာကြော်ငြာ စာမျက်နှာ (၂၈)ပါ ဦးမင်းကြည်၏ဇနီးမယားအဖြစ်မှ မသက်ဆိုင်ကြောင်း ကြော်ငြာတွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အားလုံးကို လုံးဝ(လုံးဝ) တာဝန်ယူ မည်မဟုတ်ပါဟု ပြင်ဆင်ဖတ်ရှုပါ ရန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-13U/7646၊ အမျိုးအမည် -BAJAJ RE45 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောစု[၆/လလန(နိုင်)၀၈၄၆၂၈]က မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံးသဖြင့် မိတ္တူထုတ်ပေးရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လို ပါလျှင် ခိုင်လုံသည့် အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ခရိုင်ရုံး ကော့သောင်း

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက် ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁/ ပေါင်းလောင်း-၁၊ ဧရိယာ(၀.၁၅၅)ဧကရှိ ဦးဝင်းဌေးအမည်ပေါက် ဦးပိုင်/မြေကွက် အမှတ်(၃၃၃/၆၆၃)အား ဝယ်ယူထားသူ ဦးအောင်ကျော်ဦး[၅/ဝလန(နိုင်)၁၃၃၄၇၄] မှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေး ကော်မတီမှ လူနေထိုင်ရန် တရားဝင်ချ ထားပေးသောအိမ်ဝိုင်းကွက်ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေး ကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်း များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထား လာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက် အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော် မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဌာနမှလုပ်ထုံး လုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားမှုအား ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကျောင်းအလှူ လှူဒါန်းနိုင်

သာကေတမြို့၊ အောင်စကြာမိုးကုတ်ဝိဿနာ ဓမ္မရိပ်သာ ကိုယ်ပိုင်ယောဂီခန်း ကျပ်(၁၂၅)သိန်း၊ ဓမ္မသဘင်ခန်းမ ဆောင် (၁၀)ပေတစ်ခန်းကျပ်သိန်း(၅၀)၊ ထေရာဝါသစ် ကျောင်း ကျပ်သိန်း(၁၅၀)၊ လှေခါးတခွင် ကျပ်(၂၅)သိန်း၊ တံခါးတစ်ပေါက် ကျပ်(၆)သိန်း လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။ ကိုယ်ပိုင်ယောဂီခန်း(၂၀)သာကျန် ရှိပါသည်။ ကောင်းမှုရှင်များအား ကမ္ပည်းမှတ်တမ်း ရေးထိုးပေးပါမည်။ ဖုန်း-၀၉၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈

အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

ချင်းပြည်နယ်၊ ဟားခါးမြို့၊ အမှတ်(၃၆၃)၊ ဗိုလ်ချုပ်လမ်း၊ ဈေးသစ် ရပ်ကွက်တွင် ဖွင့်လှစ်ထားသော Capital Hakha ကုမ္ပဏီအမှတ် 109515728 သည် (၂၄-၇-၂၀၂၀)ရက်တွင် ကျင်းပသည့် ကုမ္ပဏီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာ အရေအတွက် ၁၀၀၀ (တန်ဖိုးကျပ်သိန်းငါးထောင်) မှ အစုရှယ်ယာအရေအတွက် ၁ (တန်ဖိုး ကျပ်ငါးသိန်း)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ သဇင်ပန်းလမ်း၊ အမှတ်(၁၈)၊ ၃-လွှာ(ဘီ)၊ အကျယ်အဝန်း(၁၆ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ခိုင်ခိုင်ဆွေ[၁၂/လမတ(နိုင်)၀၂၆၄၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စုမြတ်မွန်(LL.B)(စဉ်-၄၈၂၇၁) အထက်တန်းရှေ့နေ
အမှတ်(၄၄)၊ ပ-ထပ်၊ အခန်း(၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၉၄၄၆၅၂၄

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီဟ(၁၀)လမ်း၊ အမှတ်(၃၃၄- ၃၃၅/က)မြေပေါ်ရှိ နှစ်ခန်းတွဲ (၅)ထပ်တိုက်၊ ခေါင်းရင်းခြမ်း မြေညီထပ်အကျယ်အဝန်း(၁၂ပေခွဲ x ၅၁ပေ)ရှိတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်မောင်စင်း [၁၂/ကမတ(နိုင်)၀၀၁၈၈၇]ထံမှ ဦးကိုကိုနိုင် [၁၂/အဂတ(နိုင်)၀၈၀၂၈၅]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့် မြေပိုင်ရှင်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းထွဋ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၇၃)
ဖုန်း-၀၉-၅၁၀၆၂၈၅၂

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ကနောင်ပန်းခြံ(၈)ရပ်ကွက်၊ ကနောင်(၁) လမ်း၊ အမှတ်(၄၁၆/က)ဟု ခေါ်တွင်သော အလျားပေ (၂၀)၊ အနံပေ (၆၀)ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ ပျဉ်ထောင်အိမ်အား အမည်ပေါက်ပိုင်ဆိုင်၍ လက်ရှိနေထိုင်လျက်ရှိသူ ဦးတင်အောင်[၁၂/အစန(နိုင်)၁၂၈၁၁၂]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအိမ်/ မြေနှင့်ပတ်သက်၍ အခွင့်အရေးတစ်စုံတစ်ရာရှိသူဟု အဆိုရှိသူ မည်သူမဆို ဤကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများ နှင့်အတူ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစိန်း	ဒေါ်ခင်နီနီလှိုင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၀၄၈/၈၇)	အထက်တန်းရှေ့နေ(စဉ်-၃၉၁၁၂/၁၂)
ဖုန်း-၀၉-၂၅၄၆၀၉၂၄၉၊ ၀၉-၆၉၁၆၈၂၉၀၇	ဖုန်း-၀၉-၂၅၆၃၂၃၀၂၄

အမှတ်(၅၅)၊ အခန်း(၁၅/က)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကျေးရွာအမည်-တပ်ကြီး ကုန်း၊ ကွင်းအမှတ်-၅၇၆(က)၊ ကွင်းအမည်-အင်းလျှက်၊ ဦးပိုင်အမှတ်- ၃၀/၃(ခ)၊ ဧရိယာ(၀.၃၄)ဧကခန့် အကျယ်အဝန်း ပေ(၁၀၀x၁၅၀)ခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ တပ်ကြီး ကုန်းကျေးရွာ၊ ဘောဂဗလလမ်းဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ကြည်ဝင်းဟန်[၁၂/ လမန(နိုင်)၀၂၃၈၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက် ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာ ပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော်ဝင်းဦး(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၂၇)၊
အမှတ်(၁၀၆)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၈၀၁၈

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ကြော်ငြာစာအမှတ်၂/၂၀၂၀
၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ၂၄ရက်

အကြောင်းအရာ။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှခေါ်ယူသောအငယ်တန်း အင်ဂျင်နီယာ(၂) ရာထူးရေးဖြေစာမေးပွဲ ကျင်းပမည့်နေ့ရက် အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ၃-၆-၂၀၂၀ရက်စွဲပါကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့်ကြော်ငြာခေါ်ယူခဲ့သည့် အငယ်တန်းအင်ဂျင်နီယာ(၂)(၉၃)နေရာအတွက် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(က) ရက်စွဲ - ၁၆-၈-၂၀၂၀ ရက် (တနင်္ဂနွေနေ့)
(ခ) အချိန် - (၉:၀၀)နာရီမှ (၁၁:၀၀)နာရီအထိ အင်္ဂလိပ်စာဘာသာရပ်
(၁၃:၀၀)နာရီမှ (၁၅:၀၀)နာရီအထိ အင်ဂျင်နီယာဘာသာရပ်
(ဂ) နေရာ - နေပြည်တော်

၂။ အဆိုပါ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ၁၃-၈-၂၀၂၀ရက်နေ့မှ ၁၅-၈-၂၀၂၀ရက်နေ့အထိ နံနက်(၉:၀၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ ရုံးချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ စီမံခန့်ခွဲရေးဌာနသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ လူကိုယ်တိုင်လာရောက်ထုတ် ယူနိုင်ပါသည်။

၃။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အောင်မြေဗေဒါနာ

အကျိုးဆောင်လုပ်ငန်း အမြဲနီ ရောင်းမည်

အင်းယား Hill Top Vista Condo, M-3 (ပြင်ဦး)	(1997-Sqft)	4700.L
ကမာရွတ်၊ Time City Condo, M-1,B-2	(1600-Sqft)	4000.L
ဒဂုံ၊ E Condo, M-2,B-1,AC-4(ပါမော)	(2400-Sqft)	3580.L
TheCentral-အဆင့်မြင့်ကွန်ဒို,M-1,B-1 (ပြင်ဦး)	(1286-Sqft)	3500.L
တာမွေ၊ ERC Condo, M-1,B-2 (ပြင်ဦး)	(1545-Sqft)	3100.L
Green Inya Condo(II) M-1,B-2 (ပြင်ဦး)	(1450-Sqft)	2750.L
ရန်ကင်း ရွှေမိုးကောင်းကွန်ဒို,M-1,B-2(ပြင်ဦး)	(1580-Sqft)	2600.L
